
www.burmeseclassic.com



SLN
ဆုမလေးနွယ်
စာပေ

လုံးချင်းဝတ္ထုသစ်

ဆုလေးနွယ်
(ရန်ကုန်တက္ကသိုလ်)

# သတို့သားနေရာမှန်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဆုငယ်းနွယ်

သတို့သားနေ့ရမှန်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မင်းထယ်နေလင်းက ရေမိုးချိုး အဝတ်အစားလဲပြီးနောက် ခေါင်းဖြီးကာ ရေမွှေးဖျန်းလိုက်သည်။

မနက်ဖန်ဆိုရင် သူ့အလုပ်စဝင်ရတော့မည်။

"ပါဝါဆဲဗင်း" ကုမ္ပဏီလီမိတက်ပိုင် ဆောက်လုပ်ရေးလုပ်ငန်းခွင်ဆိုဒ်ထဲမှာ သူတနေကုန် နေရမှာမို့ ဒီနေ့တော့ ကိုယ်ပိုင်အချိန်လေးကို လွတ်လပ်စွာသုံးစွဲဦးမည်။

ရန်ကုန်မြို့ရဲ့ ပလက်ဖောင်းတွေပေါ် လမ်းမလျှောက်ရတာလည်း ကြာခဲ့ပြီ။ ပလာဇာတွေ ရှော့ပင်းမောတွေလည်း

www.burmeseclassic.com

www.burmeseclassic.com



တပတ်လောက်တော့ ပတ်ရဦးမည်။ ပြီးလျှင် ဘိလပ်မြေလက်ဆက်ခန်းကာ ခန်းဝင်ချင်ဝင်. . . ။ မဝင်ချင်လည်း အင်တာနက်ကဖေးလေးတစ်ခုမှာ ဂျောက်ချမည်။

ညစာကိုလည်း အပြင်မှာပဲ စားမည်။

မင်းထယ်က မှန်ယံကြည့်တာ တစ်ချက်ပြုံးလိုက်မိသည်။

အခုတော့ သူဟာ အလုပ်အကိုင် အတည်တကျနဲ့ ဝင်ငွေအတန်အသင့် ပိုင်ဆိုင်သူတစ်ယောက် ဖြစ်ခဲ့ပြီလေ. . . ။

စက်ဝိုင်းက သူ့ကိုဆိုဒ်မန်နေဂျာခန့်သည်။

ပြီးတော့ တစ်လစာငွေကြို ထုတ်ပေးသည်။

ရန်ကုန်မှာ ဘိုက်ခန်းလည်း စီစဉ်ပေးသည်။

ဘာလိုသေးလဲ. . . ။

မန္တလေးက အဖေ့အမေ့ထက်စာရင် ဟန်ကျပြီလို့ဆိုနိုင်သည်။

အကြွေးကိုလည်း လစဉ်ငွေပို့ဖေးနိုင်တော့မည်။

မင်းထယ်စိတ်တွေ ပျော်ရွှင်ပေါ့ပါး တက်ကြွနေသည်မှာအမှန်ပင်ဖြစ်သည်။



စက်ဝိုင်း. . . . စက်ဝိုင်း. . . . . ။

အခုတော့ စက်ဝိုင်းဟာ သူငယ်ချင်းအဆင့်ထက်ပိုသွားပြီ. . . ။

သူ့အလုပ်ရှင်. . . တနည်းအားဖြင့် ကျေးဇူးရှင်ပေါ့. . ။

ဒီဝိုင်းကလန်ပြီး လူကမာရေကြောရေနှင့် အပိုမကျိုးပဲစောင့်ကြွားကြွား ဂွတ်ဆတ်ဆတ်ဆိုပေမဲ့ စိတ်ရင်းကကောင်းသည်။ လက်ဖွာသည်။ ရက်ရောသည်။ သူ့စိတ်ထဲကွ့ပြီဆိုရင် အဲဒီလူအပေါ် အင်မတန်ကောင်းပါသည်။

မင်းထယ်သည် စက်ဝိုင်းအကြောင်း ခေါင်းထဲတွေးရင်းပဲ အခန်းထဲကထွက်၊ တံခါးပိတ်ဖို့ သော့ယူသည်။

ဝတ်ထားတာက မီးခိုးဖျော့ရောင် ရှပ်အကျီ လက်ရှည်မီးခိုးရင့်ရောင် စတိုင်လ်ဘောင်းဘီအပွမို့ ရှူးဖိနပ်ပဲ စီးဖို့ယူလိုက်သည်။

ဖိနပ်ကို မစီးခင် ခြေအိတ်ကိုအရင်စွပ်သည်။

ပြီးလျှင် ဖိနပ်ကိုကြွပြားခင်ပေါ် ချကာ မစီးသေးပဲ အခန်းကိုဖို့ မိန်းချဖို့ ဒီဖက်တင် အကွေ့လေးကို လျှောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးပိတ်၊ မိန်းချပြီး လှည့်တွက်ဖို့ပြင်ချိန်မှာပင် . . . ။

"မောင်ရေ. . . မောင်. . . . ဖုန်းမြည်နေပြီ မောင်ရဲ့ . . . . မောင် ဖုန်းကိုင်လိုက်ဦးလေ. . . မောင့်ဖုန်းမြည်နေပြီ မောင်ရဲ့. . . "

ထွက်ပေါ်လာသောအသံကြောင့် သူမျက်ခုံးပင့်လျှက် နှုတ်ခမ်းတွေပြုံးသွားရသည်။

ဖုန်းမြည်သံကလည်း ကြည့်ဦး. . . . ။

မောင်ရေ . . . . မောင်ရေနှင့် တမောင်တည်း မောင်နေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ချစ်စဖွယ်အသံ ဖြစ်နေသည်။

ဒါ့သူကို စက်ဝိုင်း တမင်နောက်ပြီး ဒီအသံသွင်း ပေးသွားတာပေါ့. . . . ။

သူကလည်း ဒီမနက်မှစတင်ကိုင်ခွင့်ရတဲ့ GSM ဖုန်းလေးကို ရစ်း Ring မပြောင်းမိသေးဘူးလေ

ဖုန်းကအခုမှ စကိုင်တော့ နည်းနည်းတော့ ယောင် ချာချာ ဖြစ်နေသေးသည်။



ဒီဖုန်းကိုလည်း စက်ဝိုင်းပဲ ဝယ်ပေးတာပါ. . . . ။

သူ့ဆီ ဖုန်းဆက်မယ့်သူဆိုတာလည်း စက်ဝိုင်း တစ်ယောက်ပဲရှိသေးတော့ မင်းထယ်က အေးအေးဆေးဆေး ပင် ဖုန်းဘက်ထရီသွင်းထားထဲ့ စားပွဲနား ဖြေးဖြေးပဲ လျှောက် လာသည်။

"မောင်ရေ. . . ၊ ဖုန်းကိုင်လိုက်ပါအုံး၊ မောင် မကြားဘူးလားဟင်. . . "

အသံချိုလေးက တွက်ပေါ်နေဆဲ. . . . ။

မင်းထယ်က ဖုန်းကိုဖွင့်နားထောင်လိုက်သည်။

"ဟဲ့ . . . နေလင်း၊ ငါပါ. . . ငါ. . ၊ ကောင်စုတ်. . နင် အဘွားကို ဘာတွေသွားကျပ်တာလဲ. . . ၊ နင်ဟာလေ ကောင်းကိုမကောင်းဘူး . . . ၊ အရင်အတိုင်းပဲ နင်သိချင်ရင် ငါ့ကို အရင်မေးမြန်းပါဦးလားဟဲ့. . . ငါကပဲ ရည်းစားခိုးထား နေသလိုလိုနဲ့၊ ဟွန်း. . . . ၊ နင်တွေ့လိုက်တဲ့လူက အဘွား ကိုယ်တိုင်သဘောတူတဲ့သူပဲ. . . ၊ သူနဲ့အပြင်ထွက်လည်ဖို့ အဘွားကိုယ်တိုင်ခွင့်ပြုတာဟဲ့. . . ၊ နားလည်ရဲ့လား. . .

www.burmeseclassic.com

www.burmeseclassic.com



တကထဲ၊ သူက အဘွားကို သွားတိုင်ရတယ်လို့ . . .၊ နှင်လုပ်ပုံနဲ့ ငါတကယ် ဘဲထားရင်တော့ သေပြီပဲ. . . ."

မင်းထယ်သည် အင်မတန် စကားသွက်သော မိန်းကလေး တစ်ယောက်ရဲ့ မွှင့်မွှင့်လင်းလင်း ပြောမနာ ဆိုမနာ လေသံကြောင့် အံ့အားသင့်သွားမိသည်။

တစ်ဖက်က စကားတွေ အဆက်မပြတ်နှင့် စက်သေနတ်ပစ်သလို ထွက်လာတော့ သူလည်း ဆွံ့အပြီး အလိုက်သင့် နားထောင်နေမိသည်။

နေစမ်းပါဦး. . . .။

သူမက ဘယ်သူလဲ. . .။

"ဟဲ့. . . မနေလင်းတဲ့. . . ."

သူ့နာမည်ကိုရော ဘယ်လိုသိတာလဲ. . .၊ မင်းထယ် နေလင်းကို မိန်းကလေး သူငယ်ချင်းတစ်ချို့က နေလင်းဟု အဖျားဆွတ်ခေါ် တတ်ကြသည်။ အမှန်မှာ မင်းထယ် ဇဝေဇဝါနှင့် ငြိမ်နေမိတော့. . . .။

သို့သော် ဒီအသံကိုတော့ သူမကြားဖူးတာ သေချာသည်။



ပြီးတော့ သူ့မှာ တရင်းတနှီး နှင်ငါနှင့်ပြောတဲ့ သူငယ်ချင်းမလေးတွေဆိုတာလည်း များများစားစား မရှိလှပါ။

တစ်ခုခုတော့ လွဲမှားနေပြီ. . .။

"ဟက်လို . . . ခဏလေး"

သူမရဲ့ စကားသံကိုဖြတ်ပြီး ကြားဖြတ်ဝင်လာတဲ့အသံကြောင့် အမရာဝတ်မှုန်မှာ လျှာလေးတစ်လစ်ထုတ်လျှက် ပုခုံးလေး ကျုံ့သွားရသည်။

ဘုရားရေ. . . ဒီအသံ ဩဩတည်တည်ကြီးက ဘယ်သူလဲ. . .။

"အခု ဘယ်ကိုဆက်နေတာလဲခင်ဗျာ. . ."

"ရှင်"

နောက်တစ်ခွန်းမှာတော့ "နေလင်းမဟုတ်ဘူးဆိုတာ" မရော သေချာသွားသည်။

"ဘယ်သူနဲ့ ပြောချင်တာလဲ"

"နေလင်းနဲ့ပေါ့. . . နေလင်းမရှိဘူးလား. . ."

"ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ . . . ခေါ်ပေးလေး . . . ၊ ရှင်ဘာလို့ ငြိမ်ပြီး နားထောင်နေရတာလဲ . . ."

"အဲ . . . ဟို . . . ကျွန်တော်က နေလင်းပါ . . ."

"ဘာ . . . ရှင် မနောက်နဲ့နော် . . . ၊ ရှင်က ဘယ်သူလဲ၊ နေလင်းသူငယ်ချင်းလား၊ ကျွန်မ သူနဲ့ပဲ ပြောမှာ ဖုန်းအခုပေးလိုက်ပါ . . ."

"ဟာ . . . ပြဿနာပဲ"

"ဘာက ပြဿနာဖြစ်တာလဲ . . . နေလင်းဖုန်း နေလင်းကိုပေးလိုက်ပေါ့ . . . ရှင်လူမှုရေး နားမလည်ဘူး လား . . ."

"ဒီမှာ . . . ခင်ဗျား စွပ်မပြောနေနဲ့လေ။ မှားတာက ခင်ဗျား"

"အောင်မာ . . . သူကနေရင်းထိုင်ရင်း နေလင်းဝင် လုပ်နေပြီးတော့မျှား . . . လာလာချည်သေး"

"နေလင်းဝင်လုပ်စရာမလိုဘူး . . . ၊ နိုင်ငံသားကဒ်ပြား ထဲမှာလည်း ဒီနာမည်ပဲ . . . "မင်းထယ်နေလင်း" . . ၊ မန္တလေး



သား၊ ဒီနေ့မှ ဒီဖုန်းကို စ,ကိုင်တာ . . . ဒါကြောင့် ခင်ဗျားကို ရှင်းအောင်မေးနေတာ . . ."

"ဟောတော့ . . ."

"ဘာဟောတော့လဲဗျ . . . ခင်ဗျားအသံ ကျွန်တော် မသိတာတော့ သေချာတယ် . . . ခင်ဗျားဘယ်သူလဲ"

"ရှင်က ဘယ်သူ . . . မင်းထယ်နေလင်း . . . ဟုတ်လား . . ."

"ဟုတ်တယ် . . . မင်းထယ်နေလင်း"

"ဒါဆိုရင် ဆောရီး . . . နာမည်တူနေတာထင်တယ် . . . ကျွန်မသူငယ်ချင်းက ရိုးရိုးနေလင်းပဲ . . ."

"ဒါဖြင့် ဖုန်းနံပါတ်ကရော . . ."

"ဖုန်းနံပါတ်က 514 .... 628"

"ကျွန်တော်က အိတ်တူး . . ."

"ကျွန်မက တူးအိတ်ကိုခေါ်တာ . . ဆောရီး"

အမရာဝတ်မှုန်သည် သူ့အမှား သူသိလျှင် အသံတိုးကိုးနှင့် ဆောရီး ရေရွတ်ကာ အသာလေးဖုန်းချလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဖက်မှာ မျက်မှောင်ကုပ်ကုပ်နှင့် ငြိမ်သက်သွားရသူဟာ မင်းထယ်ပဲဖြစ်သည်။

ဖုန်းမှားတာတဲ့လား။

တူးအိတ်ကို ခေါ်တာတဲ့ . . . တူးအိတ်မှာနေရာ နေလင်းပဲတဲ့လား . . . ။

အားပါး . . နာမည်တွေကလည်း တိုက်တိုက်ဆိုင်ဆိုင်တွေ။

နူးညံ့ပေမဲ့ စွာကျဲကျဲဖြစ်နေတဲ့ အသံကလေးက ချစ်စရာကောင်းသည်။

မင်းထယ်က သူမဆီကကြားလိုက်ရသော စကားလုံးလေးတွေကို တစ်ခွန်းချင်း ပြန်စဉ်းစားကြည့်မိသည်။

နုပ်တွေ့လိုက်တဲ့ သူကအသွားကိုယ်တိုင် သဘောကျတဲ့သူပဲတဲ့ . . . ။

ဒါဖြင့် သူမဟာ အိမ်ထောင်မပြုရသေးတဲ့ မိန်းမပျိုလေး တစ်ယောက်ပဲပေါ့ . . . ။

ပြီးတော့ သူမရဲ့ ဖုန်းနံပါတ်က မင်းထယ်ဖုန်းထဲ



အလိုလိုဝင်သွားခဲ့ပြီ . . ။

တမင် ဖာတ်လမ်းရှာပုံတော့ မရပါဘူး။

ဒါပေမဲ့ ရန်ကုန်က ကောင်မလေးတွေက လျှော့တွက်လို့မရဘူးတဲ့ . . . ။

ရေလှိုင်းရဲ့စကားကိုလည်း မှတ်မထားလို့ မဖြစ်။

ရေလှိုင်းက ပွဲစားဆိုတော့ သူ့ထက်အများကြီး ပိုပြီး လှုရည်လည်သည်။ ပါးပါးနပ်နပ်ရှိသည်မဟုတ်လား။

နောက်တစ်ပတ်လောက်ဆို ရေလှိုင်းလည်း မန္တလေးက ထွက်လာမှာပဲလေ . . . ။

ရေလှိုင်းရောက်ရင် သူလည်း အဖော်ရပြီ . . ။

မင်းထယ်ဖက်ကတော့ ဒီကောင်မလေးဖုန်းကို ပြန်မခေါ်ရဲပါ . . . ။

ရေလှိုင်းရောက်လာမှပဲ တိုင်ပင်ကြည့်ရသေးတာပေါ့။

ထပ်ပြီးတော့ အသံလေးကြားချင်သေးတာကို မင်းထယ်ဝန်ခံရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့အသံလေးက တရင်းတနှီးနဲ့ဘယ်လိုလေးမှန်းမသိ သူ့ရင်ထဲ တိုးဝှေ့နေရဆဲဖြစ်သည်။

ပြီးတော့ သူ့ရဲ့ပထမဦးဆုံး ဖုန်းမြည်သံလေးကို ရင်ထဲမှာ မှတ်မှတ်ရရဖြစ်သွားသည်။

အမည်မသိ ကောင်မလေးရယ်. . . ။

ဖုန်းမှားတာမဟုတ်ဘဲ မင်းဖက်က ငါ့ကို ဇာတ်လမ်းရှာတာဆိုရင် သိပ်ကောင်းမှာပဲ. . . ။

* * * * *

အမရာဝတ်မှုန်က ဖုန်းချပုခုံးတွန့်ရင်း မျက်နှာလေးမှာ မျက်ခွံနွေး ခံစားချက်နှင့် ပူထူသွားရသည်။

ကြည့်ပါဦး . . . . စိတ်လောသွားပြီး ဝတ်မှုန်အကြောင်းတွေ လျှောက်ပြောလိုက်မိတယ်. . . ။

သူ့ဖက်က အသံကိုတော့ အရင်နှားမထောင်မိဘူး။

အို . . . . ရှက်စရာပဲ. . . ။

သူဘယ်လိုထင်သွားမှာပါလိမ့်. . . . ။

မင်းထယ်နေလင်းတဲ့. . . . ။

www.burmeseclassic.com

www.burmeseclassic.com



အနေရးထဲ နေလင်းနဲ့လည်း နာမည်တူနေရသေးတယ်။

နာမည်ကိုက တူနေတာတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ပြီးတော့ . . . ကြည့်ဦး . . . ။

ဖုန်းနံပါတ်ချင်းကလည်း နောက်ဆုံးဂဏန်းနှစ်လုံးက ဟိုဖက်ဒီဖက်လေးပဲ လွဲတာ . . . ။

အိတ်တူးနဲ့ တူးအိတ် . . . ။

ဒါ . . . မှားခေါ်မိတဲ့သူ အပြစ်လား . . . ။

မဟုတ်ပါဘူးနော်။ မတော်တဆ မှားနိုင်တာပဲ . . . ။

သူက ဖုန်းမှားတာကို အလွယ်တကူ ယုံကြည်ပါ့မလား။

ဒီငနောင်မလေး ငါနာမည်ကိုသုံးပြီး ငါ့ဖုန်းလည်း သိနေလို့ တမင်တကာ ပုံမှားရိုက် ဇာတ်လမ်းရှာတယ် ထင်ရင် ထင်မှာ . . . ။

ထင်မယ်ဆိုရင်လည်း သူ့ဖက်က ထင်စရာကောင်းစရာ မဲလေး . . . ။

နေလသံကိုက . . . ကီဘာဝင်မြင့် . . . ဟွန်း . . .

သူကိုယ်သူ မန္တလေးသားတဲ့ . . . ကြောင်ကြောင်က အဆင်



ဝင်လိုက်သေးတယ် . . . ။

အသံနေ အသံထားမှာ ပြတ်သားကြည်လင်ပြီး ညို့ဓာတ်အပြည့်ရှိလှတာကိုတော့ ဝတ်မှုန် အသိအမှတ်ပြုရပါသည်။

နားထောင်ကောင်းသောအသံ သြဇာတမျိုး ပါဝင်သည်။

နေလင်းဖုန်းကို အလွတ်ရနေတာမို့ သူ့ဖုန်းနံပါတ်ကိုလည်း အလိုလိုစိတ်ထဲမှတ်မိပြီးသား ဖြစ်သွားရပြီ . . . ။

ကိုရွှေမန္တလေးသားရဲ့ ဖုန်းထဲမှာလည်း ဒီဖက်က ပါတ်က ရှိသွားခဲ့ပြီပေါ့ . . . ။

ဝတ်မှုန်ရင်ထဲ ဆာမျိုးလေး လှုးလွန့်ရင်ခုန်သည် ယုံဆီကို အဲဒီ ဇာတ်လမ်းရှာတယ်ယူဆရင် သူ့ဖက်ကလည်း မျှော်သဘော ပြန်မဆက်သွယ်ဘူးလို့ မပြောနိုင် . . . ။

အဲလိုသာဆိုရင် ဝတ်မှုန်ဖက်က ဘယ်လိုဘုန်ပြန်ရမလဲ။

အိုး . . . အဝေးကြီးတွေ ကြိုတင်စိတ်ကူးကျက်ချက် မနေတော့ပါဘူး . . . ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အကြောင်းရိုက်ပြန်ဆက်လည်း ဖုန်းမှားနေတယ် ခပ်တည်တည် ပြန်ပြောရုံပါ...။

ကဲ ... ထားလိုက်ပါတော့ ဒီအကြောင်းတွေ...။

အသံလေးတစ်ခါကြားဖူးရုံနဲ့ သူ့အကြောင်းကို ဝတ်မှုန် ဒီလောက်ထည့်တွေးနေဖို့ မလိုအပ်လှပါဘူး...။

ဝတ်မှုန်ဘာသာ ပြန်သတိပေးရင်း... အတွေးကို ဖြတ်တောက်ပစ်ရသည်။

ကဲ... နဂိုက ရည်ရွယ်ချက်...။

နေလင်းဆီ ဖုန်းဆက်ဖို့... ဆက်ဦးမှ...

ဒီတစ်ခါတော့ နှစ်ကိုအရင်နှိပ်မိဖို့ သတိထားမှ... တူးအိတ်...။

နောက်ဂဏာန်းနှစ်လုံးကို သူမဂရုတစိုက် မမှားအောင် ခေါ်ရသည်။

ငါ့နှယ်....။

နေလင်းဖုန်းခေါ်တိုင်း ခေါ်တိုင်း ဒင်းကိုအလိုလို သတိရမိတော့မှာပဲ....။



အဲ... မဟုတ်သေးဘူး... ဘာလို့သတိရရမှာလဲ။

မရပါဘူး... နေပစေ...။

"ဟက်လို... ဟက်လို"

တစ်ဖက်က နှစ်ခွန်းဆင့်ထူးသံကြားမှ ဝတ်မှုန် ဖျက်မှောင်ကုပ်ကာ..

"နေလင်းလား... အခုပြောနေတာ နေလင်း မဟုတ်လား.."

"ဟ.. ငါ့အသံတောင် မေ့သွားပြီလား ဝတ်မှုန်ရ.. အခုပြောနေတာ နေလင်းလားတဲ့.. ဟား.. ဟား... ထူးအဆန်းပါလား..."

"ထူးဆန်းမနေနဲ့ .... နင့်ဖုန်းကို အခုလေးတင် မှားခေါ်မိသေးတယ်ဟဲ့ .. သိရဲ့လား..."

"အိပ်ချင်မူးတူးနဲ့ အခုမှအိပ်ရာနိုးလာလို့လား.. မှားရအောင်ဟာ..."

"မဟုတ်ဘူး.. ငါကအိတ်တူး ယောင်ပြီးနှိပ်မိတာ.."

"ဩော်... မှားဝင်သွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ တစ်ယောက်လည်း နေလင်းပဲတဲ့. . ."

"ဟာ ဒါတော့ မဖြစ်နိုင်ဘူး. . ."

"နင့်ကို အကြောင်းရိုက်တာ နေမှာပေါ့. . ."

"အဲဒါတော့ မသိဘူးတော့. . . နင်တို့ယောက်ျားလေးတွေကိုက အကျင့်မှမကောင်းတာ. . ."

"ဟာ. . . ဘလိုင်းကြီးပဲ. . ."

"နင်ရော ကောင်းလို့လား. . . နင်းအဘွားကို ဘာတွေသွားပြောလဲ. . ."

ဒီတော့မှ နေလင်း မလုံမလဲနှင့် တဟက်ဟက်ရယ်လိုက်ပါသည်။

"ဖြေလေ. . ."

"အဖြေပေးရမှာလား. . . ဟဲ. . . ဟဲ. . ."

"ကောင်စုတ်. . . အဘွားကိုသွားချွန်တာပေါ့လေ. . . ဟွန်း. . . နင်သိမယ်. . ."

"နင်ကလည်း. . . ငါမျက်စိရှေ့ စုံတွဲလာခုတ်တာကိုး။ ပုံစံလေးက မိုးမမြင်လေမမြင်နဲ့. . . မျက်နှာချင်းဆိုင် တည့်



တည့်တိုးတာတောင် နင်ကနှုတ်မှမဆက်ပဲ ဇာတ်မှုန်ရှာ. . ."

"မျက်နှာချင်းဆိုင်တိုးတယ်. . . ဟုတ်လား. . ."

"အေးလေ"

"ဘယ်နားမှာလဲ"

"သံဈေးနား ကားရပ်ပြီး နင်တို့နှစ်ယောက် ဟိုဖက်လမ်းကူးသွားတာ"

"ဆောရီး. . . ငါတကယ်မတွေ့လို့ပါနေလင်းရယ်. . . တွေ့ရင် ခေါ်မှာပါဟဲ့. . ."

"ဘဲဘဲနဲ့မို့လို့ မမြင်ပေဘာင်ဆောင်တာ ငါပေါက်ပါတယ် . . . ဒါကြောင့် အေးဆေးပဲ ကြည့်နေလိုက်တာ. . ."

နေလင်းမှာ ထိုမြင်ကွင်းကြောင့် ရင်ဘတ်ကြီးအောင့်လျက် ကျောက်ရုပ်တရုပ်လို ငူငူငိုင်ငိုင်ဖြစ်သွားခဲ့ရတာ ကိုယ်တိုင်ပဲ သိပါသည်။

အမရာဝတ်မှုန်ကို ဆယ်တန်းလောက်ကတည်းက ဒိုးဝက်ပြီး တိတ်တိတ်လေးမြတ်နိုးလာရတဲ့သူပါ. . .။

သူတို့ဆိုကနေ ဝတ်မှုန်မှာ သဘောတူထားသူရှိ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိရတဲ့အခါ သူ့မှာရှေ့လည်းမတိုးရဲ . . ။ နောက်လည်း မဆုတ်နိုင်ပါ . . ။

မဝေးရဲသလိုပင် နီးဖို့လည်း မကြိုးစားရဲ . . ။

နေလင်းတို့အိမ်က နေလင်းကို ဒီနှစ်ထဲမှာပဲ သင်္ဘောတက်နိုင်ဖို့ စီစဉ်ပေးနေပြီ . . ။

မကြာခင် သူက နိုင်ငံခြားသင်္ဘောသားဘဝကို ရောက်ရမှာလေ . . ။

နေလင်းက သက်ပြင်းတချချနှင့် စကားမဆက်သလို ဒီဖက်က ဝတ်မှုန်မှာလည်း ပြုံးစိစိလေး ဖြစ်သွားရသည်။

"ဘာ ဘဲဘဲလည်း . . . မဟုတ်ပဲနဲ့ . . ."

ဝတ်မှုန်အနည်းငယ် ရှက်သွားမိရင်း . . ။

"အဲဒါ ငါ့အဘွားသဘောတူတဲ့သူလေ . . ."

"ဘာ . . . အဲ့ဒါ . . ."

"ဟုတ်ပါတယ်ဆို . . . ကိုစက်ဝိုင်းလေ . . ."

"ဟာ . . . ဟုတ်ရဲ့လား . . . ဝတ်မှုန်ရယ် . . . ငါ့ကို မညာနဲ့ စမ်းပါနဲ့ . . . . . ဆံပင်ဂုတ်ထောက်ဝဲဝဲနဲ့ . . .



ပိန်ရှည်ရှည်နဲ့ ကိုရီးယားစတိုင်နဲ့လေ ဂျင်းဘောင်းဘီနဲ့ စပို့ရှပ် လက်ရှည်နဲ့ ဒီဇိုင်းက လန်ထွက်နေတဲ့ကောင်လေး လက်ထဲမှာလည်း စီးကရက်နဲ့ . . ."

"ဩော် . . . ဟုတ်ပါတယ်ဆိုမှ . . ."

"အဲဒီကောင်က ပါဝါဆဲဗင်း ပိုင်ရှင်ဟုတ်လား . . ."

"နေလင်းနော် . . . ဘာအဲဒီကောင်လဲ . . . စကားကို ယဉ်ယဉ်ကျေးကျေး ပြောစမ်းပါ . . ."

"အဲ . . . ဆောရီး . . ငါကနင့်အဘွား မျက်စိကျတာ ဆိုတော့ အသက်ကြီးကြီး အဖိုးကြီး . . . ဘူဒါးကြီး တစ်ယောက်ပဲ ဖြစ်လိမ့်မယ်လို့ တွက်ထားတာ . . ။ ဘိဇိနက်မင်း စတိုင်းလ်လို့ မှန်းထားလို့ပါဟာ ဟား . . . ဟား . . ."

"ဘာရယ်နေတာလဲ . . . ကိုစက်ဝိုင်းကလဲ လူငယ်စတိုင်လ်ပဲနေတာ၊ အလုပ်ကြီးအကိုင်ကြီးနဲ့ ကုမ္ပဏီပိုင်ရှင်ဆိုပေမဲ့ အဲဒီပါဝါဆဲဗင်းက အစက သူ့အဖေနဲ့အဘွား တည်ထောင်လာခဲ့တာကိုး။ သူ့လက်ထပ်မှာ အဆင်သင့် ဆက်လုပ်ရုံပဲဥစ္စာ . . ၊ သူ့အဖေကလည်း စင်္ကာပူမှာ၊ အဘွား

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဒီပြေးတစ်ယောက်ထဲဆိုတော့လည်း အလိုလိုက်ထားတာလေ. . ."

"အေးပေါ့ဟာ. . . ဒါဆိုတော့လည်း. . . သန္တာတို့ပြောသလိုပဲ နှင်းကကောင်းတာပေါ့. . . ကွန့်ကရက်ကျလေးရှင်းပါဟာ. . ငါက နှင်တစ်ခြားကောင်လေးတစ်ယောက်တွဲနေတယ်ထင်လို့ အဘွားဆီနည်းနည်းပါးပါး အစ်ကြည့်တဲ့သဘောပါ. . ."

"အောင်မယ်. . . နှင်ကပဲ အဘွားဆီက စကားနှိုက်ပြီး အစ်အောက်ကြည့်ရဦးမယ်. . . လာ. . လာ ချည်သေး. . ."

သို့ရာသော် သူ့ရယ်သံက မချိမဆံ့ဖြစ်နေတာ သူပဲသိပါသည်။

ဒီလိုမျိုး ရုပ်ချောချော စတိုင်လ်မိုက်မိုက်နဲ့ သားသားနားနား လူရွယ်လေးဟာ ဝတ်မှုန်အဘွား သဘောတူထားတဲ့သူဆိုတာ သိရတဲ့အခါ သူပိုပြီး အားလျော့ ပက်လက်လန်သွားရသည်။

အစကတည်းကလည်း သိတော့သိပါသည်။



သိလို့လည်း နောက်ဆုတ်လက်ပိုက်ရပ်နေခဲ့တာ. . ။ အခုတော့ နောက်ကောက်ကျခဲ့ပြီပေါ့. . ။

"ဝတ်မှုန်"

"ဟင်"

နေလင်းက အတည်ပေါက်လေသံနှင့် ခပ်တိုးတိုးခေါ်သည်။

"နှင် ချစ်လား"

"ဘာရယ်"

သူ့မေးခွန်းကြောင့် ဝတ်မှုန်အငိုက်မိကာ ဘယ်လိုပြန်ဖြေရမလဲမသိအောင် ဖြစ်မိ၏။

ကြည့်လေ . . . နေလင်း လင်းတာ။

ဒါ. . . သူမေးစရာလားနော်. . . ။

"ဟိတ်. . . ဘာလို့တိတ်သွားလဲ. . . နှင် အဲဒီသာကယ်လ်ကြီးကို သဘောကျလားလို့. . ."

"ဘာလို့ မေးတာလဲ. . ."

"သိချင်လို့ပေါ့ဟာ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဆာကယ်လ်ကြီးလဲ သူများကို နာမည် မဖျက်နဲ့"

"နင်ပဲ ကိုစက်ဝိုင်းဆို"

"အေးလေ. . . ကိုစက်ဝိုင်းပဲ ခေါ်ပေါ့. . ."

"အတူတူပါပဲဟာ. . . လုပ်မနေပါနဲ့. . ."

"အဘွားနန်းက သူ့ကို သိပ်သည်းတာဟဲ့. . .၊ အူတုန်သည်းတုန်ချစ်တာ. . .၊ သူ့မြေး ဘာလုပ်လုပ် အကောင်းချည်းပဲ မြင်တာ၊ လုံးဝတစက်ကလေးမှ အပြစ်မြင်တာ မဟုတ်ဘူး။ သူကအိမ်မှာ ကလေးဆိုးကြီးလို ဗိုလ်ကျနေတာ။ သူ့နာမည်ကိုလည်း အဘွားနန်းပဲပေးတာ နာမည်အပြည့်အစုံက မိုးကုပ်စက်ဝိုင်းတဲ့. . ."

"ဘာနာမည်ကြီးလဲဟာ. . . လူနာမည်နဲ့ကို မတူဘူး. ."

"နေလင်းနော်. . ."

"ဘာလဲ . . . ဟုတ်တာပြောတာပဲ. . ."

"နင်ပြောတဲ့ လေသံကိုက မလိုတမာကြီးနဲ့. . ."

"မလိုတမာမရှိပါဘူးဟာ. . . ဘာတတ်နိုင်မလဲ. ."



ပြောရင်း ဆိုရင်းက ဒီကောင် ဖောက်ချင်လာပြန်သည်။

ကျောင်းမှာကတည်းက လစ်ရင် ခိုးခိုးငေးတာ. .၊ မထိတထိ နောက်တီးနောက်တောက်နှင့် စိတ်ဝင်စားပုံရှိခဲ့တာတွေ အမရာဝတ်မှုန် မသိချင်ယောင်ဆောင်နေခဲ့ရသည်။

သန္တာတို့ ကံကံတို့ကလည်း ဝတ်မှုန်မှာ သဘောတူထားတဲ့သူကို ကြိုတင်သတင်းပေးထားလို့သာ။

ဒါတောင် ရည်စားစကားလိုလို ဘာလိုလို ရွှတ်နောက်နောက်နှင့် မကြာခဏစကားဦးသန်းနေကျ. . . .။

"ငါတို့နှစ်ယောက် ရှေ့သွားနောက်လိုက်ညီတယ်။ တွေ့လား. . . . . ဗေဒင်ဆရာမ စနေသားနဲ့ရမယ်လို့ ပြောတာလေ. . .။ အဲဒါငါပေါ့. . . ဟောဒီကနေလင်းက ဒေါ်ဝတ်မှုန်ရဲ့ဖူးစားရှင်ပဲ. . . မယုံရင်ကြည့်ထား. . . ."

"အောင်မယ်. . . . သူကဝင်ပြီး အမှတ်ယူနေတယ်၊ ဆရာမက ကြာသာပတေး ဒါမှမဟုတ် စနေသားလို့ ဟောတာပါနော်. . . . ဝတ်မှုန်. . . ."

"အေးလေ ဒီအူကြောင်ကျား မျက်နှာရှူးကတမျိုး

www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုန်သူငယ်ချင်းတွေက ဝိုင်းနှိပ်ကွပ်လွန်းလို့သာ နေလင်းခေါင်းမထောင်နိုင်ခဲ့တာ. . .။

အခြေအနေပေးရင် ချစ်ခွင့်ပန်ဖို့တာစူနေတယ်ဆိုတာ ဝတ်မှုန်လည်းရိပ်မိပါရဲ့. . .။

" ခုထက်ထိလည်း တရင်းတနှီး ပြောမနာဆိုမနာ ယောက်ျားလေး သူငယ်ချင်းက သူတစ်ယောက်ပဲရှိတာမို့ ဝတ်မှုန်ဖက်က သူ့အပေါ် ခင်မင်သံယောဇဉ်တော့ရှိတာ အမှန်. . .။

ဝတ်မှုန် အိမ်ထောင်ပြုတော့မယ်ရယ်လို့ ကြေညာလိုက်တုန်းကဆိုရင် နေလင်း သိသိသာသာ မျက်နှာပျက်ငြိမ်သက်သွားခဲ့တာ ခုထိမှတ်မိနေသည်။

"ဝတ်မှုန် နင့်ငါမေးတာ မဖြေသေးဘူးနော်. . ."

"ဘာကိုလဲ"

"ချစ်လားလို့. . ."

"ဘာစုံထွေလာမေးနေတာလဲ"

"မဟုတ်ဘူးလေ. . . ငါကို ချစ်လားလို့ မေးတာမဟုတ်ဘူး. . ."



"အောင်မယ်. . . နာချင်လို့. . ."

"အဲဒီ ဆာကယ်လ်ကို နင်မချစ်ပါဘူး ငါသိပါတယ်"

"တဲ့. . . ဒါဆိုဒါပဲ. . . အပိုတွေလျှောက်မေးမနေနဲ့. . . တော်ပြီ. . ."

ဝတ်မှုန်က ဖုန်းလေးကို ခလုတ်ဖိမလိုပြင်သည်။

"နေပါဦး. . . ဝတ်မှုန် ခဏလေး. . ."

"ကျွတ်. . . ဘာလဲဟာ. . ."

"သူ ပရိုပို့စ်လုပ်တော့ နင်ဘယ်လိုပြောသလဲ. . . အဲဒါလေးသိချင်တာ. . ."

"သွား. . . နေလင်းစုတ်. . . တော်တော်စပ်စုနေပါလား. . . ငါက နင့်ကိုအဲဒါတွေလျှောက်ပြောရမလား. . . ပြောမပြဘူး. . . ဒါပဲ. . . တော်ပြီ. . . ဘိုင့်ဘိုင့်. . ."

ဒီတစ်ခါတော့ ဝတ်မှုန်က ခလုတ်ဖိကာ ဖုန်းအဆက်ဖြတ်ပစ်လိုက်ရင်း မျက်စောင်းတစ်ချက်ပါ ရွယ်လိုက်မိသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

ညချမ်းလေးက ငြိမ်သက်အေးချမ်းနေသလို တစ်အိမ်လုံးလည်း တိတ်ဆိတ်မှု လွှမ်းမိုးစပြုလေသည်။

ဧည့်ခန်းမှာ တီဗွီကြည့်မည့်သူလည်း မရှိတော့ ဧည့်ခန်းမီးပင် ပိတ်ထားပြီ. . .။

အမရာဝတ်မှုန်က ပြတင်းမှတဆင့် ခြံဝင်းဆီ လှမ်းမျှော်ကြည့်လိုက်သည်။

ဝင်းတံခါးဘုတ်တိုင်မီးနှင့် မြက်ခင်းစပ်က မီးတိုင်ပုံလေးလေးခုကတော့ လင်းလက်နေဆဲပါ။

အပြင်ထွက်ဆင်းလျှောက်လျှင် ကောင်းမလား. . .။



ဘောက်ထော်မှာနေတုန်းကတော့ အမရာဝတ်မှုန်တို့ခြံဝင်းကအတော်အတန်ကျယ်ဝန်းတာမို့ ညဖက်ဆိုခြံထဲလမ်းလျှောက်နေကျ. . .။

အခုဒီကို ရောက်လာခဲ့ပြီးမှ သူမနည်းနည်းအနေကျုံ့သလိုတော့ ခံစားမိသည်။

ဘယ်သူ့ကြောင့်ရယ်မှတော့မဟုတ်။

ဘွားနန်းက စိတ်သဘော မနောအလွန်ကောင်းသူဖြစ်သလို သူမကိုလည်း အလိုလိုက်အကြိုက်ဆောင်တတ်သူပါ။

ကြီးမေကလည်း ဝတ်မှုန်အပေါ် လိုလားဖော်ရွေသည်။

ဒါဖြင့် ကိုစက်ဝိုင်းကရော. . .။

ဝတ်မှုန်က နှုတ်ခမ်းကလေးကို အလိုမကျသလို စူထော်ပါသည်။

ဒင်းက အေးစက်နေလိုက်တာ. . .။

မိန်းကလေးက သူ့အိမ်ကိုပဲရောက်နေပြီဆိုပြီး ဘဝင်ကိုင်တာများလား. . .။

ကိုစက်ဝိုင်းရဲ့အတွင်းစိတ်သဘောကို ဝတ်မှုန် အဲခတ်

www.burmeseclassic.com

မရ . . ။

ဒေသချာတာကတော့ ဝတ်မှုန်ကို စေ့စေ့ပင် မကြည့်ပဲ အားကိုအေးစက်ဆန်လှ၊ သူစိမ်းဆန်လှတာပင် . . . ။

သူ့ဝတ်မှုန် အငယ်ပေါ် လျှော့တွက် အထင်သေးထား သလား။

မျက်မှောင်ကုပ်ကုပ်နှင့် တွေးတောရင်း အမရာဝတ်မှုန် က အိမ်လဲက အလိုလိုထွက်လာမိကာ ခြံဝင်း မြက်ခင်းစပ်က ခုံတန်းလေးမှာ သွားထိုင်မိသည်။

ခြေဖျားထောက်ပြီး ဒန်းကိုလွှဲလိုက်တယ်။ ငြိမ်ငြိမ် ထိုင်နေရင် ခြင်ကိုက်တော့မှာ . . . ။

ခြံထဲမှာ ခြုံမှက်တွေ၊ မြက်ရိုင်းတွေ မရှိပေမဲ့လည်း သီးပင်၊ စားပင်၊ ပန်းအလှပင် တွေရှိသည်။

ဒါဒီတော့ ခြင်လည်းရှိတာပေါ့ . . . ။

ဝတ်မှုန်က သူ့ကိုယ်သူ ခြင်ကိုက်မခံရအောင် ဂရုစိုက် ရင်း ပွင့်လန်းလာသော ညမွှေးပန်းရနံ့ကို နှစ်ခြိုက်စွာ ရှူရှိုက်မိသည်။

ညမှာ ပွင့်တတ်တဲ့ ညမွှေးပန်းရဲ့ ရနံ့ချိုချိုလေးကို သူမ



သဘောကျသည်။

တမျိုးလေး ကဗျာဆန်သလို ထင်မိသည်။

ကောင်းကင်ကြီးကို မော့ကြည့်လိုက်တော့ တိမ်စိုင် ကလိပ်ကို ငွေရောင်လေး ရွေ့လျားနေတာကို မြင်ရသည်။

ဒီည စိတ်တွေအလိုလို ရွှင်ပျနေမိသည်။

ခုတလော အိပ်ယာပေါ် လှဲလိုက်မိတာနှင့် ခေါင်းထဲမှာ ရုံးစရာတွေ၊ စဉ်းစားစရာတွေ၊ စိတ်ကူးထားတာမှတွေနှင့် လူက ဗျားကြပ်ပင်ပန်းသလို ဖြစ်နေခဲ့တာမဟုတ်လား . . . ။

နေ့လည်တုန်းကတော့ ဘွားမှုရဲ့ အစီအစဉ်နှင့် ဝတ်မှုန်ကို ကိုစက်ပိုင်းက လာခေါ်သည်။

အသစ်ဖွင့်လှစ်လိုက်တဲ့ ဂျန်းရှင်းမော်တင်ကို လိုက်ပို့ ပေးတာပါ . . . ။

လိုက်ပို့တယ်ဆိုပေမဲ့ ကိုစက်ပိုင်းက မပ်ခွါခွါလျှောက် သည်။

ဓာတ်လှေကားပေါ် တက်တော့လည်း သူမကို မှမခေါ် . . . သွားလာသူရှေ့ကနေ တက်သွားတာ . . . ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကလေးတွေဝင်ပြီး လှည့်ပတ်ကြည့်ရှု. . .။

မျက်စိကျတဲ့ ပိုက်ဆံအိတ်ကလေး. . . တိုလီမိုလီလည်းဝယ်. . . ပြီးတော့ အပေါ်ထပ်မှာ ရေခဲမုန့်စား. . .။ ဒါပဲလေ စကားလည်း သိပ်မပြောဖြစ်ကြပါဘူး. . .။

အပေါ်ထပ်မှာ မီနီရုပ်ရှင်ရုံလေးတွေ့တော့ သူမက ဟာသကားပဲဟု တခဏ စူးစမ်းကြည့်မိသေးသည်။

အချစ်လား. . . လာထားတဲ့. . . .။

ခန့်စည်သူနှင့် အိန္ဒြာကျော်ဇင် လှည်းပါသည်။ မိုးအောင်ရင့်တို့ ခိုင်သင်းကြည်တို့ မယ်လိုဒီတို့လည်း ပါဝင်သည်။ ကောင်းမယ့်ပုံ. . . . ရယ်ရမယ့်ပုံပါပဲ. . .။

ဝတ်မှုန်က ရုပ်ရှင်ကြိုက်သည်။

အထူးသဖြင့် ရယ်စရာဟာသဆန်ဆန်ဇာတ်ကားလေးများကို ပို၍သဘောကျနှစ်ခြိုက်သည်။

ဝတ်မှုန်က တခဏ ခြေလှမ်းတန့်သွားပေမဲ့ သူက ရုပ်ရှင် ကြည့်မလားဟု စကားမခေါ်. . . .။

ယောကျ်ားလေးဖြစ်တဲ့ ဒင်းကတောင်မခေါ်သေးတာ



ကိုယ်က အနေသာချည်းပဲပေါ့. . .။

ဝတ်မှုန်ဖျတ်ခနဲ ကျောခိုင်းလှည့်ထွက်လိုက်သည်။ စိတ်ကောက်ချင်ချင်ဖြစ်မိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ်ချင်. . .။

သူ့ကို လက်ခံမိတာ မှားပြီလား. . . .။

ဒီအတွေးက တနေ့ကို ဆယ်ကြိမ်မက ခေါင်းထဲရောက်လာတတ်တဲ့အတွေးပါ. . . .။

ကဲ. . . မှားပါပြီဆိုပါစို့. . . .။

အခု ဘာဆက်လုပ်မလဲ. . . .။

အမရာဝတ်မှုန်သည် ပင့်သက်ကလေးသာ ခိုးရှိုက်မိသည်။

ဘာမှပြင်ဆင်လို့မရတော့ဘူး ဆိုတာမဟုတ်။

ဒါပေမဲ့ အမရာဝတ်မှုန် ကိုယ်တိုင်က အဘွားရဲ့စကားကို လိုလိုလားလားပဲ ခေါင်းညိတ်လက်ခံခဲ့တာပါ. . .။

မိဘတွေမရှိတော့ပြီဆိုကတည်းက ဒီအဘွားရင်ခွင်မှာပဲ ခေါင်းတိုးဝှေ့ရင်း ကြီးပြင်းလာခဲ့တာမို့ အဘွားကို သူ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ချစ်သည်။

ဘာမဆို အဘွားစိတ်ချမ်းသာတာမှန်သမျှ လုပ်ပေးချင်သည်။

သူမသယ်တန်းအောင်ကတည်းက အဘွားက သူ့သူငယ်ချင်း ဘွားနန်းမြေးနှင့် သဘောတူတယ်ဆိုတာ ပြောပြထားပြီး ဝတ်မှုန်ထံက ကတိတောင်းထားခဲ့တာမို့ ဒီအကြောင်းအရာကို စဉ်းစားခဲ့တာလည်း ကြာပါပြီ. . .။

အခုဆို ဘွဲ့တောင်ရပြီးလို့ ကုမ္ပဏီမှာ အလုပ်ဝင်ခဲ့တာပင် နှစ်နှစ်ခန့်ရှိနေပြီ. . .။

ထိုအခါ အဘွားရဲ့အစီအစဉ်တို့က စတင် အကောင်အထည်ဖော်ဖို့ တာစူလာပါသည်။

နေ့လည်ခင်း ထမင်းစားပြီးချိန်တစ်ခုမှာ အဘွားက စကားစ လာခဲ့သည်။

"မြေးလေး. . . ဝတ်မှုန်. . ."

"ရှင်. . ."

"အဘွားပြောစရာရှိတယ်. . ."



"သိပါတယ်. . . အလုပ်ထွက်ပြီး အိမ်ထောင်ပြုတော့လို့ ပြောမလို့ မဟုတ်လား. . ."

အဘွားက သဘောတကျ ရယ်ပါသည်။

"အေးလေကွယ်. . . အဲဒါပဲပေါ့. . ."

"ဝတ်မှုန် အလုပ်မထွက်ချင်ပါဘူး. . ."

"ဒါဖြင့်လည်း မောင်ဝိုင်းတို့ ကွန်စထရပ်ရှင်မှာပဲ ဝင်လုပ်ပေါ့. . . "

ဝတ်မှုန်က ခေါင်းယမ်းသည်။

"ဟဲ့. . . ဘာခေါင်းခါနေတာလဲ. . ."

"ဒီမှာက သူငယ်ချင်းတွေနဲ့ နေသားကျပြီး ပျော်နေပြီ အဘွားရဲ့. . ."

"ကြော်. . . ဒီကလေးမနှယ်. . ."

"ကဲပါအဘွားရာ. . . အလုပ်ကိစ္စနောက်ထား ဒီမှာ ပါး အဘွားအတွက် ကျွဲကော်သီး ဖျော်ရည်လုပ်ထားတယ်. . . ရမ်းချိုတယ်. . . သောက်ကြည့် လိုးဝမခါးဘူး. . ."

"သောက်ပါမယ်အေး. . . ထားလိုက်စမ်းပါ. .

www.burmeseclassic.com

www.burmeseclassic.com



ညည်း စကားလွဲမယ်မကြံနဲ့. . ."

"ဟီး. . ဟီး. . မလွဲပါဘူး. ."

"ဒါဖြင့် သေချာနားထောင်. . . အဘွားတို့အခုနေတဲ့ခြံကို ရောင်းလိုက်မယ်. . ."

"ဟင်"

သူမနှမြောစိတ်နှင့် အံ့သြသွားရသည်။

"ဘာလို့ ရောင်းရမှာလဲအဘွားရဲ့. . ."

"မြေးလေး အိမ်ထောင်ကျရင် အဘွားတစ်ယောက်ထဲ ဒီအိမ်မှာ ဘယ်လိုနေရမလဲ. . ."

"ဝတ်မှုန်လည်း နေမှာပေါ့. . ."

"မောင်ဝိုင်း အဘွားက မြေးကို ဟိုမှာပဲ နေစေချင်တာ"

အမရာဝတ်မှုန် နှုတ်ဆိတ်သွားရသည်။

ရင်ထဲမှာလည်း ဆွတ်ဆွတ်ကျင်ကျင်နှင့် အခုကတည်းက လွမ်းချင်ပါသည်။

ဘဝရဲ့ စီမံထားပုံဟာ အချိန်တန် အိမ်ထောင်ပြုပြီး ကိုယ့်ရဲ့ မူလအိမ်ဂေဟာ အရိပ်အမြုံကလေးဆီက စွန့်ခွာ



ထွက်ခွာသွားဖို့တဲ့လား. . .။

ဝတ်မှုန်အဘွားနှင့် မခွဲချင်ပါ. . . .။

ခွဲပြီးလည်း မနေလို၊ မနေနိုင်ပါ. . .။

"မရဘူး အဘွား၊ ဝတ်မှုန်အဘွားနဲ့ပဲ နေမယ်၊ အဘွားနဲ့ခွဲရမယ်ဆိုရင် အဲဒီမောင်ဝိုင်းကိုလည်း လုံးဝမယူဘူး. . ."

"ဟဲ့. . . ဒါဘယ်လိုစကားလဲ. . . .၊ လူကြီးဆန်ဆန် တွေးခေါ်စမ်းပါ ဝတ်မှုန်ရယ်. . . ."

"ဒါ . . . လူကြီးအဆန်ဆုံးပဲ. . ."

"အေး . . . . ငါသိတယ်. . . ညည်းလေး ဂဂျီဂ ချောင်ကျမယ်ဆိုတာ သိလို့ပဲ. . . . ဒီခြံကို ရောင်းပြီး မောင်ဝိုင်းတို့ နားက ဘလူးဒိုင်းမွန်းကွန်ဒိုမီနီယံကို ဝယ်ဖို့ စီစဉ်ရတာ. . .၊ ပိုတဲ့ပိုက်ဆံ ဘဏ်မှာထည့်တန်တာထည့်. . . .၊ လှူတန်တာလှူ. . .၊ မြေးလေးဖို့ လက်ဝတ်လက်စား လုပ်တန်တာလုပ် မကောင်းဘူးလား. . . ."

တကယ်တော့ ဝတ်မှုန်အတွက် စိန်ရွှေရတနာတို့လည်း မလိုလှပါဘူး. . .။ သို့သော် ဘယ်လိုငြင်းဆန်ရမလဲသိပဲ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုန် နှုတ်ဆိတ်ငြိမ်ကျသွားရသည်။

ဒါတွေဟာ အဘွားရဲ့အစီအမံနှင့် ပြင်းပြသောဆန္ဒတွေမို့ ဝတ်မှုန်မကန့်ကွက်ရဲပါ. . .။

"ခြံရောင်းရပြီဆိုတာနဲ့ ဟိုဖက်ကွန်ဒိုကို စရံချထားလိုက်မယ်. . .။ ကွန်ဒိုမပြီးခင် တို့မြေးအဘွားနှစ်ယောက် အဘွားနန်းအိမ်ပဲ ခဏနေကြမယ်. . . ဒါတို့အဘွားအိုနှစ်ယောက် တိုင်ပင်ထားတဲ့အကြံပဲ. . . မြေးနှစ်ယောက်လက်ထပ်ပွဲကို တို့တွေ ပျော်ပျော်ကြီးဆင်နွှဲရမယ်. . . ပြီးရင် မြစ်ချီကြမယ်. . . ဘယ်နှယ့်လဲ. . . အကြံဖိုင်တယ်မဟုတ်လား. . ."

ဤသို့ ဤနှယ် ဘွားအေဖြစ်သူက စိတ်လှုပ်ရှား ပျော်ရွှင်တက်ကြွနေလေရာ ဝတ်မှုန်မှာ ဘာမှ ဆင်ခြင်တတ်ခွန်းမတုံ့ရဲတော့ပဲ ငြိမ်ငြိမ်တိတ်တိတ်လေးသာ ငိုင်တွေသွားခဲ့ရပါသည်။

ဆက်ပြီးနေတော့လည်း အဘွားပဲစိတ်ပါလက်ပါ ဝမ်းပန်းတသာနှင့် ဦးဆောင်စီစဉ်လှုပ်ရှားခဲ့ရာ လေးလွှာကွန်ဒိုတစ်ခန်းလည်း ဝယ်ဖြစ်သွားသည်။ ဘုရားဖူးခရီးတွေတွက်ကာ အဘွား



စိတ်ကြိုက်လည်း လှူဒါန်းသည်။

ဝတ်မှုန်တို့ မြေးအဘွားလည်း ကွန်ဒိုနားကပ်လျှက်ကလူကုံတန်တို့ ရပ်ကွက်ထဲ ခြံကျယ်၊ ဝန်းကျယ်၊ တိုက်အိမ်လှလှကြီးနဲ့ နေတဲ့အဘွားနန်းတို့ အိမ်သို့အောက်တိုမစ်တစ်ရောက်လာသည်။

နှစ်ဖက်အဘွားတို့က ဒီလိုစီစဉ်ကြတာဟာ သူတို့သားနှင့် သမီး လက်ထပ်တုန်းက အကောင်အထည်မဖော်ဖြစ်ခဲ့တဲ့စိတ်ကူးကို မြေးနှစ်ယောက်အလှည့်မှာ အကြံဦးပြီးမြန်မြန်ဖြစ်မြောက်အောင် ဖြစ်စေချင်လို့ဆိုတာ ဝတ်မှုန်နားလည် ပါသည်။

လူငယ်နှစ်ယောက် အနေနီးစပ်ပြီး သံယောဇဉ်တွယ်သွားကြဖို့ဆိုတဲ့ ရည်ရွယ်ချက်လည်း ပါလိမ့်မည်။

သို့သော် မိုးကုပ်စက်ဝိုင်းဆိုတဲ့ လူရွယ်လေးဟာ ဝတ်မှုန်အကဲခတ်မိသလောက် အရမ်းအနေတည်သည်။

အိုယာကြိုက်တဲ့သူ၊ စီးကရက်သောက်တတ်သူ ဆိုရင်သူဟာ ဒီအိမ်မှာ တွားနန်းရဲ့ အချစ်တော်ကိုသဲလှုပ် ပြီတာမို့

www.burmeseclassic.com

www.burmeseclassic.com



ဘွားနန်းက အပြစ်မမြင် . . .။

ကိုစက်ပိုင်းကိုယ်တိုင်လည်း ဘွားနန်းပိုင် လုပ်ငန်းတွေမှာ ဦးစီးပြီးစီမံခန့်ခွဲနေသူမို့ အလုပ်များသူလည်းဖြစ်တာကြောင့် တစ်နေ့တစ်နေ့ အိမ်မကပ်လှပါ. . .။

ရုံးပိတ်ရက်တောင် သူ့မှာ အချိန်မရ. . မအားလပ်။

ဝတ်မှုန်ကို ဟိုဟိုဒီဒီ လိုက်ပို့ပေးဖို့တောင် ခဏတဖြုတ်အချိန်လုပ်ပြီး ပြန်လာရပုံပေါ်သည်။

ညနေတစ်ခေါက်အပြင်ထွက် သွားလိုက်သည်မှာ ညဉ့်နက်တဲ့အထိ ပေါ်မလာ။ အလုပ်များတယ်ဆိုပေမဲ့ သူကိုယ်တိုင်က အိမ်မှာထက် အပြင်မှာပိုပျော်လို့ ဖြစ်နိုင်သည်။

အင်း. . . ဒါကြောင့်လည်း သူ့ကို အခြေတကျတည်ငြိမ်လာအောင် အိမ်ထောင်ရေးအနှောင်အဖွဲ့ထဲရောက်သွား စေချင်မိကြတာ. . .။

ဝတ်မှုန်ကို တွယ်တာနှောင်ဖွဲ့လာမိတဲ့အခါ သူပိုပြီးခြေငြိမ်လာအောင်ပေါ့လေ. . .။ နှစ်ဖက်ဘွားအေတို့ရဲ့အမြော်အမြင်. . . .။



တကယ်ရော သူဟာ ဝတ်မှုန်ကြောင့် ပြောင်းလဲလာမည့်သူ ဖြစ်နိုင်မလား. . . .။

သူစကားပြောရင်း ဝတ်မှုန်မျက်လုံးထဲ တည့်တည့်ပင်သိပ်မကြည့်. . .။

တနေရာလွဲပြီး ရှိုးရိုးသားသားပဲပြောတာ. . . .။

တဖက်သား မိန်းကလေးအပေါ် အားနာတဲ့ အမူအရာလား. . .။

ဒါမှမဟုတ် ဝတ်မှုန်ကို မနှစ်သက်လို့. . . ရင်မခုန်လို့များလား. . . .။

ဘယ်လိုပဲဖြစ်ဖြစ် သူလည်းသူ့အဘွားရဲ့ စကားကိုပယ်ရှားငြင်းဆိုလို့မှ မရတာ. . .။

သူနှင့်ဝတ်မှုန်တို့ဟာ ဒီလမ်းကြောင်းပေါ်ကို စိတ်ပါပါပါပါ ဇွတ်မှိတ်လျှောက်ကြည့်ဖို့ ကြိုးစားနေသူချင်းကတော့တတူတူ. . .။

ဒါကြောင့်မို့ သူ့ကိုလည်း တကယ်တမ်း အပြစ်မတင်ရက်။

တစ်ခါတစ်ရံမှာတော့ မိန်းကလေးပီပီ အလိုမကျ

www.burmeseclassic.com

www.burmeseclassic.com



ဇိတ်ငင်ကာ စိတ်တိုင်းမကျဖြစ်မိတာအမှန်. . .။

ဝတ်မှုန်ဟာ ရုပ်သေးရုပ်နှင့်တူနေပြီလား ဝေခွဲမရ. .။

အင်း. . . ဒီအခြေအနေကိုပဲ သူငယ်ချင်းတစ်ချို့က အထင်ကြီးအားကျသတဲ့. . .။

"ဝတ်မှုန်ရယ်. . နင်ကသူဌေးကတော်ဖြစ်တော့မှာ ဆိုတော့ ကံကောင်းထားပေါ့. . .။ ပါဝါဆဲဗင်း ကွန်ထရက်စရုပ်ရှင် ဆိုတာ နံမည်ကြီး ဂရိတ်ထဲကပဲနော်. . . နင့်အဘွားကိုက အရွေးတော်တာဟာ၊ ငါတို့မှာကျ ဒီလိုအဘွားမျိုးမရှိဘူး. . . ဟွန်း. . . . ဟွန်း. . ."

"ဝတ်မှုန်အဘွားကို ခဏငှါးပြီး. . . နင်တို့အတွက်ပါ ရှာခိုင်းပေါ့ဟာ"

"ဟင်း. . . နေလင်းစိုက် ကြည့်စမ်း. . . ငါတို့ မိန်းကလေးချင်းပြောတာကို နင်ခိုးနားထောင်နေတာယ်ပေါ့လေ . . . သွား. . . သွား. . ."

ယုသန္တာဒေဇာ ရှက်ရှက်နှင့် နေလင်းကိုပြေးထုလိုက်၏။

နေလင်းက ပတ်ပြေးရှောင်လိုက်သဖြင့် သူမတို့ရဲ့



ထမင်းစားခန်းလေးထဲ ရယ်မောသံတို့ ဆူညံသွားခဲ့သေးသည်။

ဝတ်မှုန်က သူများတွေ သဘောတကျ အထင်တကြီး ရှိတာကို ပြန်တွေးမိလျှင်တော့ အခုလို အတွားစကားနားထောင် ပြီး လက်ခံခဲ့တာ မှန်ကန်သလိုလို အတင်ရောက်မိသည်။

စိတ်တွေက အမြဲတမ်းပဲ နှစ်မျိုးနှစ်ခွနှင့် မတင်မကျ ဖီလည့်လည့် တွေဝေဝေကြီး ဖြစ်မိစမြဲပါ. . .။

ဆုံးဖြတ်ပြီးပြီဆိုပေမဲ့ တည်တည်ငြိမ်ငြိမ်နှင့် မသွေးဖေါက နည်ထိုင်နေတာမျိုးမဟုတ်. . ."

တရေးနိုးပြန်စဉ်းစားမိလျှင်ပင် လူက ချောက်ချား သလိုလို. . .၊ အိမ်ထောင်ပြုလိုက်ရမှာဝန်လေး ဘိတ်လန့်သလို လို ဖြစ်နေမိသည်။

ရင်ထဲမှာ မရေရာခြင်းတွေက ပြည့်နှက်နေဆဲပါ. .။

လက်ထပ်ရမယ့်သူဟာ သူမချစ်မှနှာမဲ့ မဟုတ်တဲ့အပြင် ရင်းတနှီး လက်ပွန်းတတီး ရှိလှတဲ့သူမဟုတ်. . .။

ထို့သော် ကိုစက်ဝိုင်း၏ ဘဝအကြောင်း နောက်ခံသမိုင်း ကို အဘွားသိတာနေ အမြဲတစေကြားနေကျ. . .။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုန် ခပ်ငယ်ငယ်ကတည်းက ဘွားနန်းတို့အိမ်ကို လည်း ဝင်ထွက်လည်ပတ်သွားလာဖူးပါသည်။

ခပ်ငယ်ငယ်တုန်းကတော့ စက်ဝိုင်းကို သူမဖူးစာရှင် အဖြစ် လျာထားခံရမည့်သူဟု ယောင်၍ပင် မစဉ်းစားမိဖူးပါ။

အင်းလေ. . . ဖူးစာရှင်ဆိုတာ ရေးဘဝရေစက် ရှိတဲ့သူမှ ဆုံတာပါ. . .။

ဝတ်မှုန်ဖက်က ဘာမှမတွေးပဲ မျက်စိစိမှိတ်ဆုံးဖြတ် လိုက်လည်းပဲ မမှားတန်ပါဘူး. . .။

အဘွားစိတ်ချမ်းသာဖို့က နံပါတ်တစ်ပါပဲလေ. . .။

ဝတ်မှုန်က မျက်လွှာလေးတစ်ချက် မှိတ်ကာပင့်သက် ရှိုက်ရင်း စိတ်ဒုံးဒုံးချမိ၏။

ညမွှေးပန်း ရနံ့လေးတွေက မွှေးမြသင်းပျံ့ ကြိုင်လှိုင် နေဆဲ. . .။

ထိုအချိန်မှာပင် ပရာဒိုကားတစ်စီးက ခြံတံခါးမှာ ခေါင်းထိုး၍ ရပ်လာသည်။

ကားမီးရောင်က ဝင်းခနဲ. . .။



ဟော့တော့ ကိုစက်ဝိုင်းတော့ပဲ ပြန်လာပြီ. . .။

အခုမှ အိမ်ထဲလှည့်ဝင်ရမလား ဝတ်မှုန်စဉ်းစားသည်။

အနောက်ဖက်က ဆားဗင့်ကွာတာလေးကနေ ကိုဦးသြက ပြေးထွက်လာပြီး စက်ဝိုင်းကို ခြံတံခါးဆီးကြို ဖွင့်ပေးသည်။

ဝတ်မှုန်က ဒန်းလေးပေါ်မှာပဲ ဆက်ထိုင်နေ လိုက်သည်။

စက်ဝိုင်းရဲ့ကားက ဂိုဒေါင်ဖက်ထိ တောက်လျှောက် မောင်းဝင်သွားသည်။

စက်ဝိုင်းသည် လူငယ်ပီပီ ပေါ့ပေါ့ပါးပါးကိုအော်က်ကားရပ် [illegible]မှ ဦးသြကို ကားဂိုဒေါင်ထဲတဆင့် မောင်းသွားခိုင်းတာမျိုး [illegible]ယ်တော့မှမလုပ်ပါ. . .။

သူ့ဟာသူပဲ ကားသိမ်းပြီးမှ အိမ်ဖက်ပြန်လျှောက် လာသည်။

လက်ထဲက ရှိမုတ်ပါတဲ့ ကားသော့လေးကို ဆော့ယမ်း [illegible]ကစားရင်း လျှောက်လာတဲ့ စက်ဝိုင်းက ဝတ်မှုန်ကို မြင်တော့ ခြေလှမ်းတုန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခြော်. . . ဝတ်မှုန်. . ."

"ပြန်လာပြီလား . . . ကိုစက်ဝိုင်း"

စက်ဝိုင်းက ခေါင်းဆတ်ပြရင်း. . .။

"စက်ဝိုင်းပဲခေါ်ပါ. . ရတယ်. ."

"အို. . . . ဘယ်ကောင်းပါ့မလဲ. . ."

"ဘာကိုလဲ. . . . အသက်ပိုကြီးလို့လား. . . နင်က နှစ်ဆယ့်သုံး. . . ငါက နှစ်ဆယ့်လေးကျော် သိပ်မကွာပါဘူးဟာ. . ၊ ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံစမ်းပါ. . . ငါက အိုကေပါတယ်. . ပြဿနာမရှိပါဘူး. . . နင့်ငါ့ကို ဘာမှ ရှက်မနေနဲ့ လွတ်လွတ်လပ်လပ်ပဲနေ ကြားလား. . ."

ဝတ်မှုန်က ခေါင်းညိတ်ရင်း စက်ဝိုင်းပုံစံကို အကဲခတ်နေစဉ်. . .။

ခြေလှမ်း ယိုင်လောက်အောင် မမူးပေမဲ့ နည်းနည်းပါးပါးတော့ ထွေလာဟန်ရှိသည်။ သူ့အာသွက်နေသည်။

ဒါကြောင့်လည်း အဘွားတို့အိမ် ချိန်တန်လောက်မှ သူတမင်ပြန်လာဟန်တူပါသည်။



ပြီးတော့ ဝတ်မှုန်ကို သူ့တူးဆန်းဆန်း တရင်းတနှီးလေသံနှင့် စကားပြောသည်။

"ဝတ်မှုန်. . . နင်ထမင်းစားပြီးပြီလား. ."

"ဟုတ်ကဲ့. . "

ဝတ်မှုန်က ဒန်းပေါ်က ဆင်းလိုက်ရင်း. . .

"ကိုစက်. . . စက်ဝိုင်းရော. . . စားပြီးပြီလား. . ."

"ဝတ်မှုန် ထမင်းခူးပေးရမလား. . ."

"နေ နေရတယ်၊ မစားတော့ဘူး. . .၊ ငါအိပ်တော့မှာ၊ ...ပြင်မှာ အေးတယ်ဟ၊ နင်လည်းအကြာကြီး ထိုင်မနေနဲ့တော့ . . ."

"ဟုတ်ကဲ့"

သူက ရိုးသားသောရင်းနှီးဟန်နှင့်များ နင်နဲ့ငါနဲ့ ...ပြောသလား။

ဝတ်မှုန်ဟာ သူနဲ့မကြာခင် နှစ်စပ်တော့မယ့် မိန်းမငယ်...တစ်ဦးဆိုတာ ခေါင်းထဲမှ ရှိပါလေစ. . .။

စက်ဝိုင်းရှေ့ကနေ တိုက်ထဲဝင်သွားလျှင် ဝတ်မှုန်လည်း

www.burmeseclassic.com

သို့နောက်မှ လိုက်ဝင်လာခဲ့သည်။

ဧည့်ခန်းကိုဖြတ်၊ ထမင်းစားခန်းမှာ သူမရောက်ရပ်ကာ စားပွဲပေါ် ကားသော့ကိုကောက်ခဲ့သည်။

ပြီးတော့ ရေခဲသေတ္တာဖွင့်ပြီး ကိုကာကိုလာဘူး ဆွဲထုတ်လိုက်သည်။

ဝတ်မှုန်က မှောက်ထားတဲ့ ဖန်ခွက်လေးကို အသင့်ယူ ထည့်ပေးဖို့ပြင်ပေမဲ့ သူက လက်ကာပြပြီး ဗူးအတိုင်း မော့သောက်ချသည်။

"ကွတ်နိုက်... ဝတ်မှုန်"

ပြီးတော့ အအေးဗူးကိုင်ပြီး လှေကားပေါ် တက်ဖို့ ပြင်သည်။

"ဟုတ်ကဲ့... ကွတ်နိုက်"

လှေကား နှစ်ထစ်လောက်တက်ပြီးမှ ဝတ်မှုန့်ဖက် ပြန်လှည့်ကာ

"ငါမနက်ဖန် မန္တလေးသွားမယ်... ဘာမှာဦးမလဲ"

သူ့ရုတ်တရက်မေးလျှင် ဝတ်မှုန်ဘာမှပြန်မဖြေမိ...



"ထိုးမုန့် လမုန့်ကြိုက်လား...၊ မကြိုက်ရင်လည်း ဂျယ်လီပူတင်း ဝယ်လာမယ်..."

စက်ဝိုင်းသည် တစ်စုံတစ်ယောက်က ဂျယ်လီပူတင်း ကြိုက်တာခေါင်းထဲမှတ်မိနေတာမို့ ပါးစပ်က လွှတ်ခနဲ မေးမိတဲ့ သဘောပင်...။

"ရပါတယ်... ဘာပဲဖြစ်ဖြစ်ကြိုက်ပါတယ်..."

"အိုကေ... ဘာပဲဖြစ်ဖြစ်ရတယ်ဆိုတဲ့ နင့်စိတ်ဓါတ် ငါကြိုက်တယ် ဝတ်မှုန်၊ အဲဒါ သိပ်ကောင်းတယ်... နောက် တစ်ပတ်လောက်ဆို ငါပြန်လာမယ် ကြိုနှုတ်ဆက်ထားတာ၊ ဟား... ဟား..."

ရယ်ရယ်မောမောနှင့် လှေကားပေါ် တက်ကာ သူ့အခန်း သူဖွင့်လျှက် ဝင်ရောက်သွားလေသည်။

ဝတ်မှုန်က နှုတ်ဆိတ်လျှက် အသာမော့ကြည့် နေမိသည်။

* * * *

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

အတော်ညဉ့်နက်တဲ့အထိ မင်းထယ် အိပ်ယာမဝင်သေးပဲ ဝရံတာကလေး၌ ထွက်ထိုင်၍ တစ်ဦးတည်း အေးအေးလူလူ စီးကရက် ရှိုက်ဖွာနေမိသည်။

သူ့ခေါင်းထဲမှာလည်း အတွေးတွေက ဟိုဟိုဒီဒီ ပြူလွင့်လျက်ရှိသည်။

အထူးသဖြင့် မန္တလေးအိမ်မှာ ကျန်ခဲ့တဲ့ အမေ့ကို သတိရမိသည်။

ဖေကြီးတစ်ယောက်ထဲ ဒီအချိန်ဆို တိုက်ဂါးဘီယာလေး တစိမ့်စိမ့်သောက်ပြီး ပက်လက်ကုလားထိုင်မှာပေါ်



အညောင်းပြေ ထိုင်ရင်းအပန်းဖြေအနားသူ နေလောက်ပြီ။

ဖေကြီးက ပန်းချီဆရာ။ ပန်းချီဆရာဖြစ်တဲ့အတွက် ...က်ခံစားမှုကလည်း နူးညံ့ပြီး အနုပညာဆန်သည်။

သူကတော့ ဘာကြောင့်လဲမသိ ပန်းချီပညာကိုဖေကြီး ...င်ပေးပေမယ့် ဖေကြီးလောက် လက်ရာမမြောက်။

အမှန်အတိုင်း ပြောရလျှင် အရမ်းကြီး ဝါသနာမပါလှ။

မင်းထယ်က အားကစားလိုက်စားရတာ ပိုသဘောကျ...ည်။ သူအားလပ်လျှင် သူငယ်ချင်းတွေနဲ့ တင်းနစ်ရိုက်တာ ...က်ဖ်ရိုက်တာတွေကိုမှ ပိုလုပ်ဖြစ်သေးသည်။

အဲ့ဒါမှမဟုတ်လျှင် ဘော်ဒါတအုပ်ကို သူ့အိမ်ခေါ်ကာ ...မှာ လွတ်လွတ်လပ်လပ် တစ်နေကုန် ဂစ်တာဝိုင်းဖွဲ့ကြမည်။

...က်လို့ ဘော်ဒါတွေ အိမ်မပြန်ပဲ သူ့အိမ်မှာပဲ အတူတူ ...ကြလျှင် သူပို၍ သဘောကျသည်။

မင်းထယ်က အပေါင်းအသင်းခုံမင်သူ ဖြစ်တာကြောင့် ...ပို ရန်ကုန်မှာ တစ်ယောက်ထဲ အခြေချနေထိုင်ရမည် ...တော့ ပျင်းငေါ်ငေါ်ဖြစ်နေမလား သူအတော်စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

ရေလှိုင်းက

"အခုမှမပူနဲ့ ငါလှည်းမင်းနဲ့အတူ လာနေမှာပဲမာ နောက်ပိုင်း ဆိုဒ်ထဲအလုပ်ဆင်းတော့လည်း မင်းမှာ ဘော် တွေထပ်ရလာမှာပါကွာ၊ မင်းတစ်ယောက်ထဲ ငေါင်ရရင် အလွ ဆုံးတွစ်မှတ်ပေါ့ကွာ။ ဒါမှမဟုတ်လည်း ဒီလိုလုပ်"

သူ့ရေလှိုင်းကို ကြည့်လျှင်ရေလှိုင်း၊ မျက်နှာပြုံးဖြီး ဖြစ်ကာလာ

"အပျင်းပြေ ရည်းစားလေးဘာလေး ကောက်ထ ကြည့်လိုက်၊ စက်ဝိုင်းက မင်းကို ဟန်းဖုန်းဝယ်ပေးမယ် ပြောတ တယ်လေ။ ဖုန်းရရင် မင်းကောင်မလေးတွေဖုန်ပေါ့။ အီ ဘာဖြစ်လဲ"

"သွားစမ်းပါကွာ မင်းတို့နှစ်ယောက် အကျင့်ဖေ ငါ့ဆီကူးစက်အောင် လာမြှောက်ပေးမနေနဲ့"

"စက်ဝိုင်းမှာက အတည်တကျ ရှိနေပြီလေကွ ရုပါကျော်ကွဲပဲ သူယူမှာ ကျိန်းသေတယ်"



"မင်းအပိုတွေ လျှောက်မပြောနဲ့ရေလှိုင်း စက်ဝိုင်း ငါ့ကိုပြောပြီးသား၊ သူ့အိမ်ကူး ပေးစားတဲ့မိန်းမပဲ ယူရမှာတဲ့။ ဒါကြောင့် လူပျိုဘဝ အစွမ်းကုန်လွတ်လွတ်လပ်လပ် ကဲနေတာ ပေါ့"

"အေးလေ၊ အဲလို အကဲကောင်းလို့ ရုပါနဲ့ ငြိတာပေါ့၊ အခု စက်ဝိုင်းလုပ်မှရ ရှုန်းမရဖြစ်နေပြီ တစ်လထဲမှာ မန္တလေး သုံးခေါက်ရောက်လာတာပဲကြည့် ငါတော့မထင်ဘူး ဒီတော့ကို သူမကျော်နိုင်တော့ဘူးကွ"

"ဘာတောလဲ"

"မာယာတောသလေကွာ"

"အဲလိုတော့ မပြောပါနဲ့ကွာ ရုပါက မိန်းမကောင်း လေးပါ၊ မင်းကလဲ"

"အေးပါ မင်းကပိုသိမှာပါ"

"ငါပိုသိတယ်လို့ မဆိုလိုပါဘူး"

"စက်ဝိုင်းက အမျော်ကြဲတာလို့ မင်းထင်နေလား"

"ဟာ... ဘာမေးခွန်းကြီးလဲ၊ ငါကိုသက်သက်ကျိုင်ရှာ

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ သဘော သူ့ကိစ္စ ငါနဲ့မှမဆိုင်တာ"

"အခု စက်ဝိုင်းက မင်းရဲ့ဘောစ့်နော်"

"ဘောစ့်ရဲ့ ကိုယ်ရေး ကိုယ်တာကို ဘယ်စွက်ဖက် ဝေဖန်လို့ရမလဲကွ မင်းလည်းသွားဝေဖန်မနေနဲ့ဦး"

"စက်ဝိုင်းက ငါ့ကို အကုန်ရင်ဖွင့်တာကွ"

"အဲ့ဒီတော့ ဘာတဲ့လဲ. . . ရှုပ်ကို လက်ထပ်ယူမယ် တဲ့လား"

"အဲ့ဒီ သဘောပဲထင်တယ်"

"ဟုတ်ရဲ့လားကွာ"

ရေလှိုင်းစကားကြောင့် မင်းထယ်နေမှာ မျက်မှောင် ကုပ်သွားရသည်။

"သူက ဒီမန္တလေးမှာ ရေသန့်စက်တွေ ရေခဲစက်တွေ တည်ပြီး သူ့ဟာသူ စီးပွားခွဲထွက်ချင်တဲ့ ပုံစံပဲကွ ဟိုမှာတ သူ့အဘွားတို့ ကြီးမေတို့က ကွန်ထရိုးလုပ်တော့ သူ့စိတ်ကြိုက် မဖြစ်ဘူးပေါ့ကွာ၊ ဒါပေမယ့် အဲ့ဒါတွေက အကြောင်းပြချက် တွေပါ။ ငါ့စိတ်ထင် ပြောရရင်တော့ ဒါတွေက ရှုပါကျော် အကြံ



တွေချည်းပဲ ဖြစ်မယ်။ ဒီကောင်မလေးက ဂျလည်မကွ။ စက်ဝိုင်း ကို သူပါးပါးနပ်နပ် ကြိုးကိုင်သွားလိမ့်မယ်။ ကြည့်နေ"

မင်းထယ်သည် ရေလှိုင်းပြောစကား တွေကို ထုံးစံ အတိုင်းပဲ လျှော့တော့မတွက်ရဲ။

ပါးစပ်ကသာ မဖြစ်နိုင်ပါဘူး ဘာညာပြန်ကန့်ကွက်မိ ပေမယ့် ဒီကောင်ရေလှိုင်းရဲ့ စကာတွေက မှန်တတ်တာ များသည်။

ကွက်ကျော်မြင်တတ် ကြိုတွက်တတ်တာတွေအတွက် ဘော်ဒါတွေကြားထဲ ကြိတ်ပြီး ချီးမွမ်းရတာမှလား။

"အဲ့ဒီတော့ မင်းအတွက် ဘာအကျိုးရှိနိုင်လို့လဲ"

"ဟာ. . . စက်ဝိုင်း ဒီမှာ မြေကွက်ဝယ်ရင် ငါက အိုကေ လေ ပွဲခရမယ်၊ ပြီးရင် စက်ရုံဆောက်မယ်၊ ဂိုဒေါင်ဆောက်မယ် အလုပ်သမားတွေ၊ ဝန်ထမ်းတွေခန့်မယ်၊ ငါတို့နှစ်ယောက်ပါ အလုပ်တန်းခန့်ပေးမှာကွ အကျိုးရှိတာပေါ့။ ဘာပြောကောင်း ပလဲ မင်းဆိုရင် ငါ့ထက်တောင် နေရာကောင်းရဦးမယ် အဲ့ဒီ ဆိုဒ်မန်နေဂျာခန့်ပစ်လိုက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



မင်းထယ်မျက်ခုံးပင့်ပြမိလျက်

"ဘာနဲကြောင့်"

"သူက မင်းအပေါ် ညီလေးတစ်ယောက်လို သဘောထားတာလေ ဘော်ဒါအဆင့်ထက် သာတယ်ကွ သူမင်းအပေါ် သံယောဇဉ်ကိုရှိတာ ဟိုတယ်မှာမတည်းပဲ မင်းအိမ်မှာ ဖြစ်သလို လာနေတာကိုပဲကြည့်"

ရေလှိုင်းပြောသလိုပင် စက်ဝိုင်းက သူ့အပေါ် ညီရင်းတမျှ ခင်မင်ရင်းနှီးမှုထားသည်။

ဖေကြီးကိုလည်း လေးစားရိုသေသည်။

သူလာလျှင် ဖေကြီးအကြိုက်လက်ဆောင်တွေ အမြဲပါသည်။

ဝီစကီ ပုလင်းပြားကအစ အိုဗာတင်း၊ ဘီစကစ်ပုံး၊ ကြက်ပေါင်းရည်၊ ချိစ်၊ မာဂျရင်း၊ သစ်သီးဖျော်ရည်ဗူးများ၊ ဒေါ့မှာသတ္တာ၊ ကိုကာကိုလာ၊ သီဟိုဠ်ဆန့်အဆုံး ထွေလီကာလီ စုံအာကာစေ့အောင် ဝယ်ချလာတတ်သည်။

စက်ဝိုင်းရောက်လာလျှင် မင်းထယ်တို့အိမ်ရဲ့ ကျွန်းစားပွဲ



ရှည်ပေါ် စားသောက်စရာတို့ ပြည့်သွားတတ်သည်။

မင်းထယ်က ဖေကြီးနှင့်အိမ်မှာ ဝိုင်းမဖွဲ့ပေမယ့် စက်ဝိုင်းနှင့်ကတော့ ဘီယာသောက်ဖော် သောက်ဖက်တွေပင် ဖြစ်လို့သွားချေသည်။

"ဒါကွာ . . . အသက်ကြီးမှ ငါနဲ့ စိတ်တူကိုယ်တူ သားတစ်ယောက် ထပ်ရသလိုပဲ . . . ဘုရားပေးတဲ့သားကြီး ရွေ့ချကွာ။ ဒါဟို့သားအဖ ပျော်ရွှင်တဲ့ အထိမ်းအမှတ် . . . ချီးယားစ်"

ဖေကြီးသည် စက်ဝိုင်းရောက်လျှင်

အတော်ပင်ပျော်မြူး အူရွှင်နေတတ်ပြီး စက်ဝိုင်း ရန်ကုန် ပြန်သွားလျှင်လည်း တဖွဖွရေရွတ်ပြီး လွမ်းနေတတ်သေးသည်။

သူ့ကို စက်ဝိုင်း ရန်ကုန်လိုက်ဖို့ခေါ်တော့ ဖေကြီးကိုပါ အတူလာနေဖို့ ခေါ်ပါသည်။

ဖေကြီးက၊ သူ့အရပ်ဒေသ၊ သူ့အိမ်ကိုပဲ သံယောဇဉ်ကြီးတတ်သူမို့ စက်ဝိုင်းကို အတာန်တာန် ငြင်းပယ်လိုက်တာ၊

"ကြည့်သေးတာပေါ့ကွာ . . . မင်းထယ်ဟိုမှာ အခြေကျ

www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုရင်တော့ အဖေလည်း သူ့ဆီလိုက်နေရမှာပေါ့။ အခုချက်ချင်းကြီးတော့ လိုက်မရသေးလို့ပါ သားကြီးရာ. . . နော်. . . အဖေမလိုက်ချင်လို့ မဟုတ်ပါဘူး။ အိမ်ကိုလည်း ပစ်ထားခဲ့လို့ မရသေးဘူး။ ပန်းချီဆွဲစရာတွေလည်း အလုပ်လက်စတန်းလန်းတွေနဲ့ မို့လို့ပါ။ နောက်ပိုင်းတော့ တမျိုးတဖုံကြည့်စီစဉ်တာပေါ့"

စသဖြင့် ဖေကြီး အကျိုးအကြောင်းပြောမှ စက်ဝိုင်းက လက်လျှော့ပြီး သူတစ်ယောက်ထဲ ခေါ်လာခဲ့တာ။ ရေလိုင်းကတော့ နောက်တစ်ပတ်မှ လိုက်ခဲ့ဖို့ အစီအစဉ်ကျသည်။

မင်းထယ်သည် တရေးရေးပြန်တွေးရင်း အိမ်ကို သတိရသည်။

ခပ်ဝေးဝေးမှ ဂစ်တာဝိုင်းတစ်ဝိုင်းရဲ့ သီချင်းဆိုသံတို့ ပျံ့လွင့်လာသောအခါ ပို၍မင် လွမ်းဆွတ်ချင်မိသည်။

တေးသီချင်း တပိုင်းတစကို ချာတိတ်တို့ ဝိုင်းအော်နေကြသည်မှာ သံပြိုင်ညီညာ ကီးဝင်လှသည်။

"ဒီရင်ခွင်မှာ နားပျော်ငှက်တွဲရယ်. . . ခံစားတတ်တယ် နားကျည်းတတ်တယ်. . . ငါမမေ့တတ်လို့ သံသရာလည်. . . ဒါလှည့်ဖျားခြင်းပဲ ဒါကံတရားပဲကွယ်. . . ငါနှိုးထမှ နှလုံးသား တစ်ခုကို မင်းက ငါ့ကိုစတေး. . ."



မင်းထယ်သည် ထိုင်ခုံပေါ်ခြေထောက်ပါတင်ကာ မျက်စိမှိတ် နားထောင်နေလိုက်သည်။

× × × × ×

www.burmeseclassic.com

မင်းထယ်နေလင်းသည် ဆံပင်ရေစိုတို့ကို တဘက်ဖြူဖြူနှင့် ပွတ်တိုက်တုတ်ခါရင်း မြည်လာသော ဖုန်းနှ်ဖုန်းသံကြောင့် ဒုတ်ကနဲ ရင်ခုန်သွားသည်။

အခုတော့ သူ့ဖုန်းကို ရင်းဂ်သံပြောင်းလိုက်ပြီမို့ မြူးဇစ်သံငြိမ့်ငြိမ့်လေး တစ်ခုပဲကြားရတာပါ။

ဒါပေမယ့် စိတ်ထဲမှာ မနေ့က ကောင်မလေးများ ဖုန်းများပြန်ပြီလားဟု ဖျပ်ခနဲထင်လိုက်မိတာ။

သူ့အထင် အမှန်နိုင်ဘူးဆိုတာလည်း သူ့ဘာသာတွေး



မိသား။

ပေါ်လာတဲ့ နံပါတ်ကို ကြည့်လိုက်တော့ မန္တလေးက ဖုန်း။

"ဟက်လို"

"မင်းထယ် . . . ငါပါ . . ."

"ဟား . . ရေလှိုင်း မင်းဆက်တာ အတော်ပဲကွာ။ ကျော်ဝိုင်း ဖုန်းကလုံးဝခေါ်မရဘူး။ ဇေရိယာပြင်ပချည်းပဲ တမနက် လုံးဖြစ်နေတာ ငါ့ကို မနက်ဆယ်နာရီလာခေါ်မယ် ပြောထား တော့ ငါဖြင့် သူ့ကို တစောင့်စောင့်နဲ့ကွာ။ စက်ဝိုင်းက ပေါ်ကို မလာဘူး။ အခုညနေပဲ ရှောက်ပြီ။ သူဘာဖြစ်နေလဲ မသိဘူးကွ ကျွဲ့ဖုန်းကို ဆက်ကြည့်တော့လည်း သူမလာဘူးတဲ့။ အိမ်ဖုန်း ကတော့ ငါ့မှာ မရှိတာနဲ့ . . ရှာ. . . ."

"ဟော့ကောင် မင်းသူ့အိမ်ဖုန်းတွေဘာတွေ သွားမဆက်

"ဘာလို့လဲ"

"နောက်မှ ငါပြောပြမယ်။ အခု စက်ဝိုင်းက ဘာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီကွ"

"ဘာ မန္တလေးမှာ"

"ဒီမနက် အစောကြီး ထွက်လာတာလေ အခုရုပါကျော် ဆီလစ်ပြီ"

မင်းထယ်အံ့အားသင့် မျက်မှောင်ကုပ်မိသည်။

သူနှင့်အတူ အန္တလေးက ပြန်ရောက်တာ ဘာကြောင့်များ လို့ပဲ။

အခု ဘာမပြောညာမပြောနဲ့ ဟိုကိုလှစ်ခနဲ ပြန်ရောက်သွားပြန်ပြီ။

"ငါ့ကိုလည်း မပြောဘူးကွာ။ အဲ့ဒီ စက်ဝိုင်း ဘာလုပ်စရာလဲ"

မင်းထယ်စိတ်ပျက်ပျက်နှင့် ညည်းညူမိသည်။

"သူဟာနဲ့သူ ပျာနေပြီလေ။ မင်းကိုခေါင်းထဲ ဘယ်ထည့်နိုင်တော့မလဲ"

"ဘာဖြစ်လို့လဲကွ"

ရေလှိုင်းက ဘာမှပြန်မပြောပဲ လခဏငြိမ်နေ၏။



"ရေလှိုင်း"

"ဟော. . ."

"ကြားရဲ့လား. . ."

"ကြားပါတယ် ငါဘယ်လိုပြောရမလဲလို့ စဉ်းစားနေတာ"

"ဘာကိုလဲ"

"မင်းထယ်. . . လောလောဆယ် မင်းအဲ့ဒီ တိုက်ခန်းမှာပဲ ခဏနေဦး. . . ဆိုဒ်ထဲလည်း မသွားနဲ့ဦး"

"ဘာလဲကွာ. . . ငါက အလုပ်မရှိဘာမရှိ ဒီအတိုင်းထိုင်နေရမှာလား"

"မင်းဘာမှ အားနာမနေနဲ့. . . နောက်မှ စက်ဝိုင်းကျည့်စီစဉ်ပေးမှာပေါ့ကွာ"

"ဟာကွာ. . . ငါက သူ့ဆီက လခပိုက်ဆံလည်း ကြိုယူထားသေးတာ"

"ဘာမှ မဖြစ်ဘူး အဲ့ဒါစက်ဝိုင်းအတွက် အသေးအဖွဲပါ ဟိုကလည်း သော်ဒါချင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဘယ်ကောင်းမလဲကွာ"

"မင်း သိပ်အားအားယားယား မနေတတ်ဘူးဆိုလည်း ပန်းချီဆွဲနေပေါ့ကွာ ဘာဖြစ်သေးလဲ"

"နေစမ်းပါဦး စက်ဝိုင်းက ဘယ်တော့ ပြန်လာမှာလဲ"

"အဲ့ဒါတော့ ငါလည်း မသိဘူး"

"မင်းကို ဘာမှမပြောဘူးလား"

"မပြောဘူး"

"သူက တစ်လ ကိုးသီတင်းကြာနေမှာ မို့လို့လား"

"မပြောတတ်ပါဘူး ဆိုနေမှကွာ. . . သူတစ်ယောက် ထဲ ပျာယီပျာယာတော့ ဖြစ်တာပဲ. . .။ ဒီမှာလည်း ရှုပါကျော်က သူ့ကို လက်ထပ်ခိုင်းနေပြီ။ အဲ့ဒီမှာလည်း သူ့အဘွားက ကောင် မလေးတစ်ယောက်နဲ့ စေ့စပ်ပေးတော့မှာတဲ့"

"ဟုတ်လား စက်ဝိုင်းတော့ ဝိုင်းကြီးပတ်ချာလည်နေ တာပေါ့"

"အေးကွာ သူကျ နှစ်ယောက်တောင် အားကျလိုက် တာကွာ. . . နော်. . ."



"အရေးထဲ အားကျနေရသေးတယ်။ ပိုနေရင်လည်း ပင်းဆီ တစ်ယောက်မျှခိုင်းလိုက်ပါလား"

မင်းထယ် ရွဲ့ပြောလိုက်၏။

"ငါ့ဆီကတော့ မျှမှာမဟုတ်ဘူး မင်းဆိုရင်ကော့ ဖြစ်နိုင် ဒီအများကြီးရှိတယ်"

"ဟာ. . . ဒီကောင် ပေါက်ကရ"

"တကယ်ပြောတာ မင်းထယ်ရ မင်းနဲ့ စက်ဝိုင်းနဲ့က ရုပ်ချင်းလည်း ဒီလောက်တူနေတာ သူ့နေရာမင်းအသာလေး ဝင်လို့ရတယ်. . . ဟဲ. . . ဟဲ. . ."

"ဟော့ကောင် ရေလှိုင်း။ ဘာတွေလျှောက်ပြောနေတာ ပဲ။ စကားနောက်တရားပါ။ မင်းကွာ"

"ဒါ့ လုပ်ကြံ ပြောနေတာလို့ မင်းထင်လား ဒါစက်ဝိုင်းရဲ့ စိတ်ကူးပဲ။ အဟဲ. . . ငါအကြံပေးတာလည်း ပါတာပေါ့"

မင်းထယ်သည် မယုံနိုင်အောင် အံ့ဩသွားမိသည်။

စက်ဝိုင်းရဲ့ စိတ်ကူး။

မကြံကောင်းမစည်ရာ။

www.burmeseclassic.com

www.burmeseclassic.com



"သူ့လက်ခံလိုက်တော့ ငါတောင်အံ့သြသွားတယ်။ ဒါပေမယ့် စဉ်းစားကြည့်လိုက်တော့ ဖြစ်နိုင်တယ်ကွ။ ဟား. . . ဟား. . ."

"ဇော်. . . ဇော်. . . အဓိပ္ပါယ်မရှိတာတွေ ရေရွတ်မနေနဲ့ လိုရင်းကိုပြော"

"လိုရင်းကတော့ မင်းအဲ့ဒီတိုက်ခန်းမှာဘဲ ဇိမ်နဲ့နှပ်နေလိုက်ဦး ဒီလ အလုပ်ဝင်စရာမလိုတော့ဘူး။ ဩော်. . . မင်းဆံပင်တွေဘာတွေတော့ သွားမညှပ်ပစ်နဲ့ဦး. . . ကြားလား"

"မင်းနဲ့ ဆံပင်အတိုနဲ့ မလိုက်ဘူးကွ"

"ဒါကတော့ လူတစ်ကိုယ် အကြိုက်တစ်မျိုးပဲလေ"

"ပြောမရလည်း နေကွာ မင်းဆီစက်ဝိုင်းဖုန်းဆက်ဦးမှာပါ။ အဲ့ဒီကျရင်ခဲ့အာ မင်းသေချာ ပြန်ဆွေးနွေး စက်ဝိုင်းကိုခင်တယ်ဆိုပေမယ့် မင်းနဲ့ ငါနဲ့က ငယ်ပေါင်းလေကွာ ဘာပဲဖြစ်ဖြစ် မင်းကောင်းစားမယ်ဆိုရင် ဝမ်းသာ ကျေနပ်ပါတယ်ကွာ"

ဒီနေ့ ရေလှိုင်း ပြောစကားတွေက တော်တော်ရောက်



ပြောက်ရောက်နှင့် အဓိပ္ပါယ်ကောက်ရ ခက်လှသည်။

"ကဲ. . . အပိုတွေ သိပ်မပြောနဲ့. . . မင်းဘာယိုနေ့ ထွက်လာမှာလဲ ရေလှိုင်း"

"အခြေအနေအရပဲ"

ဒါက ရေလှိုင်း လက်သုံးစကားပင်။

သူသည် ရေလှိုင်းရဲ့ မတင်မကျ မရေမရာစကားတို့ကြောင့် အနည်းငယ်တော့ စိတ်ရှုပ်သွားရသည်မှာ အမှန်။

ရေလှိုင်းဖက်က ဖုန်းချသွားသောအခါ သူ့အဝတ်အစားလဲရင်းခေါင်းထဲ အတွေးမျိုးစုံ တွေးနေမိ၏။

စက်ဝိုင်းက ဘာသဘောပါလိမ့်။

ပြောတုန်းက သူ့ကို အလုပ်တန်းခန့်လိုက်ပြီ ဆိုပြီး ဂျခုတော့ ဒီမှာပဲ ကျောက်ချနေဦး ဆိုပါလား။

ဒီတောင်ကိုယ်က ဇယားများတဲ့ကောင်ပဲလေ။

မင်းထယ်နေလင်းက သက်ပြင်းတချနှင့် အခန်းတွင်းမှထွက်လာသည်။

ဒီနေ့ အမြင်မှာ ရာသီဥတုက ခပ်အေးအေးနှင့်မို့

www.burmeseclassic.com

www.burmeseclassic.com



သူလည်း မှိုတက်ဂျင်းဘောင်းဘီခဲရောင်နှင့် အပေါ်က စပို့ရှပ် လက်ရှည် အဲ့ဒီအကျီပေါ်ကမှ လယ်ယာ အနက်ဝေ့စကုပ်ကို ထပ်ဝတ်ထားလိုက်တာဖြစ်သည်။

ဧည့်ခန်းမှာ ချိတ်ထားတဲ့မှန်ထဲ သူ့မျက်နှာကို လှမ်းကြည့်မိတဲ့အခါ စက်ဝိုင်းနှင့် အတော်ကြီး တူနေသည်ဟု ခံစားမိသည်။

ဘာကြောင့် ဒီလောက်တူရတာလဲ။

ထိုအဖြေကို သူရော စက်ဝိုင်းရော အတော်ကြီးသိချင်ခဲ့သည်။ အတော်ကြီး ခေါင်းစားခဲ့သည်။

သို့သော် တကယ်တမ်း ဘာမှအထူးခြား။

မင်းထယ်က ခေါင်းတစ်ချက် မသိမသာ ယမ်းမိရင်း အိမ်တံခါးပိတ် မိန်းချဖို့ ရည်ရွယ်သည်။

ဒီညနေတော့ တစ်ယောက်ထဲ လျှောက်မသွားချင်တော့ပါ။

သူအနည်းငယ် ပျင်းရိနေပြီ။

လူဆိုသည်မှာ အမှန်တကယ် အဖော်လိုအပ်ပါလား။



ဘယ်သူ့ဆီသွားရင် ကောင်းမလဲ။

ဟာ. . . ဟုတ်ပြီ။ သန့်စင်. . .။

သန့်စင်ဦး

ထိုသူငယ်ချင်းမှာ စမ်းချောင်းဖက်တွင် နေသည်။ မင်းထယ်နေလင်းသည် စိတ်ကူးကို ချက်ချင်း အကောင်အထည်ဖော်လိုက်၏။

ပေးထားသော ဖုန်းနံပါတ်ကို ခေါ်ကြည့်လိုက်၏။

ကံကောင်း ထောက်မစွာသန့်စင်နှင့် တိုက်ရိုက်တိုးသည်။

အကျိုးအကြောင်း ပြောကာသန့်စင်နှင့် ချိန်းလိုက်ပြီးလျှင် နောက်နာရီဝက်ခန့် အကြာမှာတော့ မင်းထယ်နှင့် သန့်စင်တို့ မြေနီကုန်းမီးပွိုင့် ရွှေမန်းရုပ်ရှင်ရုံနံဘေးက Come On မိုဘိုင်းဖုန်းဆိုင်လေးမှာ ဆုံမိကြသည်။

သန့်စင်က ဟန်းနိဆက်တွေ ကြည့်ရှုလှေ့လာပြီးနောက် အပြင်သို့ ပြန်ထွက်ခဲ့ကြသည်။

"ငါကွာ. . . အရမ်းပျင်းနေတာ. . ."

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ငါနဲ့ နေ့တိုင်း ဆုံမယ်လေ ငါလည်းသင်တန်း ချိန်ကလွဲရင် အားနေတာပဲ"

သန့်စင်ကလည်း မင်းထယ်နှင့်တွေ့ရတာကို ဝမ်းသာ အားရပျော်ရွှင်နေပါသည်။

"ရေလှိုင်းလည်း ရန်ကုန်လာမယ်ကွ"

"ဟုတ်လား. . . ငါတို့မတွေ့တာကြာပြီ ဒီကောင်ကြီး ရောဘာတွေလုပ်နေလဲ"

"ကားပွဲစားလေ. . . ဟား. . . ဟား. . ."

"နဂိုကတည်းက ဒီကောင်က လူလည်ပဲဟာ"

"အေးလေ ဆရာကြီး သူ့ပဲ ငါတို့ဆရာတင်ရတာ"

သန့်စင်နှင့်အားပါးတရ စကားတွေ ပြောရင်း လမ်းကို ဖြတ်ကူးလိုက်ကြသည်။

သန့်စင်ဦးက သင်္ဘောသား လုပ်ဖို့သင်တန်းတက်နေ တာဖြစ်သည်။

မင်းထယ်ကတော့ ရန်ကုန်ကို အလုပ်ကိစ္စတစ်ခုနှင့် လာကြောင်းသာ သန့်စင်ကိုပြောရသည်။



သူစကားမှားလို့ မဖြစ်သေး။

အခြေအနေက ဘာမှန်းမသိ။

မယုတ်မလွန် ဆုတ်သာတက်သာ အသိပေးထားတာ အကောင်းဆုံး။

စက်ဝိုင်းဖက်က အလုပ်ခန့်ပေးဖို့ မဖြစ်နိုင်ဘူးဆိုရင် လည်း သူမန္တလေး ပြန်သင့်ပြန်ရဦးမှာလေ။

"မင်းရော သင်တန်းလေးဘာလေး မတက်ဘူးလား"

"မတက်သေးပါဘူးကွာ"

"အန်ကယ်လ်ဦးဇော်ရော နေကောင်းရဲ့လား"

"ကောင်းတယ်။ ဖေကြီးကတော့ မော့ဖြဲမော့လျှက်ပေါ့ ကွာ ထုံးစံအတိုင်း"

"ငါလည်း မန္တလေးမရောက်တာ အတော်ကြာနေပြီ"

သန့်စင်က သူ့လည်ပင်းကို ဖက်ကာ လမ်းကိုပြေး ကူး လိုက်ပြီးနောက်။

"မင်းဘာစားမလဲ နေလင်း"

"မဆာသေးပါဘူးကွာ. . . နောက်မှပဲ ဆိုင်တစ်ခုခုဝင်

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ ငါကွာ ရန်ကုန်ထွက်လာတာ ဂစ်တာယူလာဖို့တောင် သတိမရဘူး။ ဂစ်တာတစ်လုံးလောက် ဝယ်ရမယ်"

"ဒါဆိုအတော်ပဲ ဟော့ကောင် ဒီမြေနီလမ်းကလေးထဲမှာ ဂစ်တာဆိုင်တစ်ခုရှိတယ်ကွ ကြုံနေတာပဲ ဝင်ကြည့်မလား။ ငါလည်း ငါ့အမေ မျက်မှန်ပါဝါတိုးဖို့ အဲ့ဒီနားက Ever Vision မျက်မှန်ဆိုင်မှာ အပ်ထားတာ သွားရွေးပေးရဦးမယ်ကွ"

"ဒါဖြင့် ကြည့်လေ ကောင်းသားပဲ"

သူတို့နှစ်ယောက်သည် ရွှေမန်းရုပ်ရှင်ရုံရှေ့ဖက်က မြင်နေရတဲ့ မြေနီလမ်း ကလေးတစ်လျှောက် ဖွင့်ထားတဲ့ ဆိုင်တန်းများ ရှေ့ကနေ အေးအေးဆေးဆေး လျှောက်လာခဲ့ကြသည်။

စားသောက်ဆိုင်၊ ဓါတ်ပုံဆိုင်၊ စာအုပ်ဆိုင်၊ အလူမီနီယံဆိုင် စသဖြင့် အတော်ကလေးဖြတ်လာပြီးနောက် မိုးဟိန်းတူရိယာဆိုင်သို့ ရောက်လေသည်။

"ဟော်လိုဂစ်တာ ကြည့်ချင်လို့"

"ရပါတယ်ရှင် ဝင်လေ့လာပါ"



ဂစ်တာဆိုင်က အစ်မက ဖော်ဖော်ရွှေရွှေပင် ဂစ်တာမျိုးစုံပြပေးသည်။

မင်းထယ်နေလင်းက နှစ်သောင်းနှင့် ဂစ်တာတစ်လက် စိတ်ကြိုက်ရွေးဝယ်လိုက်သည်။

"ဒီလောက်ဆို ငါအပျင်းပြေ ခေါက်လို့ရပြီကွ"

မင်းထယ်ကျေနပ်သွားသည်။

အဲ့ဒီနောက် Ever Vision မျက်မှန်တိုင်သို့ ရောက်လေသည်။

"ဒီဆိုင်လေးက မသိသူကျော်သွား သိသူ ဖော်စားပဲဟော့ကောင်"

"မျက်မှန်က စားလို့ရလို့လား. . . ဟား. . . ဟာ. . ."

"ဟာ. . . နေလင်းရ မျက်မှန်ကောင်းကောင်းလေးကို ဈေးသက်သက်သာသာနဲ့ ရဖို့ကလည်း အရေးကြီးတာပဲ။ ငါ့အဖေ အမေရော အဘွားရော ဒီဆိုင်လက်စွဲပဲကွ"

"ဟုတ်လား"

မျက်မှန်အမြဲတမ်း တပ်ထားရတဲ့ သန်စင်ဦးက ဆိုင်ကို

www.burmeseclassic.com

www.burmeseclassic.com



ညွှန်းပါသည်။

"အဘ ကျွန်တော့် မျက်မှန်ရပြီလား"

အသက်ရှစ်ဆယ် အရွယ်ခန့် အဘတစ်ယောက်ကို သန့်စင်က ကရင်းတန်းပဲ မေးလိုက်ပါသည်။

ထိုအဘက ကွမ်းယာဝါးရင်း ခေါင်းညိတ်ပြသည်။

ကောင်မလေးတစ်ယောက်က သန့်စင်အပ်ထားခဲ့ မျက်မှန်ဗူးကို ထုတ်ယူပေး၏။

သန့်စင်သည်သူ့ကိုပင်

"မင်းလည်း ကွန်ပျူတာ အမြဲကြည့်တာမှတ်လား မျက်စိကာဗာရအောင် မျက်မှန်တစ်လက်လောက် ဆောင်ထား ပါလားကွ ဒီမှာ ကွန်ပျူတာနဲ့ စမ်းကြည့်ပါလား"ဟု တိုက်တွန်းသဖြင့် သူပင် မျက်မှန်စမ်းသပ်ကြည့် ဖြစ်သွားလေသည်။

ဆိုင်က အဘဦးတင်ဝင်းက စိတ်ရှည်သလို သဘောလည်းအလွန်ကောင်းမွန်ရာ မင်းထယ်ပင် မရည်ရွယ်ပဲ ရောင်ကိုင်း အပြာလေးကိုရွေးပြီး Multi Coating ပါသော ရောင်ခြည်ကာ ကွယ်ပေးသည့်မှန်နှင့် တပ်ဆင်ကာ သူ့အတွက် သင့်တော်သော မျက်မှန်တစ်လက်ကို ရွေးချယ်အပ်နှံဖြစ်လေသည်။



အဲ့ဒီဆိုင်ကပြန်အတွက်မှာတော့ မင်းထယ်နေလင်းနှင့် သန့်စင်ဦးတို့သည် ခပ်နီးနီးက City Mart ဆီသို့ စကားတပြောပြောနှင့် ဆက်လျှောက်လာခဲ့ ကြသည်။

စီးတီးမတ်ရောက်တော့ အပေါ်မတက်သေးပဲ သန့်စင်က သူ့တူလေးအတွက် ပန်းချီပုံဆွဲစာအုပ် ဝင်ရှာသည်။

မင်းထယ်သည် ဂစ်တာအိတ်ကြီး လွယ်လျက်သားသူ့ပုံစံကြောင့် အနည်းငယ် ကသိကအောက်လိုလို ဖြစ်နေသည်။

သူလည်း ဟိုကြည့် ဒီကြည့်နှင့် ဂျပန်စတိုင်လ်စားသောက်ဆိုင်လေးထဲ မှန်ချပ်မှ တစ်ဆင့်ဖျပ်ခနဲ လှမ်းကြည့်လိုက်မိ၏။

မျက်လုံးက အလိုလို အကြည့်ရောက်သွားတာပါ။

ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ကြောင့် သူ့အကြည့်မှာ ချက်ချင်းလွှဲဖယ်မရပဲ တခဏငေးမော ငြိမ်သက်ရပ်တန့်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေက ဘဲဥပုံဆန်ဆန်လုံးလုံးလေး။

မျက်ခုံးအစုံက ပုံပန်းကျနစွာ ထူမှောင်မှောင်လေး ထင်းခနဲ ဖြစ်နေသည်။

အသားအရေမှာ သိပ်အဖြူကြီး မဟုတ်ပေမယ့် အင်မတန် ကျက်သရေရှိပြီး ဆွဲဆောင်နိုင်သော မျက်နှာလေးမို့ တခဏအငိုက်မိနစ်မျောသွားရတာ။

အင်္ကျီဖြူလွှလွှပုံဆန်းဆန်းလေးနှင့် လည်ပင်းတဝိုက် ခရစ်စတယ်လ်လေးတွေ ဝိုက်ပြီး ကပ်ထားဟန်ကလည်း မျက်နှာလေးရဲ့ အလှကို ပိုမိုဖူးကြွ ဝင်းပနေစေသည်။

နှာကွင်းဝိုင်းဝိုင်းလေး ပန်ထားပြီး ဆံနွယ်ညိုညိုလေးတွေကို တစ်ဝက်ထုံးတစ်ဝက်ချထားတဲ့ပုံစံ စတိုလ်လေးဆင်ယင်ထားတာကြောင့်များ ဒီလိုကပိုကရိုလေးနဲ့ အကြည့်လွှဲမရဖြစ်စေတာလား။

ဘာကြောင့်မှန်းတော့ သေချာပြောမရ။

ကြည့်ကောင်းတာတော့ သေချာသည်။

နတ်သမီးလေးတစ်ပါး ကြော့ကြော့မော့မော့ကလေး



လိုင်နေသလား ထင်ရ၏။

မင်းထယ်နေလင်း ငေးနေမိဆဲမှာ သူမမျက်မှာလေးက ပြဟုလာကာ ရှေ့မျက်နှာချင်းဆိုင်က အတူပါလာပုံရသော ကဖော်ကောင်မလေးနှင့် ပြုံးရယ်ကာ စကားဆိုလိုက်တာ တွေ့ရသည်။

ပြုံးလိုက်သော မျက်နှာကလေးဟာ ဗိုတင့်တယ်သွား လသည်။

တစိမ့်စိမ့်ကြည့်နေချင်စရာလေးကွာ။

မင်းထယ်ရင်မှာ နှစ်လိုခြင်းများ ပြင်ပြစွာပေါက်ဖွား လာရသည်။

စကားပြောရင်းပင် သူမက ပန်းကန်ထဲက ရေညှိလိပ် လေးတစ်ခုကို တူနှစ်ချောင်းနှင့် ရွရွလေးညှပ် မ,ကိုင်ကာ နှုတ် ခမ်းလေးဟ၍ ဝါးလိုက်ဟန်ကပင် တကြိုးကကွက်ကလေး လှုပ်ရှားလိုက်သလို သူ့ရင်ကို နွေးစေသလို သူ့နှုတ်ခမ်းတွေကို ပါလိုလို ပြုံးလွှန့်လွှန့်ဖြစ်စေသည်။

မင်းက အမူအယာလေးလည်း သိပ်ချစ်ဖို့ကောင်းတာပဲ

www.burmeseclassic.com

www.burmeseclassic.com



စားသောက်နေတဲ့ ဟန်ပုန်လေးသည်ပင် အလွန်ချစ်ဖို့ကောင်း တာပဲ။ စားသောက်နေတဲ့ ဟန်ပုန်လေးသည်ပင် အလွန်စတိုလ် ကျပါသည်။ စကားလည်း တတွတ်တွတ်ပြော နှုတ်ခမ်းလေးလှုပ် ပြီးဝါးလည်းဝါး။

မင်းထယ်သည် ထိုနေရာလေးမှာပဲ ဆက်ပြီး မတ်တပ် ရပ်နေချင်သည်။ သူကလေးကို အခုလိုပဲ မျက်တောင်မခတ် စူးငေးစွာ ကြည့်နေချင်သည် ရင်ထဲမှာ ချိုမြိန်လွန်းလို့ပါ။ သို့သော် အခြေအနေကမပေး။

သန့်စင်က အလိုက်မသိလှစွာ သူ့ပုခုံးသာဖက်၍ ခေါ်ဆောင်သည်။

"အပေါ်တက်ရအောင် နေလင်း"

မင်းထယ်က မခွဲချင်စွာ သူမထံ တစ်ချက်မသိမသာ ထပ်ကြည့်သည်။

သန့်စင်မြင်သွားမှာလည်း မလိုလားဘူးလေ။

အသာခိုးကြည့်ရတာ။

အဲ့ဒီရွှေနားလးက ထွက်ခွါလာရတာပင် သူ့ရင်



ဟာတာတာကြီး ဖြစ်သွားရသည်။

"ဟယ် . . . သန္တာရေ"

"ဘာလဲ"

"ဟိုတစ်ယောက် . . . ဟိုတစ်ယောက် . . ."

ဝတ်မှုံက မှန်ချပ်လေးရဲ့ အပြင်တစ်နေရာ စကြီလေးကို လက်ညှိုးညွှန်ကာ

"စက်ဝိုင်းနဲ့တူလိုက်တာ ကိုယ်လုံးကိုယ်ထည်ရော လမ်းလျှောက်ပုံရော တူတယ်ဟဲ့ မျက်နှာကို မတွေ့လိုက်ရလို့သာ"

"ဩော် . . . နင့်မလဲ ဒီရောဂါက မသေးပါလား ဝတ်မှုံရဲ့"

"ဟွန်း . . . ဘာရောဂါလဲ ငါ့မှာ ဘာရောဂါမှ မရှိဘူး လုပ်မနေနဲ့"

"ပြောတော့ အဲ့ဒီစက်ဝိုင်းကို မကြိုက်ဘူးလေး တွေ့ဝေ လေးနဲ့ အခုမန္တလေး ခဏသွားတာလေးတောင် မျက်စိထဲမှာ တွေ့တဲ့သူတွေ စက်ဝိုင်းနဲ့ချည်း တူနေကြတယ်"

"ဟဲ့ . . တကယ်တူတာ နောက်ကနေကြည့်ရင်

www.burmeseclassic.com

www.burmeseclassic.com



စက်ဝိုင်းပဲ"

"ဟိုးက ဂစ်တာလွယ်ထားတဲ့ သူကို ပြောတာလား"

"အေးလေ"

ဖြစ်နိုင်ရင် သူ့မျက်နှာကိုတောင် ပြေးကြည့်လိုက်ချင်မိသေးရဲ့။

တအောင့်လေးမှာပင် ထိုလူက ဝတ်မှုံတို့မြင်ကွင်းထဲက ပျောက်သွားပါသည်။

"နင်တော်တော် သတိရနေပြီပေါ့နော်"

"အို. . . သတိရတယ်တော့လည်း မဟုတ်ပါဘူး"

"ကိုယ့်ခင်ပွန်းလောင်းလေးပဲဟာ ဖုန်းဆက်ကြည့်ပါလား"

"ဟင့်ဟင်း မဆက်ချင်ပါဘူးဟာ. . . သူတောင်တစ်ခါမှ ဖုန်းမဆက်တဲ့ဥစ္စာ"

"ဘွားနန်းနဲ့ရော"

"ဘွားနန်းကိုတော့ မနက်စောစောလှမ်းဆက်ပါတယ်"

"နင်နဲ့ရော စကားမပြောဘူးလား"



"ဟင့်အင်း. . ."

"ဘယ်လိုကြီးလဲ"

"ငါလည်း မသိဘူး"

"နင့်ကို သွားတုန်းကရော ဘာပြောလဲ ဘယ်နှစ်ရက်ကြာမယ်ဘာညာ"

"တစ်ပတ်လောက်ကြာမယ်တဲ့ ဘာမုန့်ဝယ်လာရမလဲတဲ့"

"ဟိ. . . ဟိ. . . မိုက်တယ်. . . နင်က မုန့်ကြိုက်တာနဲ့တော့ အတော်ပဲပေါ့. . ."

"ဘာမိုက်တာလဲ. . . သူပြောဆို ဆက်ဆံပုံက ငါ့ကိုကလေးမှတ်နေသလိုပဲ။ ဇနီးလောင်းလျာလို့ ခေါင်းထဲ ထည့်ထားပုံတောင်မရဘူး"

"ဘာပဲဖြစ်ဖြစ် နင်တို့နှစ်ယောက်ကို အင်ဂေ့ချ် လုပ်ပေးတော့မှာဆို. . ."

"အဲ့ဒါ. . . စိတ်ညစ်တာပေါ့. . ."

"စိတ်ညစ်တဲ့ မျက်နှာကြီးက ဟား. . . ဟား. . .

www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုံက နှာခေါင်းလေး ရှုံ့မြင်မိသည်။

စေ့စပ်ကြရတော့မယ်ဆိုတာ သိပေမယ့် ဝတ်မှုံရင်ထဲ ရှုပ်ထွေးနေရတုန်းပဲ။

သန္တာနှင့် ရှော့ပင်နံ့လွှက်လာရပေမယ့် ခါတိုင်းလို စိတ်လက်ပေါ့ပါးမနေပဲ လေးလံမွန်းကြပ်ခြင်း တစ်မျိုးက ဝတ်မှုံ နှလုံးသားကို ဖိစီးထားသည်။

ရှေ့ရေး ရှေ့ရာကို စိတ်မဝင်စားသလို ဖြစ်နေမိတယ် ထင်သော်လည်း စက်ဝိုင်းနှင့် ခပ်ဆင်ဆင်တူသော လူတစ်ယောက်ကို လှစ်ခနဲ လှမ်းမြင်ရုံနှင့် ရင်ထဲမှာ ဖျပ်ခနဲ တုန်လှုပ်သွားရပြန်တော့သည်။ ကိုယ့်ဘာသာပင် ပြုံးချင်မိသည်။

သန္တာတို့ ထင်ထားကြသလို နောင်ဆိုလျှင် ဝတ်မှုံက မိုးကုပ်စက်ဝိုင်းကို အားကိုးတွယ်တာမြတ်နိုးသွား နိုင်မလားကွယ်။

* * * * *

အမရာဝတ်မှုံသည် မီးရောင်ပြာလဲ့လဲ့ လင်းဖြာနေသော သူမရဲ့ အိပ်ခန်းလေးထဲ မွေ့ယာပေါ်ထိုင်ကာ ညဦးပိုင်းကမှ ...ိုးဆေးတင်ထားသော သူမရဲ့ လက်ချောင်းလေးများကိုတောင် ...ကော့ကြည့်လိုက်သည်။

ပန်းနုရောင်ပေါ် အနက်ရောင် စပေါ့တ်လေးတွေ ချယ် ...ထားတဲ့ ဒီဇိုင်းမို့ သူမနှစ်သက် သဘောကျမဆုံး။

လက်ကလေးကို မကြာခဏထောင်ကော့ ကြည့်နေ ...ိတာပဲကြည့်။ ဒီည မျက်နှာပေါ် နိုက်ခရင်မ်လိမ်းဖို့တော့ ...ျင်းနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မလိမ်းတော့ဘူးကွာ။ နေပဒေ။

ဝတ်မှုံက အိပ်ယာပေါ် လှဲချပစ်လိုက်သည်။ ထိုအချိန်မှာ မထင်မှတ်သော ဖုန်းမြည်သံလေးက ထွက်ပေါ်လာလေသည်။

ရုတ်တရက်မှာ စက်ဝိုင်းပဲဟုထင်မိ၏။

ဝေါက်ခနဲထပြီး ဖုန်းကို လှမ်းဆွဲမိတဲ့အချိန်မှာတော့ စက်ဝိုင်းမဖြစ်နိုင်ဘူးဟုလည်း ဇဝေဇဝါတွေးမိသည်။

သို့သော် ပေါ်လာသော နံပါတ်ကို ကြည့်လိုက်မိလျှင် ဝတ်မှုံ ရင်ဘတ်ကလေးပင် ဖိမိ၏။

ဘုရားရေ. . . သူပဲ. . .။

သူပြန်ခေါ်မလား ထင်မိတာ မှန်သွားပြီ။

ဝတ်မှုံ ရင်ခုန်မြန်သွားရကာ ရုတ်ခြည်းဖုန်းကို ပြန်မထူးပဲ ငြိမ်နေမိသည်။

ဖုန်းက နောက်တစ်ကြိမ်ပြန်မြည် လာပြန်သည်။

"ဟက်လို"

ဒီတော့မှပဲ ဖုန်းကို ဖွင့်၍ ခပ်တိုးတိုးထူးမိသည်။

"ဪ. . . ဘယ်သူလဲ မသိဘူးခင်ဗျား"



ပြန်မေး လိုက်သံကြောင့် ဝတ်မှုံက မျက်မှောင်လေး ကုပ်လိုက်မိသည်။

"ရှင်. . . အခုဘယ်ကိုဆက်နေတာလဲ"

"ဗျာ. . ."

"ကိုယ်ခေါ်တဲ့ ဖုန်းနံပါတ် ကိုယ်မသိဘူးလား"

"သိ. . . သိပါတယ်"

တစ်ဖက်က ခပ်မာမာစကားသံလေးကြောင့် စွန့်စား ဖုန်းခေါ်လိုက်ရတဲ့ မင်းထယ်မှာ နည်းနည်းတော့ လန့်သွား ရပါသည်။

တစ်ယောက်ထဲ အရမ်းပျင်းနေ ဝေါင်နေလို့သာ သူမနှင့် စကားပြောကြည့်ရမလား တွေးမိတာပါ။

"ဒါဖြင့် ဖုန်းမှားနေတာပေါ့"

"မမှားပါဘူး"

"ဘယ်လို"

"အခုပြောနေတာ နေလင်းပါ။ အိတ်တူးလေ မှတ်မိ လား။ တူးအိတ်က နေလင်းတော့မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရှုပ်နေတာပဲ"

"ခင်ဗျား မှတ်မိသွားပြီပေါ့"

"နေစမ်းပါဦး ရှင်က ကျွန်မဖုန်းကို ဘာကိစ္စနဲ့ ဆက်ရတာလဲ"

"ရှင်းရှင်းလေးပါဗျာ ခင်ဗျားနဲ့ စကားလေးဘာလေး ပြောချင်လို့ပါ။ အနှောင့်အယှက် ဖြစ်သွားလာတော့ မသိဘူး။ ခင်ဗျား ဘာလုပ်နေလဲ ဖုန်းပြောဖို့ အချိန်ရရဲ့လား"

သူက ယဉ်ယဉ်ကျေးကျေးနှင့် ခွင့်ပန်သောအခါ ဝတ်မှုံ ဘယ်လို ပြောရမည်ပင် မသိအောင် ဖြစ်သွားရသည်။

"ဘာသဘောမှ မဟုတ်ပါဘူးဗျာ။ တမျိုးမထင်ပါနဲ့ မိတ်ဖြစ် ဆွေဖြစ် ခင်မင်ချင်လို့ပါ။ ကျွန်တော်က အခုဒီရောက်ကာစဆိုတော့ မိတ်ဆွေ အပေါင်းအသင်းလည်း သိပ်မရှိဘူးဗျ။ အိမ်မှာတစ်ယောက်ထဲ ပျင်းနေတာနဲ့ ခင်ဗျားဆီ ဖုန်းခေါ်ကြည့်လိုက်တာပါ။ အဆင်မပြေဘူးဆိုရင်လည်း နောက်မှ ပြန်ဆက်ပါ့မယ်။ အားမနာပါနဲ့"

"အားမနာပါဘူး ဒါပေမယ့် ရှင့်ကို ခင်လို့စကားလက်ခံ



ပြောလို့ ဖြစ်ပါ့မလား စဉ်းစားနေတာ"

"ဗျာ. . . ဘာကြောင့်လဲ"

"ရှင့် မိသားစု ရှင့်အမျိုးသမီးတွေ ဘာတွေက ကျွန်မကို တမျိုးတမည်ထင်မှာပေါ့ ရှင့်ဖက်က အပျင်ပြေစကားပြောရအောင်ဆိုပေမယ့် ကျွန်မဖက်က သိက္ခာထိခိုက်မလား တွက်ရသေးတယ်"

"အဲ့ဒါတော့ စိတ်ချပါ။ ကျွန်တော် လူပျိုပါဗျာ မညာပါဘူး"

သူကအတည်ပေါက် သေချာပြန်ရှင်းပြသဖြင့် ဝတ်မှုံက နှုတ်ခမ်းလေး ကိုက်ကာ ရယ်ချင်သွားမိသည်။

လူပျိုပါတဲ့ . . ။ ပြောပုံက။

သူပြောတိုင်း ယုံရမှာကျနေတာပဲ။

"မယုံရင်လည်း စုံစမ်းကြည့်လို့ရပါတယ်။ အဲ့ . . . ဒီရန်ကုန်မှာတော့ ရမှာမဟုတ်ဘူး။ မန္တလေးကို လှမ်းစုံစမ်းရင်တော့ရမယ်။ ကျွန်တော်နဲ့ ကျွန်တော့်အဖေနဲ့ အိမ်မှာ နှစ်ယောက်တည်းနေတာ။ ကျွန်တော့် အဖေက ပန်းချီဆရာဦးဇော်မင်းဆိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါ။ မန္တလေးမှာကော့ လူသိများပါတယ်။ ကျွန်တော်ကတော့ သာမန်ပါပဲ"

"ကျွန်မ အကြောင်းကိုရော ရှင်သိသလား"

"ဟိုတစ်နေ့က ခင်ဗျားပြောတာလေးတွေတော့ မှတ်မိပါတယ်ဗျာ။ ဘာတဲ့ . . ဟဲ့ . . . နေလင်း . . . ကောင်စုတ်ရဲ့ နင် ငါ့အဘွားကို ဘာတွေသွားကျပ်တာလဲ . . . နင်တွေ့လိုက်တဲ့ သူက ငါ့အဘွားသဘောတူတဲ့ သူဟဲ့ . . . သိရဲ့လားဟွန်း . . ."

သူက မိန်းကလေး လေသံမျိုးပုံဖမ်းကာ ဟွန်းဟု အသံပြုကာ ပြန်ပြောပြလိုက်သဖြင့် ဝတ်မှုံက ရှက်ရယ်လေး အလိုလို ရယ်မိတော့သည်။

"ရှင်ကလည်း သိပ်နောက်ပါလား"

"ခင်ဗျား ပြောတဲ့ အတိုင်းပဲလေ"

သူ့စကားကြောင့် တဖက်က ကောင်မလေးရယ်မောလိုက်တာကြောင့် မင်းထယ်ကျော်နပ်ကာ အားတွေလည်း တက်သွားရပါသည်။

"အင်းလေ . . . အဲ့ဒီတော့ ရှင်ကျွန်မအကြောင်း



နည်းနည်းပါးပါးတော့ သိသွားတာပေါ့လေ"

"ခင်ဗျားက အဘွားနဲ့ နေတာလား။ အမေဘက်က အဘွားလား၊ အဖေဘက်က အဘွားကလား"

"အမေဖက်က"

"ဩော် . . မိဘ မောင်နှမတွေကရော"

"ဟင့်အင်း . . မရှိဘူး . . . ကျွန်မအတွက် အဖော်က ဘွားတစ်ယောက်ထဲပဲ"

"စိတ်မကောင်းပါဘူးဗျာ"

ထိုမိန်းကလေးနှင့် သူဟာ အထီးကျန်တာချင်းတော့ တူနေပုံရပါသည်။

ဝတ်မှုံသည် သူ့ကိုဘာကြောင့်မှန်းမသိ တရင်းတနှီးပင်။

"ဒါပေမယ့် အခုတော့ ဘဝအဖော်ကို အဘွားက ရွေးပေးလိုက်ပြီလေ။ မကြာခင် စေ့စပ်ပွဲလုပ်ဖြစ် လိမ့်မယ်ထင်တယ်"

"ခင်တာ နောက်ကျတယ်ဗျာ . . . နော် . . ."

"အို . . . ရှင်ကလည်း"

"ဒါပေမယ့် ခင်လို့ရသေးတယ် မဟုတ်လား ဖွန်းလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတရံ ပြောညာနဲ့တော့ ခင်ဗျားလူက သဝန်မတိုလောက်ပါဘူး . . နော်"

"သူကလား . . အဟင်း . . သဝန်တိုဖို့ နေနေသာသာ ကျွန်မကို အာရုံထဲတောင် သိပ်ထည့်ပုံမရပါဘူး"

ဝတ်မှုံသည် စိတ်ထဲက မကျေနပ်စိတ်ဖြင့် ထိုစကားကို လွှတ်ခနဲပြောမိပြီးမှ မှားပြီဟု ထင်မိသည်။

သူက သူစိမ်းယောက်ျား တစ်ယောက်လေ။

တော်ကြာ ဝတ်မှုံအပေါ် အထင်သေးသွားမှဖြင့်

"ဟိုလေ . . ကျွန်မပြောတာက သူက အရမ်းအလုပ်များပြီး အချိန်မရတဲ့သူလေ ကျွန်မကို သိပ်ပြီး အချိန်မပေးနိုင်တဲ့သဘောပါ"

"ဟုတ်ကဲ့ နားလည်ပါတယ် . . ခင်ဗျားတို့ စေ့စပ်ကြောင်းလမ်းပြီးသွားပြီဆိုရင်လည်း ကျွန်တော်နဲ့ဆက်ပြီး စကားပြောခွင့်တော့ပေးဗျာ"

သူကလည်း တမျိုးပါလားနော်။

စေ့စပ်ထားသူရှိလည်း ဂရုမစိုက်ပါဘူးဆိုတဲ့ သဘော



များလား။

ဝတ်မှုံက မျက်ခုံးလေး စုပင့်မိ၏။

ရုံးမှာ နေလင်းတို့ နောက်ပြောင်ကြသလို ဖြစ်နေပြီတင်သည်။

"ဟဲ့ နင်သွားကြိုင်နေတဲ့ ကောင်မလေးက နံပါတ်ကြီးနဲ့နော်။ ညနေဆို သူ့ဘဲက လာကြိုတာ သတိလည်း ထားဦး"

"ရည်းစားရှိတာလေးများဟာ ဘာဖြစ်လဲ ယောက်ျားရှိတာမှ မဟုတ်တာ"

"နင်ကတော့လေ ယောက်ျားရှိရင်လည်း ကလေးမှမရှိတာ ရပါတယ်လို့ ပြောဦးမှာပဲ။ ကလေးရှိရင်လည်း ကလေးကတစ်ယောက်ထဲပဲဟာ နှစ်ယောက်သုံးယောက်မှ မဟုတ်တာလို့ ပြောဦးမှာ ကလေးသုံးယောက်ရှိရင်လည်း ဆယ်ယောက်ရှိတာမှမဟုတ်တာလို့ မရရအောင် ဖြေသိမ့်မယ့်ကောင် . . သိလား"

"ဟား . . . ဟား . . . ဟား . . ."

ဝတ်မှုံသည် ထိုစကားသံ ရယ်သံတို့ကို ပြန်ကြားယောင်မိကာ ပြုံးတုံ့တုံ့ပင် ဖြစ်သွားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှိုးရှိုးသားသား သဘောပါ။ ခင်ဗျား တမျိုးတော့ မတွေးလိုက်နဲ့"

"အောင်မယ် တွေးစရာလား"

"အားပါး. . . စွာလိုက်တာဗျာ"

"ခပ်စွာစွာပဲ ကြောက်ရင် မခင်နဲ့ပေါ့"

"မရဘူး ခင်မိသွားပြီ"

"ကိုနေလင်း"

"ဗျာ. . ."

"တစ်ခုမေးမယ်"

"မေးဗျာ"

"ရှင့်ဆီကို ဖုန်းဝင်သွားတာ ကျွန်မဖုန်း တကယ်မှားတာပါ။ ရှင်အဲ့ဒါကိုများ တစ်မျိုးထင်ပြီး ကျွန်မကို လျှော့တွက်နေသလား"

"မဟုတ်ရပါဘူးဗျာ"

"တကယ်နော်"

"ခင်ဗျား အသံလေးကတော့ တကယ်လန်းတယ်ဗျာ"



"အသံတော့မသိဘူး. . . ရုပ်ကတော့ ခိုးတယ်ရှင့်"

"မထင်ဘူး ခင်ဗျားက မိန်းမချောလေးပဲ ဖြစ်မှာပါ။ ဖ့ဟဲ ကျွန်တော် စီးတီးမတ်မှာ တွေ့လိုက်တဲ့ ကောင်မလေး ဟစ်ယောက်ဗျာ။ မျက်နှာလေးက တအားကို ကျက်သရေရှိပြီး ကွဲဆောင့်မှု ရှိတယ်ဗျာ သိလား"

"သြော်. . . ရှင်က အပျင်းပြေအောင် ကောင်မလေး တွေ လိုက်ကြည့်နေတာပေါ့လေ"

"တမင်တကာ လိုက်ကြည့်တာ မဟုတ်ပါဘူး ကြုံလို့ပါ"

"ကြုံလို့ငမ်းလိုက်တာလား ဟင်း. . . ဟင်း. . ."

"အင်္ကျီအဖြူလေးနဲ့ ချစ်စရာလေးဗျာ။ မျက်စိထဲကကို ပထွက်ဘူး။ ခင်ဗျားကိုလည်း ကျွန်တော့်စိတ်ထဲမှာ အဲ့ဒီကောင်မ လေးနဲ့တူတယ်လို့ပဲ မြင်ယောင်ကြည့်လိုက်မယ်လေ ဘယ်လိုလဲ"

သူက အပြင်မှာ တွေ့ရအောင်ဟု မတောင်းဆိုတာ ကိုပင် သူမက အမှတ်ပေးလိုက်မိပါသည်။

သူ့စကားသံနားထောင်ရင်း သူဟာ စိတ်သဘော ပနော ကောင်းမည့်သူဟု ဝတ်မှုံရဲ့ စိတ်မှာ အလိုလိုထင်မိ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထို့ကြောင့်လည်း သူ့ကို တရင်းတနှီးနှင့် အလိုလို ပြောရဲဆိုရဲ ဖြစ်မိသည်။

သူနှင့်ဂုဏ်မှူးဟာ တစုံတရာရဲ့ ဇာတ်ဆောင်မှုကြောင့်လား မပြောတတ်ပါ။

ဖုန်းထဲမှာ စကားဆိုရတာ ခါတ်ကျလေသည်။

ဤကဲ့သို့ ခါတ်ကျခြင်းမှာလည်း ထူးခြားနေပါသည်။

"ဒါပေမယ့် အဲ့ဒီကောင်မလေးက စကားလည်း များမယ့်ပုံပဲ။ အစားလည်း ပုပ်မယ့်ပုံပဲဗျာ သိလား"

မင်းထယ်ရင်ထဲမှာ ချစ်စနိုးနှင့် ပြုံးစစဆိုမိ၏။

"ကျွန်တော်ကြည့်နေတဲ့ အချိန်မှာ ပါလာတဲ့သူ့ သူငယ်ချင်းနဲ့ စကားတွေလည်းပြောတယ်။ ပြီးတော့ အစားကို လည်း ပလုတ်ပလောင်းနဲ့ ပါးလေး ဖောင်းအောင်စားနေတာဗျ သိလား"

"အို . . . ရှင်တော်တော်ဆိုးပါလား မိန်းကလေးတစ် ယောက် လွတ်လွတ်လပ်လပ် မုန့်စားနေတာကို သွားခိုးကြည့်ရ



လား"

"သူက သိပ်ချစ်ရာကောင်းလို့ အမှတ်တမဲ့ကြည့်မိတာ ပါဗျာ။ မရိုးတဲ့ သဘော မပါပါဘူး"

"ဟွန်း . . . ယုံစရာပဲ"

ဝတ်မှုံက နှုတ်ခမ်းလေး တစ်ချက်မဲ့ရင်း သူ့အဲ့လို အပြင်မှာ မိန်းကလေးတွေကို လျှောက်ငမ်းနေတာလားဟု ပလိုတမာ တွေးမိသည်။

ပြီးလျှင် တဆက်တည်း အဲ့မိန်းကလေးက သိပ်များ ဟုပ ဆွဲဆောင်မှုရှိသလားဟု မနာလိုဖြစ်ချင်မိသည်။

နေစမ်းပါဦး တစ်နေ့က သူမလည်း စီးတီးမတ် ရောက်ခဲ့ သေးတာပဲ။

သန္တာနဲ့လည်း စကားတွေပြောနေမိသေးတာပဲ။ ပြီးတော့ အဲ့ဒီနေ့က ဝတ်မှုံဝတ်ထားတဲ့ အင်္ကျီကလည်း ရွှေတယ် ကျောက်လေးတွေ ရင်ညွန့်နားမှာ ကပ်ထားတဲ့ အင်္ကျီ ပြုပဲဟာ။

တစုံတစ်ယောက် စေ့စေ့ကြည့်နေတယ်လို့ ထင်မိတို့

www.burmeseclassic.com

www.burmeseclassic.com



ဖျပ်ခနဲရှာဖွေလိုက်တဲ့အခါ ဂစ်တာကြီးလွယ်ထားတဲ့ လူရွယ် တစ်ယောက်ကိုပဲ နောက်ဖက်ကနေ လှမ်းမြင်ခဲ့ရတာ။

အမရာဝတ်မှုံက မရေမရာနှင့် မျက်မှောင်လေးကုပ် လာမိပါသည်။

"ကိုနေလင်း"

"ဗျာ"

"ရှင်ဘယ်အချိန်လောက်က စီးတီးမက်ရောက်လာ တာလဲ"

"အတိအကျတော့မသိဘူးဗျ ညနေစောင်းပဲ"

ဟင်. . . ဝတ်မှုံတို့လည်း ညနေစောင်းပဲ အဲ့ဒီဆိုင်မှာ ထိုင်ခဲ့တာ သူမစိတ်အာရုံထဲ တစုံတရာကို သဲသဲကွဲကွဲ ဖြစ်လာမိ၏။

"သူ့ကို. . . ဘယ်ဆိုင်မှာ တွေ့တာလဲ"

"အဲ့. . . အဲ့ဒါလည်း မသေချာဘူးဗျာ။ ဆိုင်လှလှ လေးပဲ။ ဂျပန်စတိုင်လား၊ ကိုရီးယားစတိုင်လ်လား မှန်ချပ်လေး နားမှာ သူထိုင်နေတာ"

ဝတ်မှုံသည် တအံ့တဩ နှုတ်ခမ်းလေးပင် ပွင့်ဟသွား



ပါ၏။

ဘုရားရေ သူဝတ်မှုံကို တွေ့ခဲ့တာလား။

ရင်ထဲ တဆတ်ဆတ် ခုန်လှုပ်လာမိသည်။

ဒီအတိုင်းဆိုရင်တော့ ဖြစ်နိုင်ဖို့ များပါသည်။

"အဲ့ဒီကောင်မလေးက အင်္ကျီဖြူလေးနဲ့ ဟုတ်လား"

ဝတ်မှုံ တစ်ခွန်းထပ်မေးမိသည်။

"ဟုတ်ပ့ါဗျာ။ နားကွင်းအဝိုင်းကြီးနဲ့ ဆံပင်လေးတောင် ထိပ်နားမှာ ထုံးထားသေးတယ်။ ဘာလဲ အဲ့ဒါခင်ဗျားပဲ ဖြစ်နေ ပြီထင်တယ် ဟုတ်လား. . . ဟား. . . ဟား"

"ရှင်. . . ကျွန်မကို နဂိုကတည်းက သိနေတာလား"

"ဗျာ. . . မသိပါဘူး. . . ကျွန်တော်က တမင်နောက် ပိတာပါ။ တကယ်ပဲ ခင်ဗျားနဲ့ တူနေလို့လား. . . ဟုတ်လား"

ဒီတစ်ခါ အံ့အားသင့်ရသူက မင်းထယ်နေလင်းပါ။

သူ့ရင်တွေ တလှပ်လှပ်နှင့် အခုန်မြန်လာရ၏။

"ခင်ဗျား. . . အမှန်အတိုင်းပြော၊ အင်္ကျီအဖြူလေးနဲ့ ခင်ဗျားပဲပေါ့။ ခင်ဗျား နောက်နေတာလား. . . ဟား. . .စူးဆန်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာဗျာ။ နတ်ဒေဝါတွေ ဖန်ဆင်းပေးတာလား။ တစ်ခုခု တော့ တစ်ခုခုပဲ။ ဒီလောက်တိုက်ဆိုင်နေတာ။ ဟုတ်မှတ် ဟုတ်ရဲ့လားဗျာ"

မင်းထယ်မယုံနိုင်သလိုပင် ခံစားမိသည်။

မြားနတ်မောင်က သူ့ကို ကျီစယ်တဲ့သဘောများလား။

သူမက မကြာမီစေ့စပ်တော့မည့် မိန်းကလေးတဲ့။

ဝတ်မှုံလည်းရင်ထဲ ကတုန်ကယင်နှင့် တမျိုးကြီးဖြစ် သွားမိသည်။ သူပြောသလို တကယ်ပဲ တိုက်ဆိုင်မှုအစစ်လား။

"ရှင် ညာနေတာလားဟင်. . . ကိုနေလင်း"

"ဟာဗျာ ခင်ဗျားဘာလို့ မယုံတာလဲ။ ကျွန်တော်က ဘာကြောင့် ညာရမှာလဲဗျာ ကျွန်တော့်စကားထဲမှာ အလိမ် အညာ အနောက်အပြောင် တစ်ခွန်းမှ မပါဘူး"

မင်းထယ် အနည်းငယ် စိတ်တိုချင်မိသည်။

သူ့လေသံက တကယ်အမှန်ကို ဖွင့်ဟနေတဲ့ ဖိုပါ။

ဒါဖြင့် သူက ဂစ်တာလွယ်ထားတဲ့ လူလင်လေးပဲပေါ့။

ပြီးတော့ သူက ထူးခြားစွာပင် စက်ဝိုင်းနှင့် လမ်း



လျှောက်ပုံချင်း တူညီသည်။

ထိုအချက်ကိုတော့ ဝတ်မှုံက ပြောမပြ ဝန့်မခံဖြစ်ပါ။

ကျွန်မနဲ့ စေ့စပ်တော့မယ့် စက်ဝိုင်းနဲ့ တူလို့ ရှင့်ကို သတိထားလိုက်မိတယ်လို့ ဘယ်လို ပြောလို့ရပါ့မလဲနော်။

"ဟုတ်လို. . . ခင်ဗျား ဘာလို့တိတ်သွားတာလဲ"

"စဉ်းစားနေတာ"

"ဘာကိုလဲ ဖြစ်နိုင်မဖြစ်နိုင်ကိုလား ကျွန်တော် လိမ်ညာ ပြောမပြောကိုလား"

"သိတော့ပါဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ နှစ်ယောက်မိတ်ဆွေတွေ ဖြစ်သွားပြီနော်။ ဟုတ်တယ်မှုလား"

"အင်း"

"ဒါဆိုရင်, ခင်ဗျားနံမည်လေးတော့ ပြောလေဗျာ လူကိုသိပြီး နံမည်မသိဘူး ဖြစ်နေလိမ့်မယ်"

"အဲ့ဒါက အရေးမကြီးပါဘူး ဒီတိုင်းလဲ ခင်လို့ရတာပဲ တာ မဟုတ်ဘူးလား။ ဥပမာ ရှင်ကခင်တယ်ဆိုတော့ ခင်လို့

www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားလိုက်ပေါ့-

ဝတ်မှုံက သူ့ကို စချင်စိတ်နှင့် ဆိုမိ၏။

"အဲ့ဒါဆိုရင် တစ်ခြားတစ်ယောက်က ခင်ဗျားကို ချစ်တယ်ဆိုရင်ရော 'အချစ်လေး'လို့ခေါ်ခွင့်ပြုမှာလား"

"ဟင်. . . ကြည့်စမ်း. . . ရှင်နော်"

"အဟဲ အလကားစတာပါဗျာ။ ကျွန်တော့် ဘာသာ အခေါ်အဝေါ်တစ်ခုခု သတ်မှတ်ရမယ်ဆိုရင်တော့ ခင်ဗျားကို 'ဖြူဖြူလေး' လို့ပဲခေါ်မယ်။ ခင်ဗျားပုံစံလေးက တခြား ကောင်မလေးတွေနဲ့ မတူပဲ ဖြူစင်သဘောကောင်းတဲ့ ပုံလေး မျက်နှာမှာ ပေါ်လွင်နေတယ်ဗျ. . . သိလား"

သူ့ရဲ့ချီးမွမ်းစကားကြောင့် ဝတ်မှုံရင်မှာ ကျေနပ်ပီတိ တစ်မျိုးခံစားရသည်။

စက်ဝိုင်းပင် သူမကိုဒီလို မှတ်ချက်တစ်ခု မပေးစဖူး။

"ရှင့်ဘာသာ ကြိုက်သလိုခေါ် ကဲ ဖုန်းပြောနေကြတာ ဘယ်လောက်တောင်ကြာသွားပြီလဲ"

"နာရီဝက်ကျော်ပြီဗျ"



"ဘီလ်ကိုလည်း တွက်ဦး"

"ဟာဗျာ ဖြူတော်တော်ဆိုးတယ်။ ကျွန်တော်နဲ့ ခင်ဗျားနဲ့ နာရီဝက်ကျော်ကျော် စကားပြောဖြစ်သွားတယ်ဆိုတာ ကျွန်တော့်အတွက်က မမေ့နိုင်စရာ မဟာအခွင့်အရေး သိပ် ရင်ခုန်စရာကောင်းတဲ့ ပျော်ရွှင်မှု။ ကျွန်တော်ရဲ့ ရာနှုန်းပြည့် ကျေနပ်ဝမ်းမြောက်မှု။ ဘာနဲ့မှ လဲမရတဲ့အရာ။ ဒါကြောင့် ဘာနဲ့မှ မတိုင်းတာပါနဲ့ဗျာ။ ဖုန်းဘီလ်ဆိုတဲ့ အရာနဲ့ တန်ရာတန်ကြေး ဖြတ်မပေးကြေးဗျာ။ ကျွန်တော် အဲ့ဒီစကားအတွက် သိပ်ခံစား ရတယ်"

"အမယ်လေးနော် ဖြစ်နေလိုက်တာ ဖုန်းဘက်ထရီကုန် မှ နားအေးမယ့်လူ။ တကထဲ ကဲပါ ရှင်သူဌေးမှန်း မသိလို့ ပြောမိတာပါ။ တောင်းပန်ပါတယ်ရှင် ရပြီလား"

"အဟက်. . . ဟက်. . . ဟက်. . ."

သူမရဲ့ ခနိုးခနဲ့ စကားသံလေးကြောင့် မင်းထယ်ကြည် နှူးစွာ တဟက်ဟက် ရယ်မိသည်။

ကျွန်တော်နဲ့ ခင်ဗျားနဲ့ကြားမှာ ရင်းနှီးမှုတွေနားလည်

www.burmeseclassic.com

www.burmeseclassic.com



မှုတွေ ရှိလာပြီနော် ဖြူ။

"တာရယ်တာလဲ"

"ပျော်လို့ပါ ဖြူရယ်"

ဝတ်မှုံက မျက်စောင်းလေးတစ်ချက်ခဲမိသည်။

သူ့ရဲ့ "ဖြူ" ဆိုတဲ့ အခေါ် အဝေါ်က နားထဲမှာ ဆန်းသစ်နေသလိုလို

"ဒါဆို . . ဂွတ်နိုက်နော် ကိုနေလင်း"

"ဂွတ်နိုက်ပါဖြူ ကျွန်တော်မနက်ဖန်လည်း ဒီအချိန်ပဲ ဖုန်းခေါ်မယ်နော်"

"ဟင် ပြောစရာရှိသေးလို့လား"

"ရှိတာပေါ့ဗျာ"

"တထောင့် တစ်ည ပုံပြင်တွေလား"

"ပုံပြင်တော့မဟုတ်ဘူး ဖြူနားထောင်မယ်ဆိုရင် ကျွန်တော် သီချင်းဆိုပြမယ်"

"ရှင်က အဆိုတော်လား"

"ဝါသနာရှင်လေးပါ ကြိုးစားနေဆဲပေါ့"



သူ့ခပ်နောက်နောက်ဖြေလျှင်

"ဟွန်း"

ဖြူရဲ့ သံရှည် ရေရွတ်သံနွဲ့နွဲ့လေးဟာ မင်းထယ်နှလုံးသားထဲအထိ စီးဝင်ဖြာနွှေးသွားစေသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

မင်းထယ်နေလင်းသည် ညက တီဗီကြည့်ရင်း ဧည့်ခန်းက လယ်သာဆက်တီရှည်ပေါ်မှာ ဖြစ်သလိုပင်အိပ်ပျော်သွားခဲ့ပြီး မနက်ရောင်နီလင်းစမှပင် လူးလွန့်ကာ နိုးလာခဲ့သည်။

ငှက်လေးတွေပင် တကျိကျိအော်မြည်နေကြပြီ။

သူ့မျက်စိတွေက ကျိန်းစပ်နေတုန်း။



မင်းထယ်သည် ဆက်တီပေါ်မှ ထကာ အိပ်ခန်းထဲ ပြောင်းအိပ်ဖို့ တွေးလိုက်သည်။



သို့သော် ရေသောက်ချင်သေးတာမို့ ရေသန့်စက်ထဲက ရေအေးအေးတစ်ဖန်ခွက်ကို အရင်ထည့်သောက်လိုက်သည်။

အဲ့ဒီလို ရေသောက်ပြီး ကုတင်ပေါ်ကို သူပြန်ပြီး ဒိုင်ဗင်ပစ်ဝင်ဆဲမှာ

"တီး. . . တောင်. . ."

တံခါးဘဲလ်မြည်သံကို စူးဝါးစွာ ကြားလိုက်ရ၏။

ဟောဗျာ မနက်မိုးမလင်းခင် ဘယ်သူကများ အခန်းပားပြီး လူခေါ် ဘဲလ်ကိုလာနှိပ်ရပါလိမ့်။

"ကျွတ်"

သူတခဏ မကြားသလို ဆက်အိပ်နေသေးသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်. . ."

မရပါ တံခါး ခေါက်သံပါ ပါလာပါပြီ။

ဆက်ပြီးအိပ်နေလို့ မရတော့တာမို့ မင်းထယ်က ကျွန်းတံခါးရှိရာသို့ အိပ်ချင်မူးတူးနှင့် လျှောက်လာသည်။

"ဘယ်သူလဲကွာ အနှောင့်အယှက်ပဲ"

နှုတ်ကလည်း ဗလုံးဗထွေးနှင့် ရေရွတ်မိသေး၏။

www.burmeseclassic.com

www.burmeseclassic.com



တံခါးလက်ကိုင်ကို လှည့်ဖွင့်ပြီး။

တံခါးရွက်ကို ဖွင့်ဟလိုက်ချိန်မှာတော့။

"ဟာ . . . စက်ဝိုင်း . . . ရေလှိုင်း . . . မင်းတို့ ဖြန်းစားကြီး ဖုန်းမဆက်အာမဆက်နဲ့ ဘြော် ရှုပါကျော်လည်းပါတယ်"

မင်းထယ်မှာ ခရီးဆောင် သေတ္တာတွေချကာ ရောက်လာသူတွေကို ကြည့်ရင်းတအံ့တဩ ဖြစ်သွားရပါသည်။

စက်ဝိုင်းက ဘယ်နှယ့်ကြောင့် ရှုပါကျော်ကိုပါ လက်ဆွဲခေါ်လာရပါလိမ့်။

"ဖုန်းဆက်ရင် ပေရှည်မှာစိုးလို့ပေါ့ ပြောစရာတွေက အများကြီး မောတယ်ကွာ ခရီးလည်းမန်းလာတယ်။ မင်းထယ် အိတ်တွေဝိုင်းသယ်ပေးဦးကွ"

ရေလှိုင်းက သူ့အိတ်လည်းသယ် စက်ဝိုင်းတို့ သမီးရည်းစားနှစ်ယောက်ရဲ့ ခရီးဆောင် သေတ္တာတွေလည်း သယ်ကာ မနိုင်မနင်းနှင့် မင်းထယ်ပါ ဝိုင်းကူဖို့ခေါ်သည်။

စက်ဝိုင်းက သူ့အိမ်သူမပြန်ပဲ ဒီကိုခဏဝင်လာတာ ရှုပါကျော်ကြောင့်လား။



ရှုပါကျော်က ဒီတိုက်ခန်းမှာတည်းမှာလား။

တည်းဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။

ဒီမှာ မင်းထယ်နဲ့ ရေလှိုင်း ယောကျ်ားသား နှစ်ယောက်ပဲ နေထိုင်ကြမယ်ဆိုတာလည်း စက်ဝိုင်းသိနေတာပဲ။

မင်းထယ် ဇဝေဇဝါ တွေးနေမိဆဲမှာ။

"နေလင်း"

"ဟော"

"ဟို နှစ်ယောက်တော့ ယူလိုက်ကြပြီ"

"ဘာ"

"စက်ဝိုင်းနဲ့ ရှုပါကျော် ဒီမှာခဏနေကြမယ်"

"ဟာ ဟော့ကောင် တကယ်လားကွ"

"အိပ်ချင်မူးတူးလုပ်မနေနဲ့ ဒီအိပ်ခန်း အကြီးကို သူတို့ ...တွက်ပြင်ပေးလိုက် ငါနဲ့မင်းနဲ့ ဟိုဖက်အနောက်ခန်းမှာ ...နေမယ်"

ရေလှိုင်းက ခရီးဆောင်သေတ္တာတွေ ကုတင်အောက် ...လှည့်ရင်း နုတ်က တဆက်တည်း အစီအစဉ်ကိုပါ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ မင်းထယ် မျက်လုံးတွေ ပြူးကျယ်သွားရပါသည်။

"စက်ဝိုင်းတို့ကတော့ လုပ်ချလိုက်ပြီ ပြန်းစား ဒိုင်းစားနဲ့ မိန်းမကောက်ယူလိုက်ပြီ ဟုတ်လား"

"ရှူး . . တိုးတိုး . . . မင်း သွားဝေဖန်နေလည်း အပိုပဲ ငါတို့ကြည့်ကျက် နေရုံပဲရှိတယ်ကွ။ အခုအိမ်မှာ စားစရာ ဘာရှိလဲ မရှိရင်လည်း နန်းကြီးသုတ်လေး ဘာလေး ငါဆင်းဝယ်လိုက်မယ် မင်းက ကော်ဖီဖျော်ထားနှင့်"

"အေး . . . အေး"

ရေလှိုင်းက အစီအမံတော့ တော်ရှာပါသည်။

သူတခဏဆင်းသွားပြီးလျှင် နန်းကြီးသုပ်တို့ ပလာတာတို့ ပဲအီကြာတို့ ဝယ်လာသည်။

မင်းထယ်ကလည်း ဓါတ်ဗူးထဲ ကော်ဖီဖျော်ထည့်ကာ ပန်းကန်လုံးလေးစုံနှင့် စားပွဲပေါ် ခင်းကျင်း အသင့်ပြင်သည်။

ရေလှိုင်းကလည်း စားသောက်ဖွယ်ရာတွေကို ပန်းကန်ထဲ သပ်သပ်ယပ်ယပ်ထည့်ပြီး ပြင်ဆင်ပေးသည်။



တို့နောက်မှာတော့ သူတို့တိုက်ခန်း တိတ်တိတ်ဆိတ်ဆိတ်လေးက လျှင်မြန်စွာ စိုပြေသက်ဝင်လှုပ်ရှားသွားလေသည်။

"စက်ဝိုင်း ရှုပါ လာကြလေကွာ"

နံနက်ခင်းစာကို လေးယောက်အတူတူ စားကြသည်။

ရှုပါက ခေါင်းလေးငုံ့လျက်သားတိတ်တိတ် ဆိတ်ဆိတ်စားနေသည်။

မင်းထယ်က စက်ဝိုင်းကို မျက်လုံးပင့်ပြရင်း။

"မင်းတို့ဟာက ငါတောင် မျက်စိလည်သွားတယ် ဘယ်လိုဖြစ်တာလဲကွ"

"နောက်မှ အေးအေး ဆေးဆေး ရှင်းပြမယ်။ နေလင်းမှာ အားလုံးက အခြေအနေအရ ဖြစ်လာတာချည်းပဲ"

"အေးပါ . . . အေးပါ . . . မင်းဇာတ်မင်း ကနိုင်ရင်ပြီးတာပါပဲ"

မင်းထယ်က စိတ်ပျက်လက်ပျက်ညည်းညူ လိုက်သည်။

သူမျှော်လင့်ထားတာတွေနှင့် ဖြစ်လာတာတွေ ကွဲပြားစီပါလား။

www.burmeseclassic.com

www.burmeseclassic.com



စက်ဝိုင်းက ရှုပါကျော်ကို ခိုးလာပြီဆိုတာသာသိလျှင် စက်ဝိုင်းမိသားစုတွေ မျက်ကလဲဆန်ပြာဖြစ်ကုန်ကြမှာ။

စက်ဝိုင်းကိုတောင် အိမ်ကနှင်ချမလား မပြောတတ်။

ဒီလိုသူ ကိုယ်တိုင် ရှုပ်ထွေးခက်ခဲနေတဲ့ ပြဿနာ တက်နေချိန်မျိုးမှာ သူ့ဆီက အကူအညီရနိုင်ဖို့ဆိုတာ ကိုယ့်ကို မန်နေဂျာခန့် အလုပ်ပေးဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား။

တပ်ခေါက်ပြန်ရုံပဲ ရှိတော့မှာပေါ့။

မင်းထယ်က သက်ပြင်းတစ်ချက် ခိုးရှိုက်လိုက်မိသည်။

မလွယ်ရေးချမလွယ်ပေါ့။

နေ့ခင်းကျရင် သူ့အဝတ်အစားတွေ သူပြန်သိမ်းထားဖို့ မင်းထယ် စိတ်ကူးသည်။ ဒီမှာဆက်နေရင် အားနာစရာ။

ကိုယ့်ဟာကိုယ်ပဲ အလိုက်သိသိ မန္တလေးပြန်ရမှာပေါ့ လေ။ ရေလှိုင်းကတော့ ဘာစီစဉ်ဦးမယ်မသိ။

အင်း ဖြူရေ။

သံယောဇဉ်ဖြစ်ပြီးကာမှ ခွဲခွါရဦးမယ်။

ဖြူ့ကိုတော့ နှုတ်ဆက်စကားဆိုရဦးမှာပါ။



ရင်ဆဲဆွေးသလိုလိုကြီးပင် ခံစားရကာ နန်းကြီးသုပ်ပင် ပျက်ချင်ပေ။

သူမျက်နှာမှိုင်းညို့သွားတာကို သတိပြုမိတဲ့ ရေလှိုင်းက

"နေလင်း. . . မင်းဘာမှ ရှည်ရှည်ဝေးဝေး တွေတွေး နဲ့ ငါ့ခုလောလောဆယ် အိပ်ရေးဝအောင် အိပ်ပစ်လိုက် ယ်။ အိပ်ယာကနိုးမှ ဆွေးနွေးစရာရှိတာ ဆွေးနွေးကြမယ်"

"အေး. . . အဲ့ဒါ အကောင်းဆုံးပဲ"

စက်ဝိုင်းကလည်း ထောက်ခံသည်။

"ရှုပါ နင်လည်း လွတ်လွတ်လပ်လပ်နေ။ ဟိုဖက်ရှေ့ န်းက နင်တို့အခန်းဖြစ်သွားပြီး ငါနဲ့နေလင်းက နေခက်ခန်း ယ်"

"အဲ့ဒါတွေ အရေးမကြီးပါဘူးကွာ ဖြစ်သလိုနေလို့ ပါတယ်"

"အေးပေါ့. မင်းက မိန်းမရပြီဆိုတော့ ပျော်နေတဲ့ င်ကို မိုးမမြင်လေမြင်နဲ့ပေါ့"

ရေလှိုင်းရဲ့ တရင်းတနှီး အပြောကို စက်ဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်စွာ ပြုံးသွားပြီး ရှုပါကျော်ကတော့ ရှက်စနိုးနှင့် ခေါင်းလေးငုံ့သွားပါသည်။

ညားကာစ လင်မယားနှစ်ယောက်ကို သူနှင့်ရေလှိုင်းက အလိုက်သိသိရှောင်ပေးရဦးမှာမို့ စားစရာရှိတာ မြန်မြန်စားပြီး စားပွဲက အလျင်စလိုပဲ ထထွက်ခဲ့ကြပါသည်။

ပြီးလျှင် ဘာမှ စကားမဆိုတော့ပဲ နှစ်ဦးသားဝရံတာထွက်၍ စီးကရက်သောက်ကြသည်။

အပြင်ဖက်မှာတော့ မနက်ခင်းလေးက လှပကြည်လင်သန့်စင်နေပါသည်။

လေနုအေးလေးပင် တိုးဝှေ့တိုက်ခတ်နေ၏။

ထွက်ပြူကာစ နေမင်းကြီးကလည်း အားသစ်မန်သစ်တွေနှင့်။

လမ်းပေါ်မှာ လူတစ်ချို့လည်း ဥဒဟိုသွားလာစပြုလာပါပြီ။

ရေလှိုင်းက စီးကရက် တစ်ဝက်မကျိုးမီမှာပင် စီးကရက်ကို ပြာခွက်ထဲငြိမ်းသတ်၍



"အိပ်ချင်ပြီကွာ . . ဝါး . . "ဟု သန်းဝေလျှက် အိမ်ထဲလှည့်ဝင်သွားလေသည်။

တိတ်ဆိတ်နေသော ဝရံတာလေး၌ မင်းထယ်နေလင်းတစ်ယောက်သာ ကျန်ရစ်သည်။

သူ့အတွေးတွေက မန္တလေးက အိမ်ကလေးဆီသို့ရောက်သွား၏။

တကယ်တော့ စက်ဝိုင်းနှင့်ရှုပါကျော်တို့ အခုလို ဖူးစာဆုံသွားတာဟာ သူနှင့်စက်ဝိုင်း ရုပ်ချင်းလွယ်လွယ်ခွဲမရလောက်အောင် တူနေတာကနေ စခဲ့တာဖြစ်လေသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးမြို့ရဲ့ ညက လူခြေတိတ်သွားတာ မြန်လှသည်။ ရန်ကုန်နှင့်တော့ မတူတာအမှန်

စက်ဝိုင်းသည် ဟိုတယ်အခန်းထဲမှာ တစ်ယောက်ထဲ ပျင်းနေသဖြင့် အပြင်ထွက်လမ်းလျှောက်ဖို့ ရည်ရွယ်သည်။

တီရှပ် လက်တိုနှင့် ကွာတားပင်န်ကာကီရောင်ကို လဲလှယ်မနေတော့ပဲ ဒီအတိုင်းပဲ ထွက်လာလိုက်သည်။

သူ့စိတ်ထဲ လူစည်ကား ရှုပ်ထွေးနေတဲ့ လက်ဖက်ရည်ဆိုင်မျိုး ထိုင်ချင်စိတ်ပေါက်မိသည်။

ကုမ္ပဏီကိစ္စနှင့် နေပြည်တော်၊ နေပြည်တော်ကနေ မန္တလေးခရီး ဆက်လာတာဖြစ်၍ အခုဒီကို ရောက်နေတာ သုံးရက်ရှိလေပြီ။



အလုပ်ကိစ္စက မပြတ်သေးသဖြင့် ရန်ကုန်ပြန်လို့ မရသေး။

ပါလာတဲ့ သူ့တပည့်ကလည်း ပြင်ဦးလွင်က မိသားစုတွေဆီ ရောက်တုန်း ရောက်ခိုက် အလည်သွားနေတာကြောင့် စက်ဝိုင်း ပိုပြီးအထီးကျန်နေသည်။

ရည်းစားတွေဆီ ဖုန်းဆက်လည်း စကားသံပဲ ကြားရမှာမို့ သူမဆက်ဖြစ်။ သူက ချစ်သူဆိုလျှင် နီးနီးကပ်ကပ်ပဲ တွေ့ချင်သည်။ ဖုန်းဆက်ရတာ မကြိုက်။

ဒီလိုနှင့် စက်ဝိုင်းအေးအေး လူလူလျှောက်လာဆဲမှာ။

“ဟိတ် . . . နေလင်း . . .”

နောက်ဖက်က တဖတ်ဖတ်ခြေသံလေးနှင့်အတူ မိန်းကလေးတစ်ယောက်ရဲ့ ခေါ်သံကို ကြားရပေမယ့် သူနှင့်မဆိုင်၍ လှည့်မကြည့်မိ။

သို့သော် သူ့ရှေ့မှာလျှောက်နေတာလဲ ဘယ်သူမှမရှိ။ ကောင်မလေးက ဘယ်သူ့ကိုခေါ်နေပါလိမ့်။

“နေလင်း”

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ထပ်ခေါ်ရုံမက သူ့နံဘေးသို့ပင် ရောက်လာပါသည်။

"ဟဲ့ . . နေလင်း . . ကြည့်စမ်း မကြားချင်ယောင် ဆောင်နေတယ်. . . နင်နော်"

သူ့အင်္ကျီလက်မောင်းစကို လာဆုပ်ကိုင်ပြီးမကျေမနပ် မျက်စောင်းရွယ်တော့မှ ကောင်မလေးဖက် တအံ့တသြ ခေါင်းငဲ့ကြည့်မိသည်။

ဆံပင်ဖြောင့်စင်းစင်းနဲ့ မျက်နှာပြည့်ပြည့်ချစ်စရာ ရုပ်ကလေး။

တီရှပ်အနက်လည်ပင်း ကျယ်ကျယ်နှင့် အနက်ရောင် အပါးစအလွှာနှစ်ထပ် စကဒ်တိုတိုနှင့် ကောင်မလေးပုံစံက အလန်းစား အမိုက်စားလေးပါလား။

ဖိနပ်ကလည်း လယ်သာကြိုးသိုင်း ခွါချွန်အနက်လေးနှင့် ဝင်းမွတ်တဲ့ ခြေတံအလှက ထင်းခနဲ။

သူမကို ခေါင်းဖျား ခြေဆုံးကြည့်လိုက်တဲ့ စက်ဝိုင်းရဲ့ အကြည့်ရဲရဲ မျက်လုံးစူးစူးတွေကြောင့်။



"ဘာကြည့်တာလဲ"

"ဗျာ"

"ရုပ်ပါခေါ်တာတောင် လှည့်မကြည့်ဘူး။ ဘာတွေစဉ်းစားပြီး ငေးျာက်နေလဲ မသိပါဘူး"

တရင်းတနှီးပြောဆိုပုံကြည့်ရတာ စက်ဝိုင်းကို တစ်ယောက်ယောက်နှင့် မှားနေပြီ။

ဒီမန္တလေးမှာ သူနှင့် အတော်ရုပ်ဆင်တဲ့ လူတစ်ယောက် ရှိနေတယ်ဆိုတာကိုတော့ သူသိထားပြီးပါပြီ။

ဟုတ်ပြီ အဲ့ဒါလည်း မနေလင်းပဲ။

ဘာနေလင်းဆိုလား။

မင်းထယ်လား မင်းဒင်လား

မြေကွက်ဝယ်ဖို့ ကိစ္စနှင့် အကျိုးဆောင်ကုမ္ပဏီရုံးခန်း ရောက်တော့ မြေကွက်လိုက်ပြမည့် အကျိုးဆောင်ရေလှိုင်း ဆိုတာက သူ့ကိုပထမဆုံး လူမှားခဲ့တာဖြစ်သည်။

"ကျွန်တော့် သူငယ်ချင်းဗျာ ကိုစက်ဝိုင်းနဲ့ ချွတ်စွပ် တူတယ် အံ့သြစရာပဲဗျ။ လုံးဝ စကားပြောပုံလေယူ နေသိမ်း

www.burmeseclassic.com

www.burmeseclassic.com



ပါဆင်တာ။ ခင်ဗျားတစ်ခါလောက် လိုက်ကြည့်စမ်းပါ။ ကျွန်တော် မိတ်ဆက်ပေးမယ်။ ခင်ဗျားကိုယ့်ရုပ်ကိုယ် ပြန်မြင်သလို ဖြစ်သွားမှာဗျ သိလား"

စက်ဝိုင်းက ခေါင်းသာ ညိတ်ကာ ပြုံးဖြစ်သည်။

ဘယ့်နှယ် အမွှာပူးမွေးထားတာမဟုတ်ပဲ ကိုယ့်ရုပ်ကိုယ်တွေ့သလို ဆင်တူတယ်ဆိုတာကတော့ နည်းနည်းပိုပြီ။

ပွဲစားဆိုတော့လည်း နည်းနည်းပိုဖောတတ်၊ ပွားတတ်တဲ့ အကျင့်က ပါကောင်းပါနေပြီပေါ့လေ။

စက်ဝိုင်းကသိပ်မယုံ။

အခုတစ်ခါ သူ့ကိုထပ်မှားပြန်ပြီဆိုတော့ သူသဘောကျမိသည်။

သူ့ကျီလက်မောင်းကိုဆွဲပြီး နီးနီးကပ်ကပ်လျှောက်လာတဲ့ နတ်သမီးငယ်လေးက အင်မတန်ဆွဲဆောင်မှုရှိသည် မဟုတ်လား။

သူမဆီကနေ ရှူရှိုက်နေရတဲ့ ရေမွှေးနံ့ကလေး တစ်မျိုးကလည်း အလွန်တရာစွဲမက်ဖွယ်ကောင်းလှပါသည်။



စက်ဝိုင်းရဲ့ မျက်ဝန်းတို့က ရွှန်းရီတောက်ပနူးညံ့လာပါသည်။

ထူးထူးခြားခြားနေလင်းရဲ့ ရင်တုန်ချင်စရာ စူးစူးရေးရေးအကြည့် တစ်မျိုးကြောင့် ရှုပါပင်ဘာဖြစ်မှန်းမသိ ကတုန်ကယင်ခြေလှမ်းမှားချင်မိသည်။

ဆွဲထားတဲ့ အကျီစကိုလည်း ယောင်ယမ်း၍ လွှတ်လိုက်မိသည်။

"ဗျာမနေနဲ့ . . ရှုပါကိုများ မမြင်ဖူးသလို လာကြည့်နေတယ်"

"အခုမှ မြင်ဖူးတာလေ"

"နေလင်းနော် မနောက်နဲ့ ဟွန်း နင်အရင်က ရုပ်ပြောင်မဟုတ်ပါဘူး အခုမှဘယ်လိုဖြစ်တာလဲ"

ရှုပါကျော်သည် ရင်ခုန်မြန်လာမိ၏။ သူ့ကိုယ်သူပင် နားမလည်။

အမြဲတမ်း သူငယ်ချင်းလို အကိုလိုပဲ သဘောထားမိတဲ့သူ ဒီညမှ ဘာဖြစ်ရတာလဲ ငါ့စိတ်တွေက။

www.burmeseclassic.com

www.burmeseclassic.com



နေပါဦး သူကရော ဘာကြောင့် ဒီလိုသဘောတကျ သတိလက်လွတ် စိုက်ကြည့်ရလဲ။

“နင် ဘယ်သွားမလို့လဲ”

အသံကို မူမှန်အောင် ထိန်းမေးလိုက်မိသည်။

“လက်ဖက်ရည်ဆိုင်”စက်ဝိုင်းအဖြေက တုံးတိတိ။

“အတော်ပဲ အန်တီစိုးက ကောက်ညှင်းပေါင်း စားချင်တယ်ဆိုလို့ ရှူပါထွက်ဝယ်တာ အပြန်ကျ အိမ်လိုက်ပို့ပေးနော်”

ပို့ပေးချင်တာပေါ့။

လက်ကလေးဆွဲပြီးတောင် လိုက်ပို့လိုက်ချင်သေး။

ဒါပေမယ့် လူမှားနေတာအရင်ဝန်ခံရဦးမယ်။

“မင်းနံမည်က ရှူပါလား”

သူ့မေးခွန်းကြောင့် ကောင်မလေးက ဖျပ်ခနဲမော့ကြည့်သည်။

“ကိုယ့်ကိုသေချာကြည့် မင်းလူမှားနေပြီကွ”

“နေလင်းနော် အကြောင်းမရိုက်နဲ့ သူ့ကိုယ်သူ ဘာမှတ်နေလဲမသိဘူး အတိတ်မေ့ချင်ယောင် မဆောင်နဲ့ ကဲ”



ကောင်မလေးက စိတ်မရှည်တော့သလို သူ့လက်ဖျံကို တစ်ချက်ဆွဲဆိတ်သည်။

လက်သည်းချွန်လေးနဲ့ လာဆိတ်တာမို့ စက်ဝိုင်းက လက်မနှေးပဲ ထိုလက်ကလေးကို ဖျပ်ခနဲ ဖမ်းဆုတ်ကိုင်လိုက်သည်။

နူးညံ့အိထွေးသော လက်ချောင်းပျော့စိစိလေး တွေက ပိုတုံးလုံး ကောင်ကလေးကို ထိတွေ့ရသလိုပင် စက်ဝိုင်းနှလုံးသားကို ညှို့ငင်သည်။

ပြန်လွှတ်မပေးချင်။

အခွင့်အရေးယူတာတော့ မဟုတ်ပါဘူး။ မင်းက ငါ့ကို ညှို့နိုင်လွန်းလို့ပါကွာ။

“လွှတ်”

ကောင်မလေးက လက်ကို ဆောင့်ရုန်းသွားမှ စက်ဝိုင်း သတိဝင်သည်။

တသက်လုံးက ကောင်မလေးတွေ ရှုပ်ချင်တိုင်း ရှုပ်ပြီး ဆရာကြီးပုံဖမ်းလာတဲ့ စက်ဝိုင်း ဒီတစ်ချီမှာတော့ ဒိုးဝချာန်

www.burmeseclassic.com

www.burmeseclassic.com



လျော့လေပြီ။

"မင်းပြောတဲ့ နေလင်းဆိုတာက ကိုယ်နဲ့ ဒီလောက်ထိတောင် ရုပ်ချင်းတူလား ဒါဆိုရင်တော့ သိပ်အံ့ဩဖို့ကောင်းနေပြီ"

သူ့စကားကြောင့် ရှုပါကျော်က ဇဝေဇဝါဖြစ်သွားပြီး သူ့ကို စေ့စေ့စပ်စပ်ကြည့်သည်။

ဆံပင်က ပိုရှည်နေတယ်။ မျက်လုံးတွေက ရဲရဲတင်းတင်းနဲ့ ပိုတောက်ပတယ်။ နှုတ်ခမ်းတွေ ပြုံးပုံကလည်း ထိမထင်သလို မထိတထိနဲ့။

ဘော်ဒီကလည်း နေလင်းထက်ပိုပြီး ပိန်ချင်သလိုပဲ။ ပြီးတော့ နာရီအကောင်းစား၊ စိန်လက်စွပ် အစုံစား၊ စီးထားတဲ့ ဖိနပ်ကလည်း အမိုက်စား သူဟာ သူဌေးသားဆိုတာ မပြောပဲ သိနိုင်တဲ့ရုပ်။

ရှုပါသိထားတဲ့ နေလင်းက ပန်းချီဆရာဦးဇော်ရဲ့သား သာမန်ဘဝ ရိုးရှင်းတဲ့ဘဝ။

ကွာခြားချက်တို့ကို သူမသတိပြုမိလိုက်တဲ့ အချိန်မှာ နံဘေးက ပုဂ္ဂိုလ်လေးကို အထူးပင် စိတ်ဝင်စားသွားရပါသည်။



သို့သော် ဇဝေဇဝါလည်းဖြစ်နေမိ၏။

သူဟာ နေလင်းမဟုတ်တဲ့ တစ်ခြားနေလင်း တစ်ယောက်တဲ့။

"ဒါဖြင့် နေလင်းမဟုတ်ရင် ရှင်ကဘယ်သူလဲ"

"မိုးကုတ်စက်ပိုင်း"

"ဘယ်လို"

"ကိုယ့်မာမီက သားသမီးမရတော့ဘူးလို့ ထင်တဲ့ အချိန်မှ ကိုယ့်ကိုရခဲ့လို့ ဟိုးအဝေးကြီးက မဖြစ်နိုင်တဲ့ မျှော်လင့်ချက်မို့လို့ မိုးကုတ်စက်ဝိုင်းလို့ ခေါ်တယ် မင်းရောချစ်စနိုးနဲ့ ဘယ်လိုမျိုး ခေါ်ချင်လဲ ပြောပါဦး"

"အံမယ်"

သူမနှုတ်ခမ်းလေးကို စုချွန်လိုက်ပုံက သိပ်ချစ်စရာကောင်းနေ၍ စက်ပိုင်းမျက်စိထဲ စွဲသွားရသည်။

ဒီကောင်မလေး အနားနေခွင့်ရရင် ပျော်စရာကောင်းမှာ သေချာသည်။

ဒီတစ်ခေါက် မန္တလေးလာရတာတော့ တန်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲ အနည်းငယ်တော့ တင့်သေးကာမို့ . . . ။

"မင်းပြောတဲ့ နေလင်းနဲ့ ရှုပါနဲ့က ဘာလဲ . . . ရည်းစားတွေလား။

"အိုး . . . မဟုတ်ပါဘူး . . . ။"

"ဒါဆိုဘာလဲ"

"သာမန်သူငယ်ချင်း"

"အိုကေ . . . မင်းကစင်းဂဲလ်ပေါ့ . . ."

ဒီတော့ ကောင်မလေးက မျက်စောင်းဝင့်ပါသည်။

"မင်းလူမှားနေတာ သဘောပေါက်ပြီလား . . ."

"ဟုတ်တယ် . . . ထူးတော့ထူးဆန်းနေတယ်"

"ကိုယ်အကြောင်းကို ဒီထက်ပိုသိချင်ရင် ပြောပြလို့ရပါတယ်၊ ကော်ဖီသောက်ရင်း ပြောကြတာပေါ့ . . ."

ရှုပါကျော်က မငြင်းပါ။

လက်ဖက်ရည်ဆိုင်လေးထဲ ထောင့်စွန်းကျကျ စားပွဲတစ်ခုမှာ အတူထိုင်၍ ကော်ဖီသောက်ရင်း နှစ်ဦးသား စကားစမြီ ပြောဖြစ်သွားပါသည်။



ရှုပါကျော်က ခေတ်မီပွင့်လင်းသည်။

စက်ဝိုင်းအပေါ် ရှိတို့ရှန်းတန်း ဖြစ်မနေ။

အတိတ်ဘဝတစ်ခုခုက ရင်းနှီးမှုရှိခဲ့၍လည်း ဖြစ်နိုင်ပါသည်။

နှစ်ဦးသားမှာ တထိုင်တည်းနှင့် အတော်အတန် ခင်မင်ရင်းနှီးသွားရသည်။

ရန်ကုန်သားရဲ့ ပြောစကားတို့ဟာ အလိမ်အညာပပါဘူးဆိုတာ ရှုပါတဖြေးဖြေးနှင့် ပိုယုံလာမိ၏။

ဒီတော့ သူနှင့်နေလင်းကို အရမ်းတွေ့ပေးချင်မိသည်။ သူ့ကို နေလင်းတို့အိမ်သို့ ခေါ်သွားရမည်။

"ကိုယ်က တစ်ဦးတည်းသောသားတဲ့"

ဟွန်း . . . နေလင်းနဲ့ မျက်နှာချင်းဆိုင်မိရင် သူတအံ့ဩ ပါးစပ်အဟောင်းသားနှင့် ငေးမောငြိမ်သက်သွားမှာ မြင်ယောင်မိသေး။

ရှုပါက မင်းထယ်နေလင်းတို့အိမ်သို့ ခေါ်သွားရန် ဆုံးဖြတ်ပြီး မိုးကုပ်စက်ဝိုင်းကို တစ်ခါတည်းပင် နေလင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်ပေးခဲ့သည်။

ရုပ်တူနှစ်ယောက် တွေ့ဆုံပွဲမှာ မယုံနိုင်စရာအံ့အား သင့်စရာပင်။

× × × × ×

မင်းထယ်နေလင်းသည် ဗရာဒိုကားကြီးမောင်းလျက် ...က်ပိုင်းတို့ ခြံရှေ့ရောက်လာသည့် တိုင်အောင် ကိုယ့်အမြဲအမှု ...တွက် မှန်သလား မှားသလား ဝေခွဲ၍မရသေးပါ။

ရှုပ်ကျော်ကို သူ့ခင်ပွန်းဖြစ်နေတဲ့ မိုးကုတ်စက်ပိုင်းကို ...ခင်ပေးတော့မည့် မိန်းကလေးရှိနေရာ မိသားစုနေအိမ်သို့ ...ယ်နည်းနှင့်မျှ ပြန်မလှည့်နိုင်တော့ဘူးဆိုပြီး ပြဿနာရှာနေ ...သာ မင်းထယ်မှာ ဝင်ရောက်ကူညီ ဖြေရှင်းပေးရတာ ဖြစ်သ... ...ကြောင့် သူ့ကိုယ်သူ မှားတယ်လို့လည်း မထင်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဘွားက ငါ့ကိုလွမ်းလှပြီကွ ငါ့မျက်နှာ မြင်လိုက်ရင် ကိုပဲ အဘွားက စိတ်ချမ်းသာတာ မင်းက ငါ့ကိုယ်စား မျက်နှာ တစ်ချက်ပြပေးရုံပါကွာ။ ဘာမှ မဟုတ်ဘူး ကြောက်မနေနဲ့ ငါဒီည ပြန်လာမယ်လို့ ဖုန်းဆက်ထားလိုက်မယ်"

မိုးကုတ်စက်ဝိုင်းကလည်း တောင်းဆို ရေလှိုင်းကလည်း ဖွတ်တွန်းနှင့်မို့သာ မင်းထယ် အရဲစွန့်ထွက်လာခဲ့ရသော်လည်း သူ့စိတ်ထဲတော့ ဘယ်အချက်များ အလိမ်ပေါ် အရှုက်ကွဲမလဲ ဟု စိုးရိမ်နေမိတာအမှန်။

ခြံရှေ့ကို ရောက်လာတော့ သူပိုကြောက်မိသည်။

ရုပ်ချင်းတူတယ်ဆိုပေမယ့် စက်ဝိုင်းနှင့်သူဟာ အရာရာမှာတထပ်တည်းတူမှာမှ မဟုတ်တာ။

အိမ်မှာတုန်းက ကြိုတင် ဇာတ်တိုက်လေ့ကျင့် ပြောခဲ့ လာပေမယ့် တကယ်တမ်း ရင်ဆိုင်ရမှာက သူတစ်ယောက်ထဲ လေ။

ဘေးက ကူညီမည့် ရေလှိုင်းလည်း ပါမလာ။ မင်းထယ် သည်ကားကို စပ်သပ်ရပ်ကာ ခြံထဲသို့ အသာလမ်းကြည့်မိသည်။



နှစ်ထပ်တိုက်အိမ်ကြီးက ခမ်းနားထည်ဝါစွာ ငြိမ်သက် လျှက်ရှိသည်။

ဝင်းတံခါးနှင့် တိုက်အိမ်ကြီးရဲ့ကြားမှာ အကွာအဝေး တစ်ခုရှိပြီး ကွန်ကရစ်လမ်း ကျယ်ကျယ်၊ မြက်ခင်းစိမ်းစိမ်းနုနု၊ လှပချစ်စဖွယ်ကောင်းသော မီးတိုင်မီးပုံးလေးများ၊ အိမ်ကြီးအနီး ပေါ်တီကိုနားမှာ ဒန်းအကြီးတစ်ခု၊ နောက်ထပ် မြက်ခင်းစပ်မှာ ကမိုးတွန့်တွန့်အနီရဲလေးပါတဲ့ စတီးဒန်းငယ်တစ်ခု၊ မြက်ခင်း ပေါ်မှာ ပလပ်စတစ်ဆက်တီတစ်စုံကိုလည်း ဝိုင်းပြီးချထားသေး သည်။

ခြံပတ်လည်မှာလည်း စားပင်သီးပင်တွေ အုံ့အုံ့ဆိုင်း ဆိုင်းရှိလှသည်။ လှပသော ပန်းခင်းအဖြူလေးကိုလည်း ပြုစု ထားသေးသည်။

ဟိုးဖက်ထောင့်ကတော့ သစ်ခွပန်းရုံလေးဖြစ်လိမ့်မည်။

မင်းထယ်က ခြံထဲလည်းမဝင်၊ ကားဟွန်းလည်းမတီး၊ ဖုန်းလည်းမဆက်၊ လူခေါ်ဘဲလည်းမတီးပဲ ခြံဝင်းထဲအသာ ချောင်းကြည့်နေမိတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူအရိပ်အယောင်လည်း လုံးဝမတွေ့ရ၍ထူးတမင် စဉ်းစဉ်းစားစား စက်ဝိုင်းထံ ဖုန်းခေါ်လိုက်၏။

"နေလင်း . . . ပြော အခုဘယ်မှာလဲ"

"ဂါ မင်းတို့ ခြံရှေ့ရောက်ပြီ ဘာဆက်လုပ်ရမလဲ"

"ဟ . . . အထဲဝင်ရမှာပေါ့ မင်းဘာလို့ တွန့်ဆုတ်နေရတာလဲ"

"ဟိုဟာလေ ငါကားဟွန်းတီးရမှာလား"

"ဟာ မင်းကိုပြောပြီးသားလေ မင်းကားခြံရှေ့မီးရောင်မြင်တာနဲ့ ဉာဏ်ထွက်ပြီး တံခါးဖွင့်ပေးလိမ့်မယ် ထွက်မလာရင် ဟွန်းတီးပေါ့ကွ ပြီးရင်သူ့ကို သော့ပေးလိုက် သူဟာသူ ဂိုဒေါင်ထဲကားသိမ်းလိမ့်မယ် မင်းက တိုက်ထဲ ခပ်တည်တည်ဝင်သွား အောက်ထပ်မှာ ဧည့်ခန်းနဲ့ ထမင်းစားခန်း တီဗီကြည့်တဲ့အခန်းတွေရှိတယ်လေ မင်းကိုယ်မင်း စက်ဝိုင်းအစစ်ပဲလို့ စိတ်ကိုသွင်းသွားကွ သူတို့မရိပ်မိပါဘူး"

"မင်းကြာရှည် စကားမပြောချင်ဘူးဆိုရင် ခရီးပမ်းလာတယ်လို့ အိပ်တော့မယ်လို့ပြောပြီး နှုတ်ဆက်လိုက်ပေါ့ကွာ"



"ဒါဖြင့် ငါက အပေါ်ထပ်တက်ပြီး တန်းအိပ်ယာဝင်ရုံပေါ့ ဟုတ်လား"

"အာ . . . အဲ့လိုတော့ ဘယ်ဟုတ်မလဲ ငါ့အဘွားကိုကော့ ဝင်တွေ့ပေါ့ကွာ ပြန်ရောက်ပြီဆိုတာ သွားပြော ငါ့အဘွားခန်းက ဘုရားခန်းနဲ့ အနီးဆုံးအခန်းပဲ ဝတ်မှုံအဘွားလည်း ဒီအခန်းမှာပဲ နေတဲ့အခါလည်းနေတယ်။ ဒီဗီဒီအခွေထဲမှာ င်းကို အလွတ်ကျက်ခိုင်းပြီးသားလေကွာ ကျွတ်"

"ဟို . . . မင်း . . . မင်းရဲ့ ဝတ်မှုံကိုရော ဘာပြောရမလဲ"

"ဩော် ဒါက အရေးမကြီးပါဘူး ငါနဲ့သူနဲ့လည်း ပ်ရင်းနှီးလှချည်းမဟုတ်လှပါဘူး ဒီတိုင်းပဲ နှုတ်ဆက်ခေါ်ပြော လိုက်ပေါ့။ ဝတ်မှုံ ထမင်းစားပြီးပြီလား ဘာညာပေါ့။ သိပ်မရစ် ပေါ့။ ဒါပဲလေ ဘာမှမခက်ပါဘူး။ ပြီးရင် အခန်းထဲဝင်ပြီး ပ်ရုံပဲ မနက်ကျရင်လည်း ကော်ဖီဝိုင်းမှာခဏတဖြုတ်ထိုင် ရင် အခန်းထဲက ဖိုင်တွဲဆွဲပြီး အလုပ်သွားမယ်ဆိုပြီး ထွက်လာ ပဲ။ မင်းမှတ်မိတယ်မဟုတ်လား။ ဘာမေးရင် ဘာဖြေရမယ် ဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိတာက မှတ်မိပါတယ်"

"ဒါဖြင့် ဝင်တော့လေကွာ"

"သူတို့ မတော်တဆရိပ်မိခဲ့ရင်"

"ရိပ်မိရင် ငါဝန်ခံလိုက်မယ်"

"ဟာ မလုပ်နဲ့ မင်းစိတ်ကိုပြင်ထား မင်းဟာအခု အချိန်ကစပြီး မိုးကုပ်စက်ဝိုင်းပဲ ကြားလား မင်းလုပ်တဲ့အလုပ်တစ်ခု အောင်မြင်ဖို့က မင်းတာဝန်ပဲ။ မင်းတာဝန်ကို မပေါ့လျော့နဲ့။ ဒါ. . . ငါပေးတဲ့အလုပ်ပဲ။ ပီပြင်အောင် လုပ်စမ်းပါကွာ။ မင်းလည်း အခြေအနေတွေအားလုံးကို သိနေတာပဲ။ ကူညီပါကွာ ငါအခက်အခဲ အကျပ်အတည်းကြုံနေတုန်းမှာ အခုလို ကူညီပေးတဲ့ မင်းရဲ့ကျေးဇူးကို ငါတစ်သက်မမေ့ပါဘူး နေလင်းရာနော် ညီလေး မင်းအစ်ကိုအတွက် အဆင်ပြေအောင် အစွမ်းကုန်ကြိုးစားပေးကွာ"

စက်ဝိုင်းသည် ရုပ်ချင်းတူတာနှင့်ပဲ တွေ့တွေ့ချင်းကတည်းက သူကအစ်ကို၊ မင်းထယ်နေလင်းက ညီဖြစ်သည်ဟု သူ့ဟာသူ သတ်မှတ်လေသည်။



ညီလေးလို့ခေါ်ပြီးမှ မွေးဘက္ကရာဇ်တွေ အပြန်အလှန်မေးဖြစ်တော့လည်း သူတို့နှစ်ဦးဟာ ထူးဆန်းလှစွာ မွေးဖွားတဲ့ခုနှစ်ရော၊ ဖွန်လဆိုတာရော တူညီနေပါသည်။ သူက ဖွန်နှစ်ရက်၊ စက်ဝိုင်းက ဖွန်ဆယ့်ငါးဖွားမို့ တစ်ပတ်ပင် သူကပိုအသက်ကြီးသေးတာပါ။

ဒါပေမယ့် ဝါအရတော့ စက်ဝိုင်းက သူ့ထက်သာပါသည်။

"နော်. . . ညီလေး. . . အစ်ကို စိတ်ချမယ်. . . မနက်ဖန်မှ တွေ့ကြမယ်။ ညီလေး အဆင်ပြေမယ်လို့ လုံးဝယုံကြည်တယ်. . ."

ဝတ်မှုံသည် အပေါ်ထပ်မှန်ပြူတင်းမှ အသာလေး ပုန်းကွယ်ကြည့်နေတာမို့ စက်ဝိုင်းရဲ့ ပရာဒိုကားဝင်လာတာရော ခြံရှေ့မှာ ရပ်လိုက်တာရော. . . ကားအောက် ဆင်းပြီး ခြံဝန်းထဲကိုတစ်ခဏ စေ့စေ့လှမ်းကြည့်နေတာရော. . . ပြီးတော့ ကားပေါ်ပြန်တက် ဖုန်းပြောလိုက်ပုံရတာကိုရော. . . အကုန် လှမ်းမြင်နေရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီည ပြန်ရောက်မယ်လို့ ဖုန်းကြိုဆက်ထားလို့ မျှော်နေခဲ့မိတာ။

အဘွားနန်းက သူကြိုက်တတ်တဲ့ ငါးဖယ်သုပ်တို့၊ ကြားဇံချက်တို့၊ ပုဇွန်ထုပ်ကြော်၊ မရမ်းသီးထောင်း၊ ပန်းဂေါ်ဖီကြော်စသဖြင့် ဖွယ်ဖွယ်ရာရာ စီမံစေသဖြင့် ကြီးမေနှင့်အတူ ဝိုင်းကူချက်ထားရတဲ့ သူမဟာလည်း ညနေကတည်းက သူရောက်လာမည့်အချိန်ကိုရောပြီး။ မျှော်တော်ယောင်ဖြစ်နေခဲ့ရတာလေ။

သို့ပေမယ့် သူက ပေါ်မလာ. . .။ ဖုန်းဆက်တော့လည်း "စက်ပိတ်ထားတယ်"ချည်း ဖြေနေသည်။

ရောက်မည့် ရောက်လာတော့ ညကိုးနာရီရှိပြီ. . .။ ဒါလည်း ခြံထဲကားမဝင်သေးပဲ ဖုန်းတပြောပြောလုပ်နေတုန်း။

အင်မတန် စိတ်အေး လက်အေးရှိတဲ့သူ. . .။

နွေးထွေးတဲ့ မိသားစုထက်တစ်ခြား ဘယ်သူကများ ပိုအရေးကြီးနေရတာလဲ. . .။

သူအထူးအရေးပေး ဂရုစိုက်ရမှာက. . .။



နံပါတ်တစ် အဘွားနန်း. . .။

နံပါတ်နှစ် စင်ကာပူမှာရှိတဲ့ သူ့အဖေဦးလင်းထွန်းတင်။

နံပါတ်သုံး. . . သူနဲ့မကြာမီစေ့စပ်ပြီး သူ့ဘဝရဲ့အစိကလုံးသားထဲက ဘုရင်မတစ်ပါး ဖြစ်လာတော့မယ့် ဟောဒီကမရာဝတီမှူး. . .။

ဒါကိုများ သူက. . .။

နံပါတ်တစ်က အလုပ်. . .။

နံပါတ်နှစ်က ဘီယာဂါးဒင်း မှန်မှန်ထိုင်ဖို့. . .။

နံပါတ်သုံးက အပေါင်းအသင်း မိတ်တွေသူငယ်ချင်းတို့နဲ့ ဖုန်းပြောဖို့ ဟေး ဟေး ဟား ဟား လုပ်ဖို့ နေရာတကာပါဖို့ အားအားရှိ လွတ်လွတ်လပ်လပ် ခရီးထွက်ဖို့. . .။

ဒါတွေနဲ့ပဲ ပြီးနေတာ. . .။

သူ့ရဲ့နံပါတ်စဉ်တွေဟာ ဇောက်ထိုးမိုးမျှော်တွေ ကလွဲကြီး လွဲနေသည်။

ကြည့်ရတာ အမြင်ကပ်အသည်းယားဖို့ ကောင်းလေစွ။ ထုရိုက်ဖစ်ဖို့ကောင်းလေစွ. . .။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုံ လက်ထပ်မယ့်သူဟာ ဒီလိုတော့ မဖြစ်စေရ။ သူ့ဘဝမှာ သူ့အတွက် ဘယ်ပုဂ္ဂိုလ်ဟာ နံပါတ်တစ်ဆိုတာ သိကို သိစေရမည်။

သူ့ရဲ့ နေထိုင်မှု Life Style တွေ ပြောင်းပြန် ပြောင်းလဲကုန်မှ ဖြစ်မည်. . . ။

ဒါဟာ ဝတ်မှုံမှာလည်း တာဝန်ရှိသည်။

သူ့ကို မလွဲမသွေ လက်ထပ်ရမည်ဆိုလျှင် ဒါတွေ. . . ဒါတွေတော့ ရှင်ပြင်စမ်းပါဟု

သူမတောင်းဆိုရမည်။ သူမမှာတောင်းဆိုခွင့်လည်း ရှိသည်။ ကြိုတင်ညှိနှိုင်း ဆွေးနွေးခွင့်လည်းရှိသည်။

သူကအေးတိအေးစက်လုပ်တိုင်း ကိုယ်ကပါ အေးတိအေးစက် အလိုက်သင့် မျှောထားလိုက်လို့ မဖြစ်တော့. . . ။

ဝတ်မှုံလည်း သူမရှိတဲ့ရက်တွေအတွင်း အေးအေးလူလူ စဉ်းစားဖြစ်ခဲ့ပြီ. . . ။

ဖုန်းမှားပြီး စတင်သိကျွမ်းခဲ့ရတဲ့ ဘုမသိဘမသိ. . . လူမမြင်ဖူးရတဲ့ ကိုနေလင်းနှင့်ပင် ဖုန်းထဲမှာ စကားလက်စုံကျရင်း



တစတစနှင့် တစ်ယောက်အကြောင်း တစ်ယောက်သိ. . . ။ တစ်ယောက်အကြိုက် တစ်ယောက်ရိပ်မိနှင့် အခြေအနေတွေ ကောင်းမွန်တိုးတက်လာရသေးတာပဲ. . . ။

ကဘာဝစာရည်ရွယ်တဲ့ မိုးကုပ်စက်ဝိုင်းနှင့်ကျ တစ်ခါမှ စကားကြာကြာ မပြောဖူးသဖြင့် ခုထက်ထိ သူစိမ်းတရံစာ သက်သတ်ကြီးလို ဖြစ်နေသည်။

BURMESE CLASSIC .com

ရည်ရွယ်ချက်တွေက အိပ်မက်ဆန်လှသည်။

စက်ဝိုင်းဒီတစ်ခေါက် ပြန်လာလျှင်တော့ ဘာပဲဖြစ်ဖြစ် ရှေ့ရေး ရှေ့ရာလေး ဆွေးနွေးကြည့်တော့မယ်လို့ ဝတ်မှုံဖက်က အားတင်းဆုံးဖြတ်ထားခဲ့သည်။

ရင့်မခုန်လည်းပဲ အိမ်ထောင်ဖက်တော့ ဖြစ်ရဦးမည် မဟုတ်လား. . . ။

ကိုယ့်ရဲ့ အဖြူစင်အရိုးသားဆုံးဘဝနှင့် အကောင်းမွန်ဆုံး မေတ္တာတို့ကို ပေးဆပ်အပ်နှင်း ကြည်ဖြူရမည့်သူဟာ မိုးကုပ်စက်ဝိုင်းပဲမဟုတ်လား. . . ။

ဝတ်မှုန်သည် သူ့ကို ခရီးဦးကြိုဆို တံခါးဖွင့်ပေးဖို့

www.burmeseclassic.com

www.burmeseclassic.com



အခေါ်ထပ်မှ လျှင်မြန်စွာပဲ ဆင်းလာခဲ့သည်။

လှေကားကဆင်း ထမင်းစားခန်းကိုဖြတ် ဧည့်ခန်းဆီ လျှောက်၊ ထိုမှ ရှေ့ထွက်၍ မှန်တစ်ထပ် ကျွန်းတံခါးတစ်ထပ်ကိုဖွင့် . . ။

ဟော. . . သူ့ကား ဝင်လာပြီး. . . ။

ကွန်ကရစ်လမ်းပေါ် တုံ့ရပ်ပြီးတာနှင့် ကားပေါ်က ဆင်းပြီး။ ခြံတံခါးဖွင့်ပေးတဲ့ ကိုညြကို ကားသော့လက်ထဲထည့် ပေးလိုက်သည်။

"ကားသိမ်းလိုက်တော့. . . ။

"ဟုတ်ကဲ့"

မင်းထယ်နေလင်းက စက်ဝိုင်းထွက်သွားတုန်းက ယူဆောင်လာခဲ့တဲ့ ခရီးဆောင်အိတ်ခပ် ရွယ်ရွယ်ကိုဆွဲလျက် ခပ်တည်တည်ပဲ အိမ်ကြီးဆီသို့ လျှောက်ခဲ့သည်။

ဆင်ဝင်အောက် ကြွေပြားခင်းပေါ် နင်းမိတာနှင့် သူ့ခြေလှမ်းတွေ အလိုလိုတုံ့ရပ်သွားပြီး အံ့အားတသင့် ရင်သပ်ရှုမောကြီးနှင့် မမှိတ်မသုန် မှင်သက်သွားရသည်။



လမင်းလေးတစ်စင်းလို ဝင်းဝင်းပပ ရှင်းရှင်းသန့်သန့် လေး စွဲမက်စရာ ကောင်းတဲ့မျက်နှာ. . . ။

တစ်ခါပဲမြင်ဖူးခဲ့ ပေမယ့် မင်းထယ် ဒီကောင်မလေး ဟန်ပန်ကို မမှား . . ။

တံခါးဘောင်လေးကို မှီပြီးသူ့ထံတည့်တည့်မတ်မတ် စူးစိုက်ကြည့်နေသည်။

ဆင်စွယ်ရောင် ဂါဝန်ရှည် ကိုယ်တိလေးပေါ်က ဆွယ်တာရင်စေ့ ခဲရောင်လေးကို ထပ်ပြီးဝတ်ဆင်ထားသည်။

ဆံနွယ်လေးတွေက ကပိုကရို ခွေခွေလိပ်လိပ် ကလေး တွေ ဝဲဖြာကျလျှက်သား. . . ။

ဖြူ. . . ။

ခင်ဗျားလေးက ဖြူဝဲလား. . . ။

ခြေစုံရပ်ကာ စူးစူးနစ်နစ် တမေ့တမောဆန်ဆန် ငေး စိုက်ကြည့်နေဟန်ကြောင့် ဝန်မှုရင်ထဲ ရှက်သွေးသွေးလှိုက်ဖို လာသည်။

သူ့ဘာလို့ ဤမျှ စိုက်ငေးကြည့်နေရပါလိမ့်. . ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တပတ်ဆယ်ရက်မျှ ခရီးထွက်သွားလိုက်တာနှင့် ဟန်အမူအယာတွေ ဒီလောက်ကြီး ပြောင်းလဲရသလား. . .။

မျက်ဝန်းတစ်စုံဆီမှ လေးနက်မှု၊ စီးမျောမှု၊ မြတ်နိုးမှု၊ နှစ်လိုစုံမက်မှု၊ သက်ဝင်လှိုက်လှဲမှု. . .။ အိုသူမ မသိနိုင်. . .။ ပြောမပြနိုင်တဲ့ ခံစားချက်များစွာမက နှလုံးသားကို တခဏလေးမှာ ရူးသွပ်စေသည်။

မင်းထယ်နေလင်းရဲ့ ကြိုတင်ပြင်ဆင်လာမှုတွေဟာ သူမကို မမျှော်လင့်ပဲ တွေ့လိုက်ရချိန်မှာ ဖရိုဖရဲနှင့် ကြွေပျက်ကုန်လေသည်။ စိတ်တွေ အရမ်းလှုပ်ရှားလာရ၏။

ကျွတ်. . .။ နေစမ်းပါဦး. . .။

ငါက အခုစက်ဝိုင်းပဲ. . .။ စက်ဝိုင်းနေရာကနေ. . .။ ပြောနေကျစကားတွေပဲ ပြောရမှာ။

ဟိုးအရင်. . . စက်ဝိုင်း မွေးနေ့တုန်းက အပျော်တမ်းရိုက်ယူထားတဲ့ ဒီဗီဒီခွေလေးကို ကြည့်ခဲ့ရတယ် ဆိုပေမယ့် အဲ့ဒီခွေထဲမှာ သူမပုံမှ မပါခဲ့ပဲ. . .။

သူမဟာ ဝတ်မှုံလား. . .။ အမရာ ဝတ်မှုံပဲလား. . .။



ဒီအိမ်မှာ ဒီအရွယ် မိန်းကလေး နောက်တစ်ယောက်ကော့ မရှိနိုင်လောက်ဘူးဟု မင်းထယ်တွေးသည်။

ဒါပေမယ့် ဖြူက ဝတ်မှုံဖြစ်နေခဲ့ပြီ ထင်ပါသည်။ ဘုရားက သူ့ကို ခုတလော အင်မတန်ကျီစယ်နေပါရော့လား။

မင်းထယ်နေလင်းက တလှမ်းချင်း ရှေ့တိုးလျှောက်လာရင် ဝတ်မှုံ နှလုံးသားမှာ ဆန်းကြယ်စွာ တဒုတ်ဒုတ်နှင့် အခုန်မြန်လာရသည်။

လျှောက်လာတဲ့ အချိန်မှာလည်း သူ့အကြည့်က ပြောင်းလဲမသွားဘူးလေ. . .။

သူဟာ နောက်ထပ် စက်ဝိုင်းတစ်ယောက်လို့ ထင်ရလောက်ပင် သူမကို ဆန်းပြားစွာ ညှို့ငင်တိမ်းမူးစေပါသည်။

သူမကိုယ် သူမလည်းမယုံနိုင်အောင် ဖြစ်မိသည်။

အနားတိုးကပ်လာပြီမို့ မင်းထယ် တစ်ခုခုတော့ နှုတ်ဆက်စကားဆိုရမည်။

ဘာပြောရမလဲ. . .။

"နေကောင်းလား. . ."

www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့သော သူ့ခမ်းခွန်းကို ဝတ်မှုံက ဘာမှမြ
မပြောပဲ ခေါင်းလေးသာ ညိတ်ပြသည်။

"အဘွားတို့ရော. . . အိပ်နေကြပြီလား. . ."

"မအိပ်သေးပါဘူး. . . အခုပေါ် ထပ်တော့ တက်သွ
ကြပြီ ညနေကတည်းက ပြန်ရောက်မယ်ထင်လို့ ထမင်းစ
စောင့်ရင်း မျှော်နေကြတာ. . ."

"ဟုတ်လား. . . . ဆောရီးပဲ. . . နောက်ကျသွ
တယ်ကွာ. . ."

မင်းထယ်သည် သူမရဲ့ စကားသံလေးကို နားထောင်
မဝ ဖုန်းထဲက လေယူလေသိမ်းလေးနှင့် တူပါသည်။ သို့ေ
နည်းနည်းတော့ကွာခြားမှုရှိသည်။

မင်းထယ် အသံကိုရော သူမမှတ်မိနေမလား
တစ်ချက် စိုးရိမ်သွားသည်။

ဖြူတ သိသယဝင်ပုံမရပါ. . .။

သူ့ကို စက်ဝိုင်းပြန်လာတယ်ဟုသာ ထင်နေပုံပေါ
"ကားမောင်းရတာ ပင်ပန်းသွားပြီပေါ့နော်. . ."



"ရပါတယ်. . . ခီလောက် မပင်ပန်းပါဘူး. . ."

"ခဏနားပြီး ထမင်းစားတော့မလား။ ဝတ်မှုံ ထမင်း
ားပွဲပြင်လိုက်မယ်နော်. . ."

"ဟို. . . နေပါစေ. . . ကျွန်တော် ထမင်းစားခဲ့ပြီ. . ."

"ဟင်. . . စားခဲ့ပြီ. . . ဘယ်မှာ စားတာလဲ. . ."

"အိမ်. . . အဲ့. . . ဟို. . . မိတ္ထီလာမှာ. . ."

"ညနေတုန်းက စားခဲ့တာလား"

မင်းထယ်က ခေါင်းဆတ်သည်။

"ဒီမှာ ဘွားနန်းက ရှင့်အတွက်ဖွယ်ဖွယ်ရာရာလေးတွေ
ပင်တကာ သေချာချက်ထားတာ. . . ဝတ်မှုံတောင် ဟင်းတွေ
က်စွမ်းပြထားသေးတယ်. . ."

"ဟုတ်လား. . . ကျေးဇူးပဲ. . . အားနာလိုက်တာဗျာ
ာက်ဆို အဲလို တကူးတကမလုပ်ပါနဲ့. . . ကျွန်တော်က
ာနဲ့ စားတတ်ပါတယ်. . .။

ဟုတ်ပါ. . . ယုံရမယ်ပေါ့နော်. . .။ ဟွန်း. . .။
ဘွားနန်းက သူ ဟင်းကျိုးများတတ်တဲ့ အကြောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ခဏခဏ ပြောပြလွန်းလို့ ရိုးနေပြီ. . .။

မသိဘူးများ မှတ်လို့လား ရှင်ရေ. . .။

ဝတ်မှုံက ရေခဲသေတ္တာဆီ လျှောက်သွားပြီး အသင့်ဖျော်ပြီး အအေးခံထားတဲ့ စတော်ဘယ်ရီသီးဖျော်ရည် ဖန်ချိုင့်လေးကို ထုတ်ကာ သူ့အတွက် တစ်ဖန်ခွက်ထည့်ပေး လိုက်သည်။

မင်းထယ်သည် သူမပြုံးပြုံးလေးလှမ်းပေးတဲ့ ဖျော်ရည်ဖန်ခွက်ကို လှမ်းယူမော့သောက်ရင်း ရင်ထဲမှာ မယုံနိုင်အောင် ကြည်နူးပီတိ တစ်မျိုးခံစားရသည်။

အိမ်သူသက်ထားလေးက အမောပြေကြိုဆိုတဲ့ အတိုင်းပါပဲလား. . .။

သို့သော် ကြည်နူးရင်ခုန်မှုတွေ ဘာရိတ်. . .။

ဒါက စက်ဝိုင်းအတွက်ပဲ. . .။ ငါ့အတွက်မှမဟုတ်ပဲ။

မင်းထယ် စိတ်ကူးယဉ်ခွင့်မရှိ. . .။

သူဟာ တကယ်တော့ ခလောလောဆယ် အသုံးချ လူသား တဆက်တည်းမှာ စက်ဝိုင်းကိုလည်း သူသြချမိပါ၏



ငိုလောက်လှတဲ့ နက်သမီးလေးကို ပစ်ထားပြီး ဟိုးမန္တလေးက ရှုပါကျော်ဆီ သွားရသတဲ့. . .။

ဒီကောင့်မှာ မျက်စိမပါတာလား. . .။ အသည်းနှလုံးမပါတာလား။ သေချာတာကတော့ မိုက်မဲတာပဲ. . .။

သူဒီလိုပဲ မြင်မိသည်။

စက်ဝိုင်း လူမိုက်မဲကွာ. . .။

ဝတ်မှုံနှင့် ရှုပါဟာ တကယ်တော့ ရုပ်ရည်ရူပကာချင်းလည်းတစ်ခြားစီ. . .။ စွဲမက်စရာကောင်းပုံခြင်းလည်း နှိုင်းယှဉ်ရ. . .။ တည်ငြိမ်တဲ့ ကြွေရုပ်လေးနဲ့ ဝတ်မှုံဟာ ရှုမငြီးချင်စရာ အဆင့်မြင့်မြင့်လေး ဆွဲဆောင်မှုရှိသည်။

နူးနူးညံ့ညံ့လေးနဲ့ ခမ်းနားတည်ငြိမ်တဲ့ အလှမှာ ပထမဦးဆုံး တစ်ခေါက်ကတည်းက ကျရှုံးခဲ့ပြီးသားပါ ဝတ်မှုံရယ်။

အခုခင်ဗျားရှေ့ကို ရောက်လာတဲ့သူက စက်ဝိုင်းအတုပါ။ ဒါပေမယ့် ကျွန်တော့်နှလုံးသားက အသစ်ပါ။ စစ်မှန်တဲ့ မေတ္တာတွေလည်း ရှိနေပါတယ်။

ခင်ဗျားနဲ့ နီးနီးကပ်ကပ် ဖြစ်အောင် ပို့လွှတ်ပေးလိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာကိုလည်း ကျွန်တော်ဆလွတ်ရိုက်ပါတယ်။

"သင့်ခ်ယူပါ ဝတ်မှုံ"

သူမကို အခုကျတော့ နင်နဲ့ငါနဲ့လည်း မပြောတော့ပါလား။ စက်ဝိုင်းရဲ့ အကြည့်သာဖဟုတ်။ လေးစားတဲ့ ဆက်ဆံရေးနဲ့ စကားအသုံးအနှုန်းတွေပါ ပြောင်းလဲကုန်တာ။

"မန္တလေးမှာ သိပ်ပျော်ခဲ့လား"

"ဗျာ. . ."

"ဝတ်မှုံတို့ကို မေ့နေတယ်မို့လား. . ."

"မမေ့ပါဘူး. . ."

"ဒါဖြင့် အခုဘယ်မှာလဲ. . . မုန့်ဝယ်လာခဲ့လား. . ."

သူမရဲ့ မေးခွန်းကို မဖြေနိုင်ပဲ ကြောင်နနပြန်ကြည့်နေမိသည်။

ကြည့်စမ်း ဒီတစ်ခု စက်ဝိုင်းမပြောလိုက်ပါလား။ ပြန်လာတိုင်း မုန့်ဝယ်နေကျလား. . .။

သူ့အခုမှ ချွေးပျံချင်လာသည်။

ကလေးတစ်ယောက်ဟန်ပန်နှင့် သူမပြောလိုက်ပုံ



လားက သိပ်အသည်းယားစရာလည်း ကောင်းနေသည်။

"သွားခါနီး ညတုန်းက ရှင်ဘာပြောခဲ့လဲ"

ထပ်တစ်ခွန်း မေးလိုက်လျှင် မင်းထယ် ပိုအကြပ်ရိုက်ရရ၏။

သေစမ်းကွာ. . .။

ဘာတွေပြောခဲ့လဲ ငါမှမသိတာ. . .။

စက်ဝိုင်း. . . စက်ဝိုင်း. . .။

ငါ့ကို ကိုးလို့ကန်လန့် နေရကျပ်အောင် ပို့လိုက်တာပဲ။

"ကဲ. . . မေ့ပြီမို့လား. . . ဂျယ်လီပူတင်း ဝယ်ခဲ့မယ်. . ."

"အဲ. . . ဟုတ်တယ်၊ အလုပ်တွေ များတာနဲ့ မေ့သွားတယ်. . .။ ဝတ်မှုံကို မနက်ဖန် မုန့်လိုက်ကျွေးပါ့မယ်"

ဟွန်း. . . ဒီလိုမှ လာပါ့မလားလို့. . .။

ဝတ်မှုံနှုတ်ခမ်းလေး ပြုံးသွားရသည်။

"ကျေနပ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြတော့ သူက. . .

"ဒါဆို ကျွန်တော့် အပေါ် တက်ပြီး နားတော့မယ်နော်"

ဟုခပ်မြန်မြန်ပဲ နှုတ်ဆက်လိုက်ပါသည်။

ဝတ်မှုံရှေ့မှာ ကြာကြာနေရမှာပဲ ကြောက်နေတဲ့ပုံ။

ဝတ်မှုံက သူ့ကို စာတွေမေးနေတဲ့ ဆရာမမို့လို့လား။

ကျောင်းသားလေးလို ခေါင်းညွတ်ပြီး လစ်တော့တာ။

မင်းဆယ်က လှေကားထိပ်ရောက်လျှင် သူမဝ တစ်ချက် အသာပြန်ခိုးကြည့်သည်။

သူမက ကြည့်နေဆဲမို့ လှစ်ခနဲ ပြုံးပြလိုက်သည်။

စက်ဝိုင်းရဲ့အပြုံးမှာ ဝတ်မှုံရင်ထဲ သိမ့်ခနဲခွေးရ၏။ အို. . . ဝတ်မှုန် ဘာဖြစ်နေပါလိမ့်။

ဘွားနန်းတို့ အိမ်ရောက်ပြီးမှ ဒီနေ့အပျော်ဆုံး။

အခုခဏလေးမှာမှ စိတ်တွေက တဟုန်းထိုး ညွတ်။ ပျော်ဝင်သွားမိတာ ဘာကြောင့်ပါလဲ စက်ဝိုင်းရယ်. . .။

ရှင်သိရင် ဖြေပေးပါလား. . .။

× × × × ×

ညတုန်းက စက်ဝိုင်းရဲ့အဘွားနှင့် ဝတ်မှုံရဲ့အဘွားဂို့ကို ဝင်ရောက် တွေ့ဆုံးနှုတ်ဆက်ပြီး ခပ်လန့်လန့်နှင့် စကားအမြန် ဖြတ်ခဲ့ပေမယ့် ဘာတစ်ခုမှ သံသယမဝင်ပဲ အဆင်ပြေ ချောမွေ့ အောင်မြင်ခဲ့တာမို့ အနည်းငယ်မျှ စိတ်သက်သာရာ ရသွားခဲ့ သည်။

ညက နှစ်နှစ်ခြိုက်ခြိုက်အိပ်မပျော် လှပေမယ့် ဒီမနက် မှာတော့ လန်းဆန်းကြည်လင်စွာပဲ နိုးလာခဲ့ပါသည်။

သူ့အခန်းဟာ စက်ဝိုင်းလို သူဌေးသားရဲ့အခန်းမို့ အနေအထားနှင့် ဖွဲ့ဆင်လတီကတော့ ဘာမှပြောစရာမရှိ. . .။

www.burmeseclassic.com

www.burmeseclassic.com



ဒက်ကိုရေးရှင်းကလည်း ခေတ်မီသားနားသလို ပရိဘောဂတွေကလည်း အမိုက်စားတွေချည်းပါ။ မာစတာဘက်ရှန်းမို့ အခန်းက ကျယ်ပြီး မွေးပွကော်ဇော အထူကြီးခင်းထားလျက် အဲယားကွန်းနှစ်လုံးပင် တပ်ဆင်ထားသည်။

မင်းထယ်သည် အိပ်ယာကထပြီး သူ့အခန်းကိုတခါဏေးကြည့်နေမိသည်။

ညက မီးရောင်နှင့်မို့ ပိုလှသလို မနက်ခင်းမှာရောက်တော့လည်း နေရောင်ခြည်နွေးနွေးကြောင့် လင်းလဲ့ဝင်းဖြာနေပါသည်။

မျက်နှာကျက်ကို ကြည့်မလား၊ နံရံတွေကိုကြည့်မလား၊ ပြူတင်းတံခါးတွေကို ကြည့်မလား၊ အခန်းထွင်းက အသုံးအဆောင် ပစ္စည်းတွေကိုကြည့်မလား အားလုံးဟာ အသစ်တွေချည်းပဲလို့ ထင်ရအောင် သစ်လွင်သားနားနေသည်။

ဒီလိုဆိုတော့လည်း၊ စက်ဝိုင်း အခုထဲခဏအငှားသဘော နေကြည့်ရတာ စိတ်ကျေနပ်စရာမပါဘူး။

သူတို့ မန္တလေးက အိမ်ကတော့ သာမန်ပျဉ်ထောင်



တိုက်ခံအိမ်လေးပါပဲ။ လွတ်လပ်မှုအပြည့်နှင့် စိတ်ချမ်းသာမှုအပြည့်နှင့် စိတ်ချမ်းသာစရာကောင်းပေမယ့်။ ဒီလို ခမ်းနားတဲ့ အိမ်မျိုးတော့ မင်းထယ်တစ်ခါမှ မနေဖူးသေးတာ အမှန်။

အခုတော့ သူ့ကိုယ်သူ သူဌေးသားလိုလို ဘာလိုလိုနှင့် စက်ဝိုင်းမှနေရာ စက်ဝိုင်းအခန်းမှာ အကျအနပဟန်ကျ နေပါ၏။

ဒါဖြာ ဘယ်နှစ်ရက်ကြာမလဲ သူမသိ။

အဆောင်အယောင်တွေက ကြီးကျယ်ခမ်းနား ပြည့်စုံသလောက် စိတ်တွေကတော့ မွန်းကျပ်လှောင်ပိတ်နေရမှာ ကျိန်းသေပင်။

ဒါပေမယ့်လည်း "လဲ" နိုင်ပါတယ် မြူရယ်။

ခင်ဗျားနဲ့တမိုးအောက်မှာ အတူနေရတဲ့ အခွင့်အရေးကိုတော့ ကျွန်တော်တပ်မက်မိ၊ နှစ်ခြိုက်မိတာကိုး။

မချော်ပေမယ့် အားတင်းနိုင်ပါတယ်။

မရိုးသားရာကျပေမယ့်၊ မငြင်းနိုင်ခဲ့တာကို စိတ်အနှောင့်အယှက် ဖြစ်မနေနဲ့တော့ပါဘူး။

ဒါဟာ ဘာကြောင့်လဲဆိုတော့ အမရာဝတီမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကြောင့်ပေါ့ဗျာ။

မင်းထယ်နေလင်းက အိပ်ယာပေါ်မှဆင်းကာ အခန်းနှင့်တွဲလျက်က ရေချိုးခန်းသို့ဝင်ကာ မျက်နှာသစ်ရင်း ရေပါတဆက်တည်း ချိုးပစ်လိုက်ပါသည်။

ဝါးတားဟီတာဖွင့်ပြီး ခပ်နွေးနွေးရေနှင့် ချိုးတာမို့ အကြောအခြင်တွေပြေကာ တကိုယ်လုံး လန်းဆန်းကြည်လင်သွားပါသည်။

ပြီးလျှင် အဝတ်အစားလဲဖို့ ဘီရိုကို ဖွင့်လိုက်သည်။

အားပါး စက်ဝိုင်းရဲ့ အဝတ်အစားတွေက ရုပ်ရှင်မင်းသားတစ်ယောက်လို နံရံကပ်ဘီရိုတွေ ရှိုးကေ့စ်တွေထဲ အပြည့်အလျှံပင်။

ရှပ်အင်္ကျီတွေ၊ တီရှပ်တွေ၊ စပို့ရှပ်တွေ အားလုံး မြင်မြင်သမျှက နံမည်ကျော် Brand အမြင့်တွေချည်းသာ။

ဘောင်းဘီရှည်၊ ဘောင်းဘီအတို၊ ကွာတားပင်န်အားလုံးကလည်း ထိုနည်းတူ။

ဦးထုပ်၊ ဂျာကင်၊ မျက်မှန်၊ ခါးပတ်၊ ဖိနပ်၊ ရေမွှေး



အားလုံးက အပျံစား၊ အကောင်းစားတွေ သူ့နေရာနှင့်သူ စနစ်တကျ ထားသိုတာကိုကြည့်တာနှင့် စက်ဝိုင်းက စည်းကမ်းတော့ရှိပုံရတာ သိသာသည်။

"ငါ့အဝတ်အစားတွေ ယူဝတ်နှင့်"ဆိုလိုသာ ရုံးသွားဖို့ ကြည့်ကောင်းရုံ အနောက်တိုင်းဝတ်စုံနှင့် ကုတ်အင်္ကျီတထည် ရွေးထုတ်လိုက်ရသည်။

စက်ဝိုင်းက သူ့ထက်ပိုပိန်တော့ ကျပ်နေမလားဟု အရင်စွပ်ကြည့်ရသေးသည်။ သို့သော် သူရွေးထုတ်လိုက်သော ခဲနက်ရောက် ဝတ်စုံက ကံကောင်းထောက်မစွာ သူ့ဘော်ဒီနှင့် အဆင်တပြေ အံချိုးတကျဖြစ်သွား ပါသည်။

ခေါင်းဖြီးပြီး စက်ဝိုင်း၊ ဆွတ်လက်စဖြစ်ပုံရတဲ့ တဝက်ကျိုးခန့်ကျန်တဲ့ ရေမွှေးပုလင်းကို ဆွဲယူ၍ သူ့ကိုယ်ပေါ် အနည်းငယ်နှိပ် ဖြန်းလိုက်သည်။

ပြီးလျှင် အခန်းထဲက ထွက်၍ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ထမင်းစားခန်းက ကော်ဖီစားပွဲမှာ အားလုံးလူစုံနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟော . . မြေးတောင်ဆင်းလာပြီ . . ဘွားက အခုပဲ ခေါ်ခိုင်းတော့မလို့။ ဒီနေ့စောသားပဲ အဝိုင်းရဲ့"

"စောစောနိုးလာလို့ပါ"

"ကဲ . . ဒါဖြင့် လာကိုင်၊ အဘွားနားကို အရင်ဆုံးလာ"

မင်းထယ် အနားကပ်သွားလျှင် အဘွားနန်းက သူ့ပါးပြင်ကို ဖွဖွရှိုက်မွှေးလိုက်၏။

မင်းထင်ရင်ထဲ ကြည်နူးချမ်းမြေ့ရ၏။

သူ့ဘဝမှာ အဖေပဲရှိပြီး အဖေကြီးနှင့်လည်း ဒီလောက်ကြီးတော့ လက်ပွန်းတတီး မရှိတာအမှန်။

အခုအဘွားနမ်းသလိုမျိုး သူ့ကိုဘယ်သူမျှ မနမ်း။

ဒါကြောင့်ပင် လှိုက်လှဲပျော်ရွှင်သော ခံစားချက်နှင့် အဘွားရဲ့ပါးပြင် အရေတွန့်တွန့်လေးကို သူလှစ်ခနဲ တုံ့ပြန်မွှေးလိုက်မိ၏။

ဘွားနန်းမှာ အံ့သြဝမ်းမြောက် မှင်သက်ရ၏။

သူ့မှာ မြေးအချစ်လေးကို ရှုံးသွားခါနီးတိုင်း မွှေးမွှေးပေးဖို့ မမေ့မလျော့ ဂရုစိုက်ရပေမယ့် အဝိုင်းလေးပာ ရှက်ကိုး



ရှက်တန်းနှင့် ခေါ့ရှောင်ဖယ်ချင်သလိုလိုနှင့် ဘွားဘောကို ပြန်လည် အနမ်းပေးဖို့ တွန့်ဆုတ်တတ်သည် မဟုတ်လား။

ဒီနေ့တော့ ကံကောင်းလေစွ။

မြေးလေး အဝိုင်းက မွှေးမွှေးပြန်ပေးသည်။

ဘွားနန်း မျက်နှာမှာ ပီတိအိအိနှင့် ပြုံးမြသွားရလေသည်။

"ကဲ . . ထိုင် . . ထိုင် . . အဝိုင်းဖို့ ကော်ဖီလည်းဖျော်ပေးတယ် ဟော့ . . ကြက်ဥဟပ်ဖရိုက်က ငရုတ်ကောင်းလေးဖြူးထားရဲ့လား . . "

"ဖြူးပြီးသားပါ အမေနန်းရယ် . . မောင်ဝိုင်း ဘာကြိုက်တတ်သလဲဆိုတာ ကျွန်မတို့လည်း သိပါတယ်နော် . . "

ကြီးမေက ဘွားနန်းသဲနေတာကို သဘောတကျနှင့် ပြန်ဖြေသည်။

မင်းထယ်မှာတော့ ဟန်မပျက်သော်လည်း ရင်ထဲတုန်လှုပ်နေတုန်းပါ . . ။

အေးချမ်းသော ဝတ်မှုံမျက်နှာလေးကိုလည်း စိုးလှုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှားစွာ ခိုးကြည့်မိသည်။ ဝတ်မှုံရဲ့ မျက်ဝန်းလှလှလေးနှင့် အကြည့်ချင်း ဆုံမိလျှင် ပြန်ခွါဖို့ခက်လှ၏။

ဝတ်မှုံရယ် . . . ။

မင်းမျက်နှာလေးက အေးမြကြည်လင်လိုက်တာ . . . ။

ပုပင်သောကရှိပုံမရတဲ့ မင်းမျက်နှာကြည်ကြည်လေးက သိပ်မျက်နိုးစရာကောင်းတာပဲ . . . ။

တကယ်လို့များ မင်းရဲခင်ပွန်းလောင်း မိုးကုပ်စက်ဝိုင်းဟာ ရုပ်ကြောက်ကို လက်ထပ်ခဲ့ပြီဆိုတာသာ မင်းသိသွားခဲ့ရင်။

မင်းဘယ်လို ဖြစ်သွားမလဲ . . . ။

ငိုမှာလား၊ ပေါက်ကွဲဝုန်းဒိုင်းကြဲမှာလား . . . ။

မင်းထယ်သည် သူမကို ကြည့်ရင်း ရင်မှာအလိုလိုပင် ဂရုဏာ သက်ဝင်မိသည်။

ဝတ်မှုံက သူ့ထံမှ အကြည့်ကို ရုပ်သိမ်းလျှက် မျက်လွှာလေးချလိုက်သည်။

မလုံမလဲခံစားချက်နှင့်အတူ ရင်က ဘာကြောင့် ခုန်လာရသလဲမသိဘူး။



နောက်တစ်ကြိမ် သူ့ကို ပြန်ကြည့်ချင်သည်။ သူတစ်ချက်ကလေး ကြည့်လိုက်တာနှင့် နှလုံးသားမှာ ပြောင်းဆန်ပြီး သူ့မျက်လုံးကိုပဲ ခဏခဏထပ်ကြည့်ချင်မိတာ။

ဘာကြောင့်လဲ။

တစ်ခါမှမကြုံဖူးသော ဆန်းကြယ်နက်ရှိုင်းသော ခံစားချက်အသစ်တစ်မျိုးပါပဲ။

နံနက်ခင်းစာ စားသောက်ရတာ ဝတ်မှုံမဝံ့မရဲပ...ပ...ပ လေးဖြစ်နေသည်။

မင်းထယ်နေလင်းကလည်း အဘွားဖက် အကြည့်ပြောင်းကာ ဘာမှမဖြစ်သလို ပုံစံနှင့်ကော်ဖီပန်းကန်လုံးကို ပြန်ချသည်။

"ဆင်းဒဝစ်စားလေမြေးရဲ့ မြေးအကြိုက်ပဲ ဂေါ်ဖီရွက်ပျော့မျှင်လေးတွေနဲ့ မရောနှစ်စ်နဲ့။ ပရက်စ်လုပ်ထားတာလေ"

စက်ဝိုင်း စားသလို သူမကြိုက်ပါ . . . ။

သူကမနက်စောစောဆို မုန့်ဟင်းခါး၊ ဒါမှမဟုတ် ကမင်းကြော်၊ ဒါမှမဟုတ် ပဲနံပြား၊ ဒါမှမဟုတ် နန်းကြီးသုပ်

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါတွေပဲ စားဖြစ်တာ။

ဆင်းဒစ်လိုဟာမျိုးက တစ်ခါတလေ ကော်ဖီဆိုင်ထိုင်ရင်း အပျင်းပြေ တစ်ချပ်လောက်သာ စားဖြစ်တဲ့အရာ။

သို့သော် အခုသူကနေလင်းမဟုတ်။

ဘွားရဲ့ အချစ်တော်အဝိုင်းဖြစ်နေတာမို့ ကြိုက်ကြိုက် မကြိုက်ကြိုက်မျိုချပေတော့။

မင်းထယ်သည် မုန့်စားကော်ဖီသောက်ချိန်ဆို ငါးမိနစ်တောင်မကြာပဲ ပြီးစီးလိုက်သည်။

"ဟဲ့. . . ကောင်လေး. . . ပြီးပလား. . . "

"ဟုတ်ကဲ့"

"မြန်လိုက်တာ မြေးရယ်. . .၊ ပြိုင်ပွဲဝင်နေတဲ့အတိုင်းပဲ"

"ရုံးသွားစရာရှိသေးလို့ပါ"

"အံမယ်လေးနော်. . .၊ ရုံးကနေ့တိုင်းသွားနေရတဲ့ဥစ္စာ. . .၊ ဘရိတ်ဖတ်စ်လေးတော့ အချိန်ပေးစားစမ်းပါကွယ်"

"နောက်တစ်နေ့ အချိန်ပေးမယ်အဘွား မနက်ဖြန်



ကျွန်တော့်အတွက် မုန့်ဟင်းခါး ဝယ်ထားပေး"

"အောင်မလေးတော် မုန့်ဟင်းခါးစားချင်တာများ အိမ်မှာ ချက်ကျွေးမှာပေါ့. . .။ မဝယ်ပါဘူး. . .။ ဂယ်ဇက်တွန်းကများ ဝယ်ကျွေးဖူးလို့လဲ. . .။"

မင်းထယ်သည် စကားမှားသွားပြီလားဟု လန့်သွားပါသည်။

"အဟဲ. . . ဟဲ"ဟု သူအရှက်ပြေ ရယ်လိုက်ပြီး ပြုံးလျှင် မြန်မြန်နှုတ်ဆက်ကာ စားပွဲဝိုင်းမှထသည်။

ဝတ်မှုံကိုတော့ အကြည့်လေးတစ်ချက်နှင့်သာ ခေါင်းညိတ်နှုတ်ဆက်လိုက်သည်။

x x x

www.burmeseclassic.com

www.burmeseclassic.com

"ငါပြောသားပဲ. . .၊ သူတို့အလွယ်တကူ ခွဲမရပါဘူး ဆိုတာမင်းက ဖွတ်ကြောက်နေတာကိုး. . ."

"ဒီနေ့တစ်ရက် အဆင်ပြေသွားပေမယ့် နောက်နေ့တွေ ဘယ်ပြောလို့ရမလဲကွ. . .၊ ငါတော့ စိတ်ငွေ့အရမ်း ကျဉ်းကျပ်တယ် ရေလှိုင်းရာ. . . ဘယ်လိုလုပ်မလဲ. . ."

စက်ဝိုင်းနှင့်စူပါက ထမင်းစားခန်းမှာမို့ မင်းထယ်က ဝရံတာမှာ ထွက်ရပ်ရင်း ရေလှိုင်းထံ ရင်ဖွင့်ညည်းညူမိတာ ဖြစ်သည်။

"ဝတ်မှုံလေး ရှိတာပဲကွ. . .။ မင်းအတွက် အမောပြေ ဆေးလေးပေါ့. . ."



မင်းထယ်က တွေးတောနေသလို တချက်ငိုင်တွေသွား၏။

"ဝတ်မှုံနဲ့ စက်ဝိုင်းက နီးစပ်ပေမယ့် သိပ်မရင်းနှီးဘူး ရင်တယ်. . .။ သူ့ခမျာ ငါ့ကို စက်ဝိုင်းလို့ပဲ ထင်နေရှာတယ်"

"အဲဒါပိုကောင်းတာပေါ့ကွာ. . . မင်းကလည်း. . ."

"သနားပါတယ်ကွာ. . . သူ့ကို လိမ်နေရတာ စိတ်ပကောင်းဘူး. . ."

"မင်းလိမ်ချင်လို့ မှမဟုတ်တာ"

"ဒါပေမယ့် မင်းထယ်နေလင်းဆိုတာ လူလိမ်၊ လူညာ၊ ယောင်ဆောင်ကြီးလို့ သူတစ်နေ့သိသွားမှာပဲလေ။ အဲ့ဒီကျရင် ငါသူ့ကို ဘယ်လိုတောင်းပန်ရမလဲတောင် မတွေးတတ်တော့ဘူး။ သူစိတ်နာသွားမှာပဲ။ ငါကွာ အစကတည်းက လက်မခံပဲ ပြတ်ငြင်းလိုက်ဖို့ကောင်းတာ. . .။ နော်ကွာ. . . ငါက ကြီးအကျယ် မှားသွားတယ်. . ."

မင်းထယ်က နောင်တရဟန်နှင့် ခံစားချက်အပြည့်နှင့် ပြောနေတာမို့ ရေလှိုင်းပင် တခဏနှုတ်ဆိတ် သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါက စက်ဝိုင်းအကူအညီတောင်းလို့ပဲ. . .၊ မင်းအပြစ်မှ မဟုတ်တာ. . ."

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ. . . .။ သူတိတ်တိတ်လေး မိန်းမယူလိုက်တာကို ငါတို့ကဝိုင်းပြီး ဖုံးဖိပေးရာလည်း ရောက်နေသေးတယ်. . .။ မင်းကို စက်ဝိုင်းက ဘာပြောသေးလဲ"

"သူ့ကိစ္စသူ ဖြေရှင်းမှာပါ. . ."

"ဝတ်မှုံကို မယူနိုင်ပဲနဲ့ စေ့စပ်ဖို့ လက်မခံသင့်ဘူး"

"ဒါကတော့ သူ့အဘွားကြောင့်ပါကွာ. . .။ အဘွားကျေနပ်အောင် လိုက်လျောရတာပါ. . ."

"အဲ့ဒါ ပိုဆိုးတာပေါ့ကွ. . .။ ယောက်ျားပီပီ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားပဲ လုပ်ရမှာပေါ့. . ."

"အဘွားနန်းက စေ့စပ်ဖို့လက်ခံမှ သူ့ကို ဘဏ်အကောင့်ထဲမှာ ငွေလွှဲပေးတာလို့ ပြောတာပဲ. . ."

"ဘာ. . ."

"ငါလည်း သေချာတော့မသိဘူး. . . မင်းဘာသာ



စက်ဝိုင်းကို မေးကြည့်. . ."

ရေလှိုင်းက ပြန်လျောချသွား၏။

မင်းထယ်သည် စိတ်မကြည်မလင်နှင့် မျက်မှောင်ကြီးက ကုပ်ထားမိသည်။

အခုအချိန်မှ နောက်ပြန်ဆုတ်ရင်ရော ရတာပဲ. . .။ စက်ဝိုင်း ဆက်ဖြေရှင်း. . .။ သူ့အမှား သူဝန်ခံ. . .။ သူ့ပြဿနာသူရှင်းပေါ့. . ."

"အေး. . . ငါသွားပြောမယ်"

မင်းထယ်က ဝရံတာမှ ဖျက်ခနဲ ကျောခိုင်းလှည့်ဝင်ခဲ့သည်။

စက်ဝိုင်းကိုသူ အားနာ၍မဖြစ်တော့. . .။

အားနာတတ်တဲ့ သူ့အကျင့်ကြောင့် နောင်တတွေ တနင့်တပိုးမရချင်တော့။ ဒေါင်းယောင်ဆောင်သောကျီးမျိုး မဖြစ်ချင်။

အထူးသဖြင့် ဝတ်မှုံဟာ သူ့ရဲ့ "ဖူး" ဖြစ်နေ၍ ဒီအလုပ်ကို သူဆက်မလုပ်ချင်သော ခံစားချက်က ဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထပင်းစားခန်းဖက် အရောက်မှာပင်

"ဒါ. . . ရှင့်ကိစ္စပဲ ဦးစက်ဝိုင်းရဲ့. . . ရှင်အဲ့ဒီကို ခြေတစ်လှမ်း လှမ်းတာနဲ့ ရှင်နဲ့ကျွန်မနဲ့ အကွဲပဲ. . .။ ရူပါကျော်ကို ပညာပြဖို့ ရှင်စဉ်းစားနေတာလား. . .။ ဒါမျိုး ကွက်ကျော်တွေ လာမရိုက်နဲ့. . .။ ရိုးနေပြီး နားလည်ရဲ့လား။ တစ်ပတ်ပဲ အချိန်ပေးမယ်။ ဒီတစ်ပတ်မှာ ပြတ်အောင်ရှင်း ဒါပဲ။ ကျွန်မကို လက်ထပ်ပြီးမှ ရှင့်ဘွားအေကို အကြောင်းမပြနဲ့ တော့. . .။ ဘာမှနားမထောင်နိုင်ဘူး. . .။ တော်ပြီ. . .။"

အော်ဟစ်ဝုန်းဒိုင်းကြဲနေသော ရန်ဖြစ်သံတွေကြောင့် မင်းထယ်ခြေလှမ်းတုံ့လျက် အိမ်ထဲဆက်ဝင်မသွားရဲ. . .။

ဒေါသဖြစ်နေတုန်း သွားပြောရင် အေးအေးဆေးဆေး ပြောတာလို ရလဒ်ကောင်းထွက်မှာမဟုတ်။

ညားကာစ လင်မယားရဲ့ ရန်ဖြစ်ဆူညံသံတို့ကြောင့် သူအသာလေး ဝရံတာဖက်ပြန်လှည့်ထွက်လိုက်သည်။

ရေလှိုင်းက ဘယ်နှယ့်လဲဆိုသော ပုံစံနှင့် မျက်ခုံးပင့် ပြသည်။



မင်းထယ်က အခြေအနေမကောင်းဘူးဟု ရှုံ့မဲ့လက်ခါ ပြလိုက်၏။

"ဟိုနှစ်ယောက် ကွိုင်ပူနေပြီမဟုတ်လား. . .။ မနေ့ကတည်းက တကျက်ကျက်နဲ့ပဲ. . .။ ရူပါကျော်က ဟန်းနီးမွန်းထွက်ချင်တာတဲ့. . .။ စက်ဝိုင်းက ဒီကိုနောက်ဆံ တင်းနေတော့ ဘယ်လိုလုပ်သွားမလဲ. . .။ မိန်းမယူတယ် ဆိုတာ ရေလည်စားတဲ့ကိစ္စပဲ. . .။ မလွယ်ဘူး. . .။"

"ဟ. . . ငါ့ကိုဒီမှာ ဇွတ်'က'ခိုင်းပြီး သူတို့အဲ့လို လစ်ထွက်လို့တော့ ဘယ်ရမလဲ. . .။ စက်ဝိုင်းကို မင်းလည်း ကြည့်ပြောဦး ရေလှိုင်းရာ. . .။ ငါတော့ မွှေဖမ်းပြီပဲ. . .။"

မင်းထယ်နေလင်းနှင့် ရေလှိုင်းတို့ နှစ်ဦးသား အပြန် အလှန် ညည်းတွားရင်ဖွင့် အပြစ်တင်နေမိကြပေမယ့် တကယ် တမ်း ဘာမှလည်း အကြောင်းပိုထူးတာတော့ မဟုတ်ပါ။

ဇာတ်လမ်းတစ်ခုကို စတာက စမိခဲ့ပြီ။

ဖြူရယ်. . . လှည့်စားချင်လို့ မဟုတ်ဘူးဆိုတာ ကျွန်တော့် အပေါ် နားလည်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

စက်ဝိုင်းက ဝတ်မှုံဖက်က ကားတံခါးကို ဂရုတစိုက် ဖွင့်ပေးပြီး သူမကို တလေးတစား ပုံစံနှင့် တခုတ်တရ ဦးစားပေးပါသည်။

သူ့အမူအယာတွေဟာ အခုတလော ပိုထူးခြားပြောင်းလဲသွားတာ ဝတ်မှုံသတိထားမိသည်။

နွေးထွေးနူးညံ့သော မျက်ဝန်းအကြည့်ကနေစပြီး ကိုယ်နှုတ်အမူအယာတွေ အားလုံးဟာ လေးနက်တည်ကြည်သဘောထား ပြည့်ဝပြီး လူကြီးလူကောင်း ဆန်လာသည်။

အရင်ကလို ပမာမခန့်ဆန်ဆန် ခပ်ထေ့ထေ့ အပြုံးတစ်ခုလည်း သူ့နှုတ်ခမ်းပေါ်ကနေ အလိုလိုပျောက်ကွယ်နေသည်။



ဒီညနေမှာ အိမ်ကို စောစောပြန်လာပြီး သူမကို လိုက်ပို့ပေးမယ် ကတိပေးထားတဲ့အတိုင်း ရွှေမင်္ဂလာဆိုင်သို့ လိုက်ပို့ပေးတာဖြစ်သည်။

ဝတ်မှုံနှင့်စက်ကဲ အလိုလိုကြည်နူးရွှင်လန်း နေမိ၏။

သူမတို့နှစ်ဦးဟာ အပြင်ကကြည့်ရင် တကယ်စစ်မှန်သော စုံတွဲလေးလို ဖြစ်နေပါလိမ့်မည်။

ဝတ်မှုံက သူ့ထံ အသာခိုးမော့ကြည့်လိုက်သည်။

နို့သာရောင် ရှပ်အင်္ကျီလက်ရှည်နှင့် စတိုင်လ်ဘောင်းဘီအဖြူရောင်ကို ဝတ်ဆင်ထားဟန်ကအစ လိုက်ဖက်ကြည့်ကောင်းပြီး ခန့်ညားရှင်းသန့်နေသည်။

ဝန်မှုံဝတ်ထားတာက ဒီနေ့လှရဲ့လား ပင်မသိ။

ပန်းနုပေါ် ပန်းရင့်အပွင့်နုတ်နုတ်လေးတွေပါတဲ့ ဒီဇိုင်းရှင်းရှင်း ဂါဝန်လုလုလေးကို ခါးပတ်အဖြူအပြားကြီး ပတ်ကာ ဝတ်ဆင်ပြီး ဘွတ်ရှူးအဖြူလေး စီးထားတာကြောင့် ကလေးဆန်ပြီး နုပျိုနေတယ်လို့ ခံစားမိသည်။

လှည့်ကြည့်လိုက်တဲ့အခါတိုင်း သူ့အကြည့်က မပြန်

www.burmeseclassic.com

www.burmeseclassic.com



နှစ်လိုမှုပါသည်။

ဝတ်မှုံနှုတ်ခမ်းလေးက အလိုလိုပြုံးချင်နေမိသည်။ အခုတော့ စက်ဝိုင်းနှင့် အကြည့်ချင်းဆုံနေတာကို ရင်ခုန်မက်မောမိသလို ဖြစ်လာပါသည်။

အဘွားပြောသလို တဖြေးဖြေးနဲ့ နီးစပ်ရင်းသံယောဇဉ်တွယ်ပြီး ချစ်သွားတတ်တယ်ဆိုတာ အမှတ်ပါပဲလား. . .။

ဝတ်မှုံမတွေးတတ်တော့. . .။

ဝတ်မှုံဘက်က ခံစားချက်ပြောင်းလဲလာတာလား။ ဒါမှမဟုတ် သူ့ဖက်က အကြင်နာမေတ္တာတို့ ပွင့်လင်းပေါ်ထွက်လာတာလား။

သေချာတာကတော့ နှစ်ဦးစလုံးရင်မှာ ကြည်နူးချမ်းမြေ့ ပျော်ရွှင်နေရတာပဲ ဖြစ်သည်။

မျက်နှာလေးတွေကိုယ်စီမှာ ချစ်မြတ်နိုးခြင်းရဲ့ အရိပ်အခြည်နုနုတို့က မဖုံးနိုင်မဖိနိုင် ပေါ်လွင်နေကြသည်။

အအေးဆိုင်ထဲ အတူတူလျှောက်လာရတာ လေးကိုပင် ရွှေရင်ဖိုမိသည်။



စားပွဲမှာ အတူထိုင်ပြီး ရေခဲမုန့်စားရတာဟာလည်း ပါတိုင်းထက် အရသာထူးကဲ နေသလိုထင်မိ၏။

မြင်မြင်သမျှ လူတို့နှင့် အရာဝတ္ထုအားလုံးတို့ဟာလည်း ကြည့်ကောင်း လွန်းလှသည်။

အလိုလိုပျော်နေတာ ဘာကြောင့်လို့ထင်လဲဟင် ဦးမိုးကုပ်စက်ဝိုင်း. . .။

ဒီလိုအချိန်မှာ ရှင်အမှန်အတိုင်း ဖွင့်ဟဝန်ခံဖို့ ကောင်းနေပါပြီ။

သူ့ဆီက ချစ်စကားတစ်ခွန်းကို ကြားရဖို့အမရာဝတ်မှုံ တိတဆိတ် မျှော်လင့်နေမိသည်။

တလေးတစား ချစ်ခွင့်ပန်ဖို့လိုအပ်တယ်လို့ ရှင်မထင်ဘူးလား. . .။

"မုန့်စားပြီးရင် အိမ်မပြန်သေးဘူးနော်. . . ပန်းခြံလေးထဲ လမ်းလျှောက်ဦးမှာ. . ."

"ဝတ်မှုံသဘောပါ. . ."

"နောက်နေ့တွေလည်း အိမ်စောစာပြန်ခဲ့နော်. . ."

www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံးစစလေးဖြင့်

"နောက်ကျလို့ မရဘူးပေါ့. . ."

"ရှင်က ဝတ်မှုံအတွက် အချိန်မပေးချင်တဲ့ သဘော လား"

"ဟား. . . ဟား. . . မဟုတ်ရပါဘူးဗျာ. . ."

"ပုံပြင်ထဲက နတ်ရေကန်မျိုး အပြင်မှာ တကယ် ရှိသလား ဟင်. . ."

"ဗျာ. . ."

"ရှင်တကယ် နောက်တစ်ယောက်လို ပြောင်းလဲသွား တယ်. . ."

မင်းထယ်ဘာမှ ခွန်းတုံ့မပြန်နိုင်ပဲ နှုတ်ဆွံ့သွားရသလို မျက်နှာလည်း ကွက်ခနဲ ပျက်သွားရသည်။

သူမရိပ်မိနေပြီလား. . .။

"နှစ်ကိုယ်ခွဲလိုက်တာလေ. . ."

သူပြန်နောက်ဖို့ ကြိုးစားသည်။

ဝတ်မှုံမျက်ဝန်းလှဲ့လှဲ့လေးထဲ တည့်တည့်စိုက်မကြည့်ရဲပဲ



ဝင်ခြားဘက်သို့ အကြည့်လွှဲမိသည်။

"အဲ့လို နှစ်ကိုယ်ခွဲရတဲ့ အကြောင်းရင်းက ဘာလဲဟင်"

"ဘယ်လိုပြောရမလဲ"

သူအဲ့လို ဂွလည်ကြောင်ပက် ရှောင်ထွက်တာကို ဝတ်မှုံမကျေနပ်ချင်. . . ပြုံးစိစိနဲ့. . . ဟွန်း. . .။

ပန်းခင်းထားတဲ့လမ်းပေါ် အတူလျှောက်ရမှာကို ရှင်ဘာကြောင့် တွေဝေနေရတာလဲ. . .။

စကားလေးတစ်ခွန်းကို ဖွင့်ပြောစရာ မလိုဘူးလို့ ထင်တာလား. . .။

အချစ်ဆိုတာ နူးညံ့သိမ်မွေ့ပြီး ဆန်းကြယ်နက်ရှိုင်းတဲ့ အရာပါ. . .။ ကျွန်မက အချစ်နဲ့ဘဝကို တည်ဆောက်ချင်တဲ့ သူပါ။ ဒါကို ရှင်မသိဘူးလား. . .။

မင်းထယ်မျက်နှာလေးမှာ မချိုမချဉ်ပြုံးတုံ့တုံ့ ဖြစ်နေ ရပါသည်။

ခင်ဗျားအလို မကျဖြစ်နေတာ ဘာကြောင့်လဲ ကျွန်တော်သိပါတယ်. . .။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဖွင့်ပြောခွင့်မှ မရှိကာဗျာ. . .။

စိတ်ချင်းတထပ်တည်း နားလည်မှုရရင်တောင်မှ လူက လွဲနေသေးတဲ့အတွက် ကျွန်တော် ဘယ်လောက်ထိ ရင်နာ မျောလွင့်ရမလဲ မခန့်မှန်းနိုင်သေးဘူး. . .။

ဝတ်မှုံနုတ်ခမ်းလေးက မသိမသာ စူထော်ကောက်ချိတ် ချင်နေပါပြီ။

သူတော်တော် မသိချင်ယောင်ဆောင်နိုင်တဲ့ သူပါပဲ။ နေနိုင်လည်းနေပါ။ ရပါတယ်။

"ဒီစနေမှာ စက်ဝိုင်းအားလား. . ."

"ဘာလို့မေးတာလဲ"

"အဘွားနန်းက အပ်ထားတဲ့ လက်စွပ်အတူတူသွား ရွေးကြတဲ့"

"ကျွန်တော်မပါလို့ မရဘူးလား"

"ရှင်မအားလို့လား ဒါဆို ရှင့်အဘွားကို ကိုယ်တိုင် ပြောပေါ့"

"ဟား. . . ဟား. . . အဘွားကိုတော့ စောဒက



တက်ရဲပါဘူးဗျာ. . .။ ဘာမဆို ကျွန်တော်ကို့ချင်း အရင် တိုင်ပင်းကြမယ်နော်. . ."

"ဘာညှိစရာရှိလို့လဲ"

"တဖြေးဖြေးချင်း ပြောပြပါ့မယ်"

မင်းထယ်နေလင်းက သူ့အတွေးနှင့်သူ ပြောလိုက် တာပါ။ တဖြေးဖြေးချင်းနှင့် သူမကို အရင်ဆုံး အသိပေးချင် ပါသည်။

"ကျွန်တော် မိုးကုတ်စက်ဝိုင်း မဟုတ်ဘူး"လို့ သူမထံ ပြန်အတိုင်း ဝန်ခံချင်စိတ်ဟာ သူ့ကို အချိန်ရှိတိုင်းပဲ နှိပ်စက် နေသည်။

သူမမျက်နှာကလေးကို ကြည့်မိတိုင်း ကိုယ့်ချစ်သူ ကိုယ့်ဇနီးလောင်းလျာလေးသာဆို ဘယ်လောက်ကောင်းလိုက် မလဲဟု စတ်ကူးယဉ် အတင့်ရဲချင်မိသည်။

ဖြူပဲဖြစ်ဖြစ်၊ ဝတ်မှုံပဲဖြစ်ဖြစ် စပြီးမြင်လိုက်ရတဲ့ နေ့တည်းက ခင်ဗျားကို ကျွန်တော်နှစ်နှစ်ကာကာ ချစ်သွား တာပါ. . .။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် တင်ထားတဲ့ ဝတ်မှုံလက်နုနုလေးကို တမြ
တနိုးဆုပ်ကိုင်ပြီး ရင်ထဲက ချစ်စကားဖွင့်ပြောပြ ချစ်ခွင့်ပန်ချ
လိုက်တာဗျာ. . .။

x x x x x

အမရာဝတ်မှုံ ရေချိုးခန်းကထွက်လာချိန်မှာ အခန်း
ထဲ၌ နှင်းဆီပန်းရနံ့တို့ မွှေးမြမြသင်းကြိုင်နေပါသည်။

"ဟယ်. . . ပန်းအိုးလေးက လှလိုက်တာ. . . ပန်းတွေ
ကလည်း မွှေးလိုက်တာ. . . ဒါ ဝတ်မှုံအကြိုက် ရေမွှေးနှင်းဆီ
တွပဲကြီးမေရဲ့. . .။ ဒီလောက်အများကြီး ဘာလို့ ဝယ်လာ
ာလဲဟင်. . ."

ခြံထဲမှာက နှင်းဆီအနီနှင့် အဖြူတွေပဲ ရှိပြီး ထိုပန်းတို့
ကလည်း ရေမွှေးနှင်းဆီပန်းရောင် လေးတွေလို ရနံ့သိပ်မမွှေး
ဖြင့် ဝတ်မှုံက သူကြိုက်တဲ့ နှင်းဆီပန်းကို ဈေးသွားတဲ့
ကြီးမေနှင့် မှာတဲ့အခါ မှာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှာတာက များများတော့လည်းမဟုတ်။

သူမ အိပ်ယာနားက ကြွေပန်းအိုးဖြူလေးထဲမှာ ထိုးစိုက်ဖို့ ဆယ်ပွင့်စည်း တစည်းလောက်ပဲ လိုတာမို့လား။

အခုဟာက ပန်းအိုးလှလှခပ်ကြွားကြွားနှင့် အပွင့်ငါးဆယ်မက ထိုးစိုက်ထားတာ. . .။

"ဟယ်. . . ဒီမှာရောပဲ. . ."

အခန်းထဲက စာကြည့်စားပွဲမှာလည်း ပန်းတွေအများကြီး တစ်ခန်းလုံးမှာ ပန်းကမ္ဘာလေး ဖြစ်နေသလိုပင်. . .။

"မောင်ဝိုင်း မှာတာလေ. . ."

"ဟင်. . ."

"ဈေးထဲမှာ ကျန်သလောက် အကုန်သိမ်းလာတာ. . .။ အပွင့်နှစ်ရာတော့ ကျော်မယ်. . ."

"ဘာလုပ်ဖို့တဲ့လဲဟင်"

"သမီးအတွက်တဲ့"

ကြီးမေ၏ အဖြေစကားကြောင့် ရင်ထဲမှာ သိပ်ပြီး လှုပ်ရှားတုန်ယင်သွားမိသည်။



မနက်ခင်းလေး လှပကြည်နူးဖွယ်ကောင်းအောင် ပြည့်စုံသက်ဝင်သွားဖို့ ဖန်တီးပေးလိုက်တဲ့သူက မိုးကုတ်စက်ဝိုင်းတဲ့လား. . .။

"ပန်းလက်ဆောင်ပေးကာတဲ့. . .။ ကြီးမေတူလေးလည်း သမီးနဲ့တွေ့မှ ကဗျာဆန်လာပြီကွဲ. . . ဟင်း. . . ဟင်း. . ."

ကြီးမေပင် ပြုံးပြုံးကြီးနှင့် သဘောတွေကျနေပါသည်။

ဝတ်မှုံမျက်နှာလေးက ရှက်သွေးသွေး. . .။

သူပေးတဲ့ ပန်းလေးတစ်ပွင့်ကိုယူပြီး အသာအယာ ထိကပ် ရှိုက်နမ်းမိသည်။

ရင်ထဲထိ စွဲမက်စရာ မွှေးပျံ့လန်းဆန်းသွားရပါလား ကွယ်။

ရှင်ပေးတဲ့လက်ဆောင်က ကျွန်မအနှစ်သက်ဆုံးအရာပါပဲ. . .။

ရှင်သိပ်တော်ပါလား ဦးမိုးကုတ်စက်ဝိုင်းရေ. . .။ ဒီလောက်တော်မယ်လို့တောင် မထင်မိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဂရုတစိုက် ရှင့်အပြုအမူလေးအတွက် ကျေးဇူးတင်ပါတယ်နော်. . .။

"သမီး အဝတ်အစားလဲဦးလေ. . .။ ပြီးရင် ကော်ဖီသောက်ဖို့ ဆင်းခဲ့နော်. . ."

"ဟုတ်ကဲ့ကြီးမေ. . ."

အဝတ်အစားပင် မလဲနိုင်သေးပဲ ရေချိုးခန်းဝင်သဘက်အင်္ကျီပန်းရောင်လေးနှင့် ပန်းတွေကြည့်ပြီး သတိလက်လွတ်ပျော်နေတဲ့ ဝန်မှူကို ကြီးမေကပင် သတိပေးရတာကြည့်။

ဝတ်မှုံ နှုတ်ခမ်းလေးတွေ ရှက်စနိုးပြုံးမိသည်။

ပြီးလျှင် ကပျာကယာ အဝတ်အစားလဲ၍ မှန်တင်ခုံရှေ့ တခဏထိုင်သည်။

တီရှပ်အဖြူနှင့် စကဒ်အရှည်ဆွဲသား ပန်းရောင်လေးကို ဝတ်လိုက်တာမို့ လွတ်လပ် ပေါ့ပါးလန်းဆန်းနေပါသည်။

ပန်းတွေမွှေးကြိုင်နေတဲ့ အခန်းထဲက ထွက်ခွါဖို့ပင် နှမြောချင်သည်။

ဆံပင်တွေဖြီး. . . .။ လိုးရှင်းနည်းနည်းလိမ်း၊ မျက်နှာပေါ်. . .



ပေါ်တူးဝေးကိုတ်လေး တဖတ်ဖတ်ရိုက် နှုတ်ခမ်းကို Lip Gloss ရည် အသားရောင်လေး ဖွဖွဆိုးပြီး ရေမွှေးဆွတ်ပြီးတာနှင့် ခန်းတံခါးစေ့ကာ အောက်သို့ဆင်းလာခဲ့သည်။

ကော်ဖီသောက်ပြီး ရုံးသွားဖို့ အသင့်ဖြစ်နေပုံရတဲ့ က်ဝိုင်းက ဝတ်မှုံလှေကားက ဆင်းလာတာဖြစ်လျှင် ကမန်းတန်း စားပွဲကထ ထွက်ဖို့ပြင်၏။

"အဘွား. . . ကျွန်တော်ရုံးသွားတော့မယ်"

ဘွားနန်းက ဘာမှ ပြန်မဖြေ. . .။

သူ့ဖက်လည်းမကြည့်။ ခါတိုင်းလို အနမ်းလက်ဆောင်ပေးဖို့တော့ အဝေးကြီးပင်။

ဘွားနန်းမျက်နှာက ပျက်နေသည်။ ခါတိုင်းလိုမရွှင်ပြ။

ဝတ်မှုံက ကိုယ့်အဘွား မျက်နှာကိုလည်း စိုးရိမ်မကင်းလှမ်းကြည့်သည်။

ဝတ်မှုံ့အဘွားလည်း မျက်နှာမကောင်းပါလား. . .။

ဘာတွေဖြစ်လို့ပါလိမ့်. . .။

နံနက်ခင်းက ဘရိတ်ဖက်စ်ဝိုင်းမှာ ဘယ်သူကမျှ

www.burmeseclassic.com

www.burmeseclassic.com



စကားများပြီး ဘွားနန်းစိတ်မသက်မသာ ဖြစ်အောင် လုပ်လိုက်တာလဲ. . .။

စက်ဝိုင်း. . .။

သူ့မြေး အဝိုင်းကလွဲ၍ မည်သူမျှ မဖြစ်နိုင်. . .။

ဒါဖြင့် စက်ဝိုင်းက ဘာပြောလို့လဲ။

ငွေကြေးကိစ္စလား။ အလုပ်ကိစ္စလား။ လူမှုရေးကိစ္စလား။ ဝတ်မှုံမခန့်မှန်းတတ်အောင် ဖြစ်မိသည်။

သေချာတာကတော့ ရာသီဥတု အခြေအနေမကောင်းဘူးဆိုတာပါပဲ။

"ဝတ်မှုံ. . . ကျွန်တော့်ကို ခွင့်ပြုဦး"

စက်ဝိုင်းက ဘာမှမဖြစ်ထားသလိုပဲ သူမထံ ခေါင်းဆတ်နှုတ်ဆက်ကာ ထွက်ခွါသွားသည်။

ပြီးလျှင်ပေါ်တီကိုအောက်မှာ ရပ်ထားတဲ့ကားဆီသွားကာ စက်နှိုးမောင်းထွက်သွားသံ ကြားရ၏။

ကားထွက်သွားသံကြားပြီးမှ. . .။

"ဝတ်မှုံ. . . လာထိုင်လေသမီး. . ."



ကြီးမေက နွေးတွေ့တွေ့နှင့် မဝံ့မရဲဖြစ်နေတဲ့ ဝတ်မှုံကို လှမ်းခေါ်ပါသည်။

"ကြီးမေ. . . ဘာဖြစ်လို့လဲဟင်. . ."

မျက်နှာထား တည်တင်းနေတဲ့ ဘွားနန်းကို သူမ မမေးရဲ။

ဘွားသူဇာကလည်း ထိုနည်းနှင်နှင်ပါပဲ။ မျက်မှောင်ကြီးပင် ကျုံ့ထားသေးသည်။

"ထိုင်ပါဦးကွယ်. . .။ ထမင်းကြော်လည်းစား ကော်ဖီလည်း သောက်ဦး. . .။ ဒီမှာ ကြီးမေဂျုံမုန့်ဆီကြော်လေးလည်း ကြော်ထားသေးတယ်"

ကြီးမေက သူမမေးတာကို မဖြေ။

ဝတ်မှုံက စားပွဲမှာ ဝင်ထိုင်ပြီး ဘာမှထပ်မမေးတော့ပဲ စားသောက်စရာရှိတာတွေ ကိုယ့်ဘာသာပဲ စားနေလိုက်သည်။

မိုးကုတ်စက်ဝိုင်း ပြောသွားတဲ့ အကြောင်းအရာက သူမနှင့်ပတ်သက်တာလား. . .။

ဝတ်မှုံခန့်မှန်းနေမိ၏။ ပတ်သက်တယ် ဆိုရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



သတင်းကောင်းတော့ မဟုတ်ဘူးပေါ့။

အပေါ်ထပ်က ဆင်းခဲ့စဉ် ရင်တဖျပ်ဖျပ်ခုန်ကာ ကြည်နူးရတဲ့ အရာကလေးပင် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားရသည်။

"ဝတ်မှုံ"

"ရှင်"

ဘွားသူဇာက ရုတ်ခြည်းခေါ်လျှင် သူမလန့်ဖျပ်ပြီး ယောင်ယမ်းထူးမိသည်။

"ကွန်ဒိုအခန်း စပြီးပြင်တော့မယ်လို့ ကုမ္ပဏီကို ဖုန်းဆက်စမ်း..."

"ဟင်"

အဘွားရဲ့ ပြောစကားကြောင့် ဝတ်မှုံအံ့သြသွားရသည်။ အစတုန်းကတော့ ပြင်ဖို့တွက်ချက်စဉ်းစားရင်း အေးအေး ဆေးဆေးလုပ်နေခဲ့တဲ့ အဘွားဟာ အခုချက်ချင်း ဘာဖြစ်ရတာပါလိမ့်။

"တစ်လအတွင်း အပြီးအစီး လုပ်ပေးဖို့ပြော"



ဝတ်မှုံဘာမှ ခွန်းတုံ့မပြန်ရသေးမီ ဘွားနန်းက လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး။

"ဘွားသူ... ညည်း အဲ့လိုမလုပ်နဲ့"

"ကျုပ်ဘာလုပ်လို့လဲ... အခန်းက ပြင်ကိုပြင်ရမှာလေ"

"ညည်းစိတ်ဆိုးတာ ကျုပ်သိပါတယ်။ ကျုပ်တောင်းပန်ပါတယ်။ ကျုပ်မြေးကိစ္စ ကျုပ်တာဝန်ထားစမ်းပါ"

ဘွားအေနှစ်ယောက် ကျုပ်တွေ ညည်းတွေနှင့် အပြန်အလှန်ဖြေရှင်းကြ ချော့မော့ကြ တောင်းပန်ကြနှင့်။

ဝတ်မှုံက ကော်ဖီပန်းကန်ကိုင်လျှက်သား မီးဖိုဆောင် ဖက်ဝင်လာသလိုလိုနှင့် ကြီးမေနောက်က လိုက်ကာ။

"ကြီးမေ... ဟိုတစ်ယောက်က ဘာတွေ ပြဿနာရှာသွားတာလဲဟင်..."

"စေ့စပ်ပွဲလုပ်ဖို့ ရက်ရွှေ့တာ..."

"ဟင်"

"နောက်တစ်လ စောင့်ပေးပါဦးတဲ့၊ အဲ့ဒါ ဘွားနန်း

www.burmeseclassic.com

www.burmeseclassic.com



အရမ်းစိတ်ဆိုး သွားတာပေါ့"

ရှက်စိတ်နှင့် ဝတ်မှုံမျက်နှာလေး နွေးခနဲပူသွားရသည်။ သူမမျက်နှာ နီလည်း နီမြန်းသွားမှာသေချာသည်။

ဘာမှမခံစားရသလို။

"သြော်. . . ဒါလား. . ."ဟု ခပ်တိုးတိုးရေရွတ်မိ၏။

ကြီးမေကို နောက်ထပ်လည်း ဆက်မမေးတော့ပဲ ပီးဖိုချောင် တံခါးကနေ ခြံထဲဆင်းလာခဲ့မိသည်။

သူကယောကျ်ားလေးဖြစ်ပြီး သူကအချိန်ဆွဲရသတဲ့ လား။

ရင်မှာ မယုံနိုင်အောင်ပင်. . .။

အခုမနက်ပဲ ဝန်မှူးကြိုက်သည့် နှင်းဆီပန်းတွေ လက်ဆောင်ပေးပြီး။

လူကကျတော့ ဟိုအရင်ကနှင့်ဘာမျှ မဆိုင်ယောင် ပြောင်းလဲတိုးတက်လာပြီး ဝတ်မှုံအပေါ် နွေးထွေးကြင်နာ ဂရုစိုက်လာတဲ့ အပြုအမူတွေ နက်ရှိုင်းငေးရီတဲ့ အကြည့်တွေ နှင့် ဆွဲဆောင်ဖြားယောင်းထားပြီးမှ စေ့စပ်ဖို့ရက်ကိုတော



ဘာကြောင့်များ ရွှေ့ဆိုင်း နောက်ဆုတ်ချင်ရတာလဲ. . .။

ဝတ်မှုံ တွေးမရပေ။ သူ့သဘောကိုလည်း နားမလည် နိုင်တော့။

ဘွားနန်း သတ်မှတ်ပေးတဲ့ရက်ကို သူဘာကြောင့် လက်မခံရသလဲ။ သူ့မှာ ဘာအကြောင်းရှိသလဲ။

တော်ရုံတန်ရုံ အကြောင်းကိစ္စနှင့် ငြင်းမှာမဟုတ်တာ ဝတ်မှုံသိနေသည်။

ဘယ်လိုပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက် အနေနှင့် ဝတ်မှုံ အခံချိမခံသာဖြစ်မိသည်။

ဝတ်မှုံနှင့် စေ့စပ်ကြောင်းလမ်းထားလိုက်ရင် သူ့လွတ် လပ်မှုတွေ လျော့နည်းသွားမှာ စိုးလို့လား။

တစ်လ ရွှေ့စိုင်းလိုက်တော့ရော ဘာပိုထူးသွားမှာမို့လို့ လဲ။

အဲ့ဒီတစ်လအတွင်း သူဘာလုပ်ဖို့ အကြံအစည် ရှိနေလို့လဲ။

ဝတ်မှုံသည် ဟိုဒီ လှည့်ပတ်တွေးရင်း ရင်ထဲမကောင်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပဲ ဝင်းနည်းအားငယ် သွားမိတာ အမှန်ပါ။

သူမရဲ့ မာနကို ထိခိုက်မှာ စိုးတဲ့အတွက် အဘွားက တောင် ကွန်ဒိုတိုက်ခန်းကို ပြင်ခိုင်းခဲ့ပြီ. . . ။

စက်ဝိုင်းရယ် . . . ။

ရှင်ကတာဖက်သား မိန်းကလေး သိက္ခာကို ငဲ့ကွက် ပေးဖို့ မစဉ်းစားတတ်တဲ့သူလား။

ဝတ်မှုံ စိတ်ထိခိုက်ရအောင် ဟာမင်လုပ်ထားလား။

မျက်ရည်က အိခနဲ ဝိုင်းချင်သည်။

ဝတ်မှုံက မျက်တောင်လေး ပုတ်ခတ်ရင်း သိမ်းဆည်း အံကြိတ်သည်။

သူ့ကြောင့် မျက်ရည်မကျချင်ပါဘူး. . . ။

ဇွေ့စပ်ပွဲကိုနောက်ဆုတ်တယ်ဆိုတော့လည်းဘာဖြစ်လဲ။

အစီအစဉ်အားလုံး ဖျက်သိမ်းတယ်ဆိုရင်ရော ဝတ်မှုံ က ဝမ်းနည်းရမှာလား။

အစကတည်းက အဘွားအစီအစဉ်ကြောင့် ဒီအခြေ အနေထိ ရောက်လာရတာပဲ။



မင်္ဂလာဆောင်ခင် အကြောင်းသိတော့လည်း ပိုကောင်းတာ ပေါ့။

အဆင်ပြေပါတယ် စက်ဝိုင်း။

ကျွန်မက ဆွဲဆောင်မှု မရှိတဲ့ မိန်းကလေးတစ်ယောက် လို့ ရှင်ထင်နေရင်။

ဝတ်မှုံရဲ့ မာနကိုတော့ စိန်ခေါ်ရာ ရောက်နေတာပေါ့လေ။

ဝတ်မှုံက နှုတ်ခမ်းလေးတစ်ချက် မသိမသာမဲ့မိသည်။

ကျွန်မက ရှင့်ဖက်က စိတ်ဝင်စားလာ. . . ချစ်လာ မယ့်အချိန်ကိုပဲ ရင်တဖိုဖိုစောင့်စား ရမှာလား. . . ။

ဟင့် အင်း၊ မစောင့်ပါဘူး. . . ။

ရှင်က အချိန်တစ်လနောက်ဆုတ်ရင် ကျွန်မက နောက် ထပ်နှစ်လလောက် နောက်ဆုတ်ဖို့ တောင်းဆိုရလိမ့်မယ်။

ဘွားနန်းနဲ့ ဘွားသူဇာကို သနားအားနာပေမယ့် ရှင့်ကိုတော့ လုံးဝ အရှုံးမပေးနိုင်ဘူး. . . ။ ဒါပဲ. . . ။

x x x x x

www.burmeseclassic.com

www.burmeseclassic.com

မင်းထယ်နေလင်းသည် သူ့ဟန်းဖုန်း မြည်လာတာနှင့် ပျာယီးပျာယာ ဖြစ်ကာ ဖုန်းနံပါတ်ကို ကောက်ကြည့်၊ စားပွဲပေါ် ပြန်ချ အခန်းထဲပြေးဝင် တစ်ခုခုရှာဖွေနေဟန်နှင့် အတော်ကြီးမျက်စိ နောက်အောင် လုပ်နေပြီးမှ ဖုန်းကို မရဲတရဲ ဖွင့်နားထောင်လိုက်တာ တွေ့ရပါသည်။

ညဖက်မို့ ဧည့်ခန်းမှာ စက်ဝိုင်း၊ ရှုပါ၊ ရေလှိုင်းတို့ပါ အတူရှိလျက် တီဗီမှ ဇာတ်လမ်းတွဲတစ်ခုကို ကြည့်ရှုနေကြချိန် ဖြစ်သည်။



အဓိကအားဖြင့် ရှုပါကျော်က ကိုရီးယားဇာတ်လမ်းကို စိတ်ဝင်တစားစောင့်ကြည့်နေကျ ဖြစ်တာမို့ စက်ဝိုင်းက လက်ဖက်သုပ်စားရင်း အနားကထိုင်နေတာ။ ရေလှိုင်းက ဘာလုံးဂျာနယ်တစ်စောင် ဖြန့်ဖတ်လျက်မို့ နေလင်း အမူအယာကို အသာမော့ကြည့်သည်။

စက်ဝိုင်းက ရေလှိုင်းကို မျက်ခုံးပင့်ပြ၏။

ရေလှိုင်းလည်းမသိ။

နေလင်းက ယောကျ်ားကိုင် လက်ကိုင်ပုဝါ တထည် သွားယူပြီးမှ ပါးစပ်မှအုပ်ကာ အသံဖျက်ပြီး ဟက်လိုထူးသဖြင့် သူတို့နှစ်ယောက် ပိုမိုစိတ်ဝင်စားသွားရခြင်း ဖြစ်သည်။

နေလင်းက ဝရံတာသို့ အသာလေးလစ်သွားသည်။ စက်ဝိုင်းနှင့် ရေလှိုင်းက ဝရံတာက စကားသံကိုတတ်နိုင်သမျှ ကြားရအောင် စူးစိုက်နားစွင့်ထားကြသည်။

ဒီကောင်ဘာဖြစ်နေပါလိမ့်ပေါ့. . .။

ဒီည မင်းထယ်နေလင်း အဘွားတို့အိမ်သို့မပြန်. . .။

အဘွားနန်း စိတ်ဆိုးပြီး နေ့လည်စာ မစားကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်သဖြင့် နေလင်းအိမ်သို့ တစ်ခေါက်ပြန်ကာ အကြွေးကို ထမင်းချော့ကျွေးခဲ့ရကြောင်း ကိုတော့ သူတို့သိပြီးပြီ။

ဘာတွေရှုပ်ယှက်ခတ် နေသလဲမပြောတတ်။

သူ့ဟာသူ အချိန်တွေဆွဲပြီးမှ သူ့ဟာသူ ပြဿနာကွေ မရှင်းတတ်ပဲ အသာရှောက်ထွက်ကာ ညဖက်ရုံးမှာ အိပ်မယ် အကြောင်းပြုပြီး အိမ်ကို ပြန်ရောက်လာတာ။

အခုညစာစားပြီး မကြာမီ သူ့ဖုန်းကဝင်လာတာ ဖြစ်သည်။

"ဟက်လို. . . ဟုတ်ကဲ့ ဖြူ. . .။ ကျွန်တော်ကြားရ ပါတယ်. . . ပြောပါ"

"ရှင်ဖုန်းမဆက်တာ ကြာပြီနော်. ဒါကြောင့် ကျွန်မ ဆက်လိုက်တာ"

"အလုပ်နည်းနည်း များနေလို့ပါ"

"ဟုတ်လား. . .။ အခုရော အားရဲ့လားဟင်. . .။ ကျွန်မရှင့်ကို ပြောချင်တာလေးတွေ ရှိနေတယ်. . ."

"ဘာများလဲ မသိဘူး"



ဝတ်မှုံက နှုတ်ခမ်းလေး ဖိကိုက်၍ ကာခဏတိတ်နေမိ ည်။

ဝတ်မှုံခံစားချက်တွေ သူ့ကို ဖွင့်ပြောပြရင် ကောင်း လား။

သူမရဲ့ အရင်းနှီးဆုံး ဖုန်းမိတ်ဆွေကို ဘာကြောင့်မှန်း သိ. . . အရေးကြုံတော့ အရင်ဦးဆုံး သတိရမိတာ။

"ဟော့ကောင် ရေလှိုင်း 'ဖြူ'ဆိုပါလား. . . ဘယ်သူ ကွ နေလင်းရည်းစားလား"

"ငါလည်းမသိဘူး"

ရေလှိုင်းကိုယ်တိုင်ပါ နေလင်းဆီမှာ စကားပြောဖော် န်းကလေးရှိနေတာ မရိပ်မိခဲ့ပါ။

မင်းထယ်နေလင်းသည် ဖြူဟာ ဝတ်မှုံဆိုတာ စတင် သိလိုက်ရတဲ့ နေ့ကတည်းက ဖြူ့ဆီ မဆက်သွယ်ပဲ ခင်မင် င်းနှီးမှုတွေကို တဖက်သတ် ဖြတ်တောက်ထားခဲ့ပါသည်။

သို့သော် အခုတော့ သူမက ပြန်လည်ဆက်သွယ်လာ ပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူဘယ်လိုပုံစံ ရပ်တည်၍ ဘယ်လိုပြောဆိုရမည် ဆိုတာ မစဉ်းစားတတ်သေးတဲ့ နေလင်းက မျက်ခုံးကို ရှုံ့ထား မိသည်။

"ကိုနေလင်း. . . ကျွန်မကို အထင်မသေးဘူးဆိုရင် စိတ်ထဲမှာ ဆုံးဖြတ်လို့မရတာလေးတွေ တိုင်ပင်ချင်လို့ပါ။ ကျွန်မ မှာ ရင်းနှီးတဲ့ သူငယ်ချင်းတွေ ရှိပေမယ့် သူတို့ကို ပြောမပြ ချင်ဘူး။ ရှင့်ကိုတော့ အလိုလို ယုံကြည်ပြီး သတိရမိတာနဲ့။"

"ဟုတ်ကဲ့"

"ကိုနေလင်း အသံက တမျိုးကြီးဖြစ်နေတယ်နော် နေ ကောင်းရဲ့လား"

"အဟွတ်. . . ဟွတ်. . . ဟုတ်တယ် ကျွန်တော် နည်းနည်း အသံတွေနာနေတယ်"

"သီချင်းဆိုတာ များသွားပြီ ထင်တယ်"

"ဟား. . . ဟား. . . ဟုတ်တယ်ဗျ"

နေလင်းထံမှ ချောင်းမဆိုးချင်ပါပဲ အဟွတ်ဟွတ် လုပ်လိုက်တာကိုရော ပြောစကားတွေကိုပါ ရေလှိုင်းတို့ ပို့



ားစွင့်ချင်စိတ် ပေါက်လာရသည်။

"ကျွန်မ ဒီနေ့ စိတ်တွေ ရှုပ်နေတယ်။ သီချင်းဆိုပြပါ လား"

"ဖျူက နောက်ပြီဗျာ"

"အို. . . တကယ်ပြောတာကို"

"ချောင်းဆိုးနေတော့ နားထောင်ကောင်းမှာ မဟုတ် ဘူးဗျ။ နောက်တရက်မှ ဂစ်တာတီးပြီး ဆိုပြပါ့မယ်. . ."

"အင်းပါ. . . ရပါတယ်. . .။ ရှင်ဖုန်းမဆက်တော့ ကျွန်မက မခင်တော့ဘူးလား ထင်နေတာ. . ."

"မဟုတ်ပါဘူး ဖျူရယ်"

"ကဲ. . . ရှင်အဲ့လို မခေါ်ချင်လည် မခေါ်နဲ့တော့ ကျွန်မနံမည် ပြောပြမယ်. . .။ မှတ်ထားဦး အမရာဝတ်မှုံ"

"အင်း"

"ကြားရရဲ့လား"

"အင်း"

"ပြန်ပြောပြဦး"

www.burmeseclassic.com

www.burmeseclassic.com



"အမရာဝတ်မှုံ"

နေလင်းစကားထဲမှာ အမရာဝတ်မှုံ ပါလာ၍ စက်ဝိုင်းက ပုခုံးကျုံ့ပြမိသည်။

ရှုပါကျော်က ကိုရီးယားဇာတ်လမ်းထဲ အခန်းဝင်နေတုန်း။ သူတို့နှစ်ယောက်မှာ တဖြေးဖြေး ဝရံတာတံခါးနား ကပ်လာကြပါပြီ။

"ဝတ်မှုံလို့ပဲခေါ်ပါ"

"ကျွန်တော် ခုလောလောဆယ် ဖြူလို့ပဲခေါ်ချင်တယ်"

"ကဲပါ သဘော. . . သဘော. . . အဟင်း. . . ဟင်း"

ကပ်သီးကပ်သပ် သူ့စကားကြောင့် ဝတ်မှုံခမ်ိတိုးဝ ရယ်မိသည်။

"ကျွန်မအကြောင်းပြောပြမလို့ သိလား. . .။ ဟိုပါလေ အင်္ဂလိပ် လုပ်မလိုဆိုတာ. . ."

"အခု အဲ့ဒီ အစီအစဉ် ဖျက်ပစ်လိုက်တော့မယ်"

"ဗျာ. . . ဘယ်လို. . ."

"ဟုတ်တယ် စိတ်တိုလို့ သူ့ဖက်က သတ်မှတ်ရက်



တစ်လနောက်ဆုတ်တယ်လေ. . .။ ကျွန်မသိကျော် ဘယ်နား သွားထားမလဲ. . .။နော်. . .။ သူ ကျွန်မကို တကယ်တမ်း လက်လွှတ်နိုင်တယ်ဆိုရင်လည်း သူ့သဘောပေါ့။ ဝမ်းနည်းစရာ ဘာမှရှိဘူး"

ပြောရင်းက ဝတ်မှုံရဲ့ မျက်ဝန်းအိမ်လေးမှာ မျက်ရည်က သီသီဝေ့ချင်လာသည်။

ဒီခံစားမှုတွေကို ကိုနေလင်းကိုမှ ဘာကြောင့် ဖွင့်ဟ ညည်းတွားချင်မိသလဲ မသိတော့ပါဘူး။

သူသာဆိုလျှင် ဝတ်မှုံကို အကောင်းဆုံး အကြံဉာဏ် တစ်ခုခုလောက်တော့ ပေးနိုင်ကောင်းရဲ့လို့ စိတ်တဆိတ် မျှော်လင့်မိတာလည်း ပါပါလိမ့်မည်။

ဝတ်မှုံ သေချာရှင်းပြတတ်၍ မဟုတ်. . .။

သို့သော် သူ့ကို ပြောဆို တိုင်တည်ချင်မိတာ သက်သက်။ ဘာအမိပ္ပါယ်မှ ရှိလို့ရယ် မဟုတ်ပါ။

"ထူးဆန်းတာ တစ်ခုက သူကျွန်မအပေါ် အရင်ကနဲ့ လုံးဝမဆိုင်အောင် နွေးထွေးနားလည်မှုတွေ ရှိလာခဲ့ပြီးမှ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



သိပ်ကြိုက်တဲ့ ပန်းလေးကအစ လက်ဆောင်ပေးဖို့ သူသတိ(ရ) တယ်။ အိမ်မှာပဲဖြစ်ဖြစ် ကားထဲမှာပဲဖြစ်ဖြစ် ကျွန်မ နည်းနည်း(း) လေး အိုက်နေတာနဲ့ အဲကွန်းဖွင့်ပေးပြီပဲ။ ကျွန်မရဲ့ မျက်နှာရိပ် မျက်နှာကဲကို အရမ်းနားလည်တယ်။ သိလား. . .။ ကျွန်(မ) ဖက်က သူ့ကို အမှတ်တွေ အများကြီးပေးထားမိပြီးမှ သူ(ဟ) ဘာကြောင့်အဲလို ဆန့်ကျင်ဖက် စကားမျိုးပြောရတာလဲဆိုတာ စဉ်းစားလို့ကို မရဘူး. . ."

"ကျွန်မလည်း ကိုနေလင်းကို အကုန်လုံး လိုက်ပြော(ပြ) နေမိတယ်။ စိတ်အနှောင့်အယှက် ဖြစ်သွားရင် ဆောရီးနော်(၊) တကယ်တော့ ဒါတွေက ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာတွေပါ။ ရင့်ကိုခင်လို့ ဆွေးနွေးမိတာ"

"ရပါတယ် ဖြူ. . .။ ကျွန်တော် နားထောင်ချင်ပါ(ပါ) တယ်"

တကယ်လည်းပဲ သူ့အပေါ် ဝတ်မှုံဖက်က ခံစားမှုတို့ကို အရှိအတိုင်း ပွင့်ပွင့်လင်းလင်း အခုလိုသိခွင့်ရတာ နေလင်း ဝမ်းသာမိပါသည်။



ဗိုးကုပ်စက်ဝိုင်းကို အမှတ်ပေးတာဆိုပေမယ့် လော လောဆယ် ဒီအမှတ်တွေက သူ့အတွက်ပဲမို့လား။

"သူက တစ်လ အချိန်ရွှေ့ဆိုင်းတော့ ကျွန်မဖက်က လည်း နောက်ထပ်နှစ်လ၊ သုံးလ အချိန်ထပ်ရွှေ့ဖို့ စိတ်ကူးတယ်။ ဒါပေမယ့် အဲ့ဒါကြီးက ကလေးဆန်မလားဆိုပြီး အဘွားကို ဖျက် သိမ်းပေးဖို့ပဲ သွားပြောလိုက်တယ်"

"ဟာ"

နေလင်း တအံ့တသြ"ဟာ"ဟု ရေရွတ်မိသည်။

ဒါကို သူမသိသေးပါ။

"ဖြူ့ အဘွားစိတ်မကောင်း ဖြစ်သွားမှာပေါ့"

"ဟုတ်တယ် ကိုနေလင်း။ အဘွားစိတ်မကောင်း ဖြစ်အောင် လုပ်မိသလို ဖြစ်သွားတယ်။ အဲ့ဒါ စက်ဝိုင်းကြောင့် လေ။ ဩော်. . . စက်ဝိုင်းဆိုတာ အဘွားသဘောတူတဲ့သူလေ။ သူ့ဖက်က အဘွားကလည်း ခုနှစ်ဆယ်ကျော်ပြီ။ အဘွားနန်းက စိတ်ဆိုးပြီး ထမင်းမစားဘူးဆိုလို့ သူအိမ်တစ်ခေါက်ပြန်လာပြီး ချော့တယ်. . . သိလား. . . အဘွားနန်းနဲ့ ဘာတွေညှိနိုင်ယလဲ

www.burmeseclassic.com

www.burmeseclassic.com



တော့ မသိဘူး။ ဝတ်ပုံလည်း ဝတ်ပုံအတွား ဝိတ်ကောက်နေတာ ချော့ရဦးမယ်။ အဲ့ဒါကြောင့် ဦးနှောက်တွေ စားနေတာ ကိုနေလင်းရေ။ သူ့ကို ပြန်လက်မခံပဲ စေ့စပ်ပွဲအစီအစဉ် ဖျက်လိုက်တာပဲ ကောင်းမယ်ထင်တယ်နော်"

"မင်းထယ်နေလင်း"အနေနှင့်ဆိုရင်တော့ ဒီစကား လေးကို ဝမ်းသာအားရနဲ့

"ကောင်းတယ် ဖျက်ပစ်လိုက်"လို့ပြောရုံပါပဲ။

အခုတော့ စက်ဝိုင်းကိုယ်စား သူကိုယ်တိုင် စက်ဝိုင်း ဖြစ်နေလေတော့. . . ။

"မဖျက်ပါနဲ့ ဖြူရယ်. . . ။ ခေါင်းအေးအေးနဲ့ ပြန်စဉ်း စားပါဦး. . . ။ နှစ်ဖက်ဘွားအေတွေကို ထည့်တွက်ရဦးမှာပေါ့"

"အဲ့ဒါကြောင့် စိတ်ညစ်နေတာပေါ့. . ."

"ဖြူ သံယောဇဉ်ကုန်လို့ မဟုတ်ဘူးမို့လား. . ."

နေလင်းက ပေါ့ပေါ့ပါးပါး ဖြစ်သွားအောင် သူမကို ကျီစယ်မိသည်။

သူမထံမှ ရှက်စနိုးရယ်သံလေးနှင့်။



"ကျွန်မက မလှလို့ ဆွဲဆောင်မှုမရှိလို့ သူစိတ်မဝင်စား တာနေမှာပါ. . . သူ့အပြစ် မဟုတ်ပါဘူး"

"ဖြူက ဆွဲဆောင်မှုရှိပါတယ်"

ကိုနေလင်း ဒီလိုပြောတော့လည်း ဂက်မှုံရှက်သွားရ သည်။

"သွား. . . မဟုတ်ပဲနဲ့. . ."

"ဖြူ့ကို ကျွန်တော် မြင်ဖူးတာပဲ. . . ။ ဖြူကအရမ်း ချစ်စရာကောင်းတယ်"

"ကဲ. . . တော်ပြီ. . . ။ သိပ်မမြှောက်နဲ့. . . ။ ရှင့်ကို ကော်ဖီတိုက်ချင်စိတ်တောင် ပေါက်လာပြီ. . . ။ အပြင်မှာ လည်း ကျွန်မတို့ မဆုံဖူးကြသေးဘူးနော်. . . ။ ရှင်အချိန်ရရင် နောက်တစ်ရက်ကျ တွေ့ကြတာပေါ့။ မကောင်းဘူးလား"

"ဖြူရယ်. . ဝမ်းသာပါတယ်. . ဒါပေမယ့် ကျွန်တော် က မနက်ဖန် မန္တလေးပြန်ဖို့ ကားလက်မှတ်တောင် ဖြတ်ထား ပြီးပြီ. . ."

"အို. . . အဲ့ဒါဆိုလည်း မန္တလေးက ပြန်လာမှပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလေး လူက ကျွန်တော်နဲ့ ကော်ဖီဆိုင်အတူ ထိုင်တာ ကြိုက်ပါ့မလား"

"အို. . . သူ့ကို မုန်းလွန်းလို့ ထည့်ကို မစဉ်းစားဘူး"

"ဟောဗျာ. . . ဟား. . . ဟား. . . ဟား. . ."

"သူ့ကို အရွဲ့တိုက်ပစ်ချင်တယ်. . .။ အဟုတ်ပဲ"

ဖြူရယ်. . . အရွဲ့တိုက်ပြီး ကျွန်တော်နဲ့ တွဲမလို့လား။ ဒီလိုတော့ မလုပ်ပါနဲ့ဗျာ။

မင်းထယ်နေလင်းမှာလည်း ချစ်တတ်တဲ့ အသည်း နှလုံးရှိသေးတယ် ဆိုတာ မမေ့သင့်ဘူး။

သူမရဲ့ ကလေးဆန်ဆန် အပြောအဆိုလေးတွေမှာ မင်းထယ်ငြိတွယ်နေမိကာ လက်ရှိ အခြေအနေတွေ အားလုံး ဆီမှ ရုန်းထွက်ပြေးရှောင်ပြီး သူမကို ဟိုးအဝေးကြီး တစ်နေရာ ထိဆွဲခေါ်သွားလိုက်ချင်သည်။

အဲ့ဒီကျရင် ကျွန်တော်ဟာ ခင်ဗျားထင်ထားတာထက် အဆပေါင်းများစွာ ခင်ဗျားအပေါ် ချစ်မြတ်နိုးတန်ဖိုးထားမိတာ ဝန်ခံပြီး လွတ်လပ်စွာ ဖွင့်ပြောနိုင်ခွင့် ရှိလိမ့်မယ်ထင်တယ်



ဝတ်မှုံရယ်။

"ကိုနေလင်းကလည်း ဒီအချိန်ကျမှပဲ မန္တလေးပြန်ရဦး မယ်နော်"

"ကျွန်တော်လည်း မပြန်ချင်ပါဘူး"

"ဟိုမှာ ရည်းစားကျန်ခဲ့လို့ မဟုတ်လား"

သူမအပြောကို ရယ်မောမိသည်။

ရယ်နေတာကို ဝန်ခံတယ်လို့တော့ မယူဆ စေချင်ဘူး ဝတ်မှုံ။

တကယ်ချစ်တဲ့ ကောင်မလေးက အခုကျွန်တော်နဲ့ ဖုန်းပြောနေတဲ့ ကောင်မလေးပဲ။

တိုတောင်းတဲ့ အချိန်လေးမှာ ဝတ်မှုံက နေလင်းနှလုံး သားအစုံကို သိမ်းပိုက်ရယူသွားခဲ့ပါပြီ။

မင်းထယ်နေလင်းက သက်ပြင်းတစ်ချက်ရှိုက်သည်။

နှစ်လိုစွာ ရယ်မောပြီးမှ တိတ်ဆိတ် သက်ပြင်းချတာ ဘာကြောင့်များလဲ။

"ကိုနေလင်း စိတ်ညစ်နေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . . ဘာကြောင့် စိတ်ညစ်ရမှာလဲ"

"မသိဘူးလေ"

"မွန်းကျပ်စရာ အကြောင်းတွေတော့ ရှိတာပေါ့ဗျာ"

"ပြောချင်ရင် ဝတ်မှုံကို ပြောလို့ရပါတယ်"

"တစ်နေ့တော့ ဖြူ့ကို ကျွန်တော်အားလုံး ဖွင့်ပြောမှာပါ၊ အဲ့ဒီကျရင် စိတ်မဆိုးကြေး"

ဘုရားရေ။ သူကဘာတွေများ ပြောစရာရှိတာပါလိမ့်။

ဝတ်မှုံရင်ထဲ တမျိုးလေး လှုပ်ရှားသွားရပါသည်။

သူ့စကားသံဟာ နက်နက်ရှိုင်းရှိုင်းနှင့် ဝတ်မှုံနှလုံးသားကို ရီဝေဝေဖြစ်စေသည်။

သူနှင့်စကားပြောဆိုရတာ အလိုလိုသာယာနေမိကြောင်း ဝန်ခံရရာတော့ အလိုတူးထင်ပါသည်။

ဝတ်မှုံဟာ ဒီနေ့ထက်ထိ လွတ်လပ်တဲ့ အပျိုစင်ဘဝပဲ ရှိသေးတာပဲ။

ကိုယ့်ရဲ့ ရင်ခုန်သာယာမှုတွေကို အတင်းအကျပ်ဖိနှိပ်ချုပ်တည်းထားစရာ မလိုအပ်ပါဘူးလေ။



နွေးထွေး ယစ်မူးဖွယ်ကောင်းတဲ့ မိုးကုပ်စက်ဝိုင်းရဲ့ နစ်နစ်မျောမျော အကြည့်ကို နှစ်သက်မိသကဲ့သို့ ကိုနေလင်း၏ နူးညံ့ညင်သာ တန်ဖိုးထားသော စကားလုံးလေးများကိုလည်း နားထောင်ကောင်းစွာ စွဲမက်မိသည်။

ဝတ်မှုံတော့ ခက်နေပြီ။

ဖုန်းထဲမှာတစ်ယောက်။ အပြင်မှာတစ်ယောက်။ အသည်းနှလုံးကို ဖြောင်းဆန်လှုပ်ရှားစေသူက သူတို့နှစ်ဦးစလုံးပင်။

ဝတ်မှုံကိုယ်ဝတ်မှုံ နားမလည်. . .။ အံ့ဩချင်မိသည်။

စိတ်ဆိုတာ ဆန်းကြွယ်လှသလို အချစ်ဆိုတာက ထင်တာထက် နက်ရှိုင်းသိမ်မွေ့နေပြန်သည်။

"ဖြူ့. . . စိတ်ဆိုးမယ်ဆိုရင် ကြိုပြီးတောင်းပန်ပါတယ်"

"အို. . . ဘာစကား မို့လို့ ကျွန်မက စိတ်ဆိုးရမှာလဲ"

"ဒါက နားထောင်ကြည့်ပြီးမှ ဆုံးဖြတ်ပေါ့ဗျာ"

သူ့အသံက တကယ်ပင် မဝံ့မရဲနှင့် အပြစ်ရှိသူလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုနေလင်းက ဟိုမှာ ဘယ်နှစ်ရက်ကြာမှာလဲ"

"ကျွန်တော် သေချာမပြောတတ်သေးဘူး"

"ပြန်လာခါနီး ဖုန်းကြိုဆက်လေ"

"ဟုတ်ကဲ့"

"ဒါဆို ဂွတ်နိုက်နော်. . .။ ဩော်. . . ရှင်ချောင်းဆိုး နေတာ ဆေးသောက်ဖို့ မမေ့နဲ့နော်"

"သတိပေးတာ သင့်ခ်ယူပါဗျာ"

ဖုန်းပိတ်ပြီးလျှင် မင်းထယ်နေလင်းက သူ့နှုတ်ခမ်းမှာ ကွယ်ထားတဲ့ လက်ကိုင်ပုဝါကို စိတ်တိုတိုနှင့်ပစ်ပေါက် ချလိုက်၏။

ပြုံးစစ နှုတ်ခမ်းတို့က တင်းစေ့သွားပြီးတစ်ချက်တည်း ငိုင်တွေသွားသဖြင့် ရေလှိုင်းက အူယားဖားယား သူ့အနား ပြေးကပ်လာပါသည်။

"ဟေ့ကောင် ဒိုင်လျှိုကောင် ပြော. . . ပြော. . . ဖြူ ဆိုတာ ဘယ်သူလဲ ဘယ်ကလဲ မင်းရည်းစားလား"

မင်းထယ်နေလင်းက မဖြေ



"မင်းကွာ. . . မန္တလေးပြန်မယ် ဘာညာနဲ့ အတည် ပေါက်တွေ လျှောက်ရှိုးနေတယ်။ ကောင်မလေးက မလုံလို့လား ခပ်ကဲကဲမိုလို့လား. . .။ သူချိန်နေတာမို့လား. . .။ငါနဲ့တော့ နေရာချင်း လဲလိုက်ချင်တယ်ကွာ မင်းတကယ် သောက်ရှူးပဲ"

ရေလှိုင်းက ပစ်ပစ်နှစ်နှစ် တရစပ်ဝေဖန်သည်။

မင်းထယ်နေလင်း မျက်နှာမှာ ခပ်ပျက်ပျက်။

စက်ဝိုင်းလည်း သူ့ကို အကဲခတ်နေသည်။

နေလင်းမှာ ရည်းစားရှိနေတာကို သူလည်းမရိပ်မိ။ "ဖြူ" ဆိုတာ နေလင်း ကောင်မလေး ဟုတ်မဟုတ် စက်ဝိုင်းလည်း သိချင်သည်။

"ဒါနဲ့ နေစမ်းပါဦး မင်းပါးစပ်က အမရာဝတ်မှုံဆိုတာ ဘာလို့ ပါလာရတာလဲ။ ဝတ်မှုံကိစ္စတွေပါ မင်းလျှာရှည်ပြီး လျှောက်ပြောထားတယ်ပေါ့. . . ဟုတ်လား. . ."

ရေလှိုင်းက ထင်ကြေးတစ်ခုနှင့် ရမ်းတုတ်လိုက်ပါ သည်။

နေလင်းသိပ်စိတ်မရှည်တော့။

www.burmeseclassic.com

www.burmeseclassic.com



"ဖြူဆိုတာ အမရာဝတ်မှုံပဲ . . .။ ငါအခု ဝတ်မှုံ ဖုန်းပြောနေတာကွ . . ."

"ဟာ . . . တကယ်လား . . . ဒါကြောင့် မင်းအသံဖျ ပြောနေကာပေါ့ ဟုတ်လား . . .။ ဝတ်မှုံက ဘယ်လိုလုပ်ပြီး ဖြူဖြစ်နေရတာလဲ . . .။ ငါတို့တောင် မျက်စိတွေလည်ပြီး နားတွေ ရှုပ်ကုန်ပြီ . . .။ ရှင်းစမ်းပါဦး နေလင်းရ မင်းနဲ့ ဘယ်လ သိကျွမ်းရင်းနှီးနေရတာလဲ . . ."

ဒီတစ်ခါတော့ စက်ဝိုင်းလည်း သူနဲ့အဘေးသို့ ရောက်လာပါသည်။

သူတို့နှစ်ယောက် မျက်နှာမှာ စိတ်ဝင်တစား အံ့အား တသင့် အမူအယာတို့နှင့်။

မင်းထယ်နေလင်းက ပထမဦးဆုံး တစ်ရက် ဖုန်းမှားပြီး သိသွားတာကစပြီး စီးတီးမဟ်မှာ လှမ်းတွေ့ခဲ့တာ နောက်ပိုင်း ဖုန်းမကြာခဏ ပြောဖြစ်တာ။ စက်ဝိုင်းကိစ္စ ဘုမသိ ဘမသိ ဝင်ပါကူညီရချိန်မှာ သူမနှင့် ဖြုန်းခနဲကြုံရဆုံဆည်းရတာ။ သူစိတ်မကောင်းဖြစ်ရ အားနာရတာ အထင်လွဲခံရမှာစိုးတ



က်ဝိုင်း မဒ်ဟာသီလောင်းမှန်းသိရကတည်းက ဖုန်းထပ်မဆက် ပွယ်ဖြစ်တာ။ ဒီနေ့ သူမထံက ဆက်သွယ်တာ စသဖြင့် ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်လေသည်။

ဒီအကြောင်း အရာတွေ စက်ဝိုင်းလည်း သိထားဖို့ ပိုအင်တယ်ထင်လို့ပါ။

စက်ဝိုင်းက နှုတ်ခမ်းဖွင့်ဟ နားထောင်ရင်း တအံ့တသြ မ်သက်နေသည်။

တိုက်ဆိုင်မှုတွေက ဆင့်ကဲဆင့်ကဲ ဆိုတော့ မယုံနိုင် ရာဖြစ်နေလို့လား။

သူလည်း တစ်ခွန်းမှ လုပ်ကြံမပြောခဲ့ပါ။

"မင်းဥစ္စာက အဆန်းပဲ"

ရေလှိုင်းက မျက်မှောင်ကုပ်နှင့် ရေရွတ်သည်။

"ဒါကြောင့် မင်းအရမ်းနောင်တရနေတာကိုး ဒီကောင့် မျာ အချစ်ကိုပါ စတေးရတာကိုး စက်ဝိုင်းရ ဒါကြောင့် စားနေတာ"

စက်ဝိုင်းက ခေါင်းတစ်ချက် ဆတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားသဘောတူတဲ့ မိန်းကလေးဟာ ဖုန်းထဲမှ နေလင်းနှင့် အီစီကလီဆိုတာ သိရတော့ သူ့စိတ်ထဲ ထူးခြား နေပါသည်။

ဟုကယ်သာ စေ့စပ်ဖြစ်မယ်ဆိုရင်တော့ ဒီအကြော တွေ သူသိရမှာပင်မဟုတ်. . .။

အခုတော့ သူ့ဖက်မှာလည်း လက်ထပ်ပြီးသား ဇနီး မယားရှိနေခဲ့ပြီမို့။

"ဒါဆို မင်းက ဝတ်မှုံကို ကြိုက်နေတာပေါ့"

စက်ဝိုင်းရဲ့ တည့်တည့်မေးခွန်းကြီးကို နေလင်းလ သွားမိသည်။

"ကြိုက်ရင်လည်း ကြိုက်တယ်ပေါ့ကွာ။ ဘာဖြစ်လဲ မဟုတ်ဘူးလား။ ရဲရဲတင်းတင်းပေါ့။ မင်းကအခု စက်ဝိုင်းပါ နေရတော့ သူနဲ့ ဒီလောက်နီးစပ်နေတာ။ မင်းသဘောနဲ့ ပဲ ကြိုးစားလိုက်"

"ဟာ ဘယ်ဖြစ်မလဲကွ။ ငါ ဒီလို မရိုးမဖြောင့်ပုံ သူ့မေတ္တာကို လိမ်ညာမယူချင်ပါဘူး"



နေလင်းက ဆတ်ခနဲ တုန့်ပြန်သည်။

"ဟာ. . . ငါက လိမ်ညာ လှည့်ဖျားပါလို့ ပြောနေတာ ပဟုတ်ဘူး. . .။ ငါနဲ့ သဘောတူထားလို့ ငါ့ကို အားနာစရာ ပလိုဘူး လို့ပဲပြောတာကွ. . ."

"ဒါကတော့ စက်ဝိုင်းရာ မင်းမှာလည်း မိန်းမရှိနေပြီပဲ ဟာ မင်းလည်း မိန်းမ နှစ်ယောက်ယူလို့မှ မရတဲ့ကိစ္စပဲ။ မင်းကို တော့နေလင်းအားနာစရာ မရှိလောက်ပါဘူး။ နော် မဟုတ် ဘူးလား"

ရေလှိုင်းက အော်ကျယ်ကျယ် ပြန်ပြောတာမို့ ဝရံတာက အသံတွေကြားသွားတဲ့ ရှုပါကျော်က ထိုင်နေရာမှ ထထွက်လာသည်။

"ဘယ်သူကပြောလဲ မိန်းမနှစ်ယောက် ယူလို့မရဘူးလို့ မန္တလေးမှာ တစ်ယောက်ကိုထား။ ဒီရန်ကုန်မှာ တစ်ယောက်ကို ထား။ ငါက ဟိုမှာတလှည့် ဒီမှာတလှည့်နေ အိုကေမှာ စိုပြေ"

"ဟိတ်. . . မောင်"

"အဲ့. . . ဟို"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ ဘာတွေပြောနေကြတာလဲ"

ရှုပါကျော် ဖြုန်းစားကြီး အနားရောက်လာသဖြင့် နှုတ်သွက်လျှာသွက် မိုးကုတ်စက်ဝိုင်းခမျာ အိုးတိုးအတ ဖြစ်သွားသဖြင့် နေလင်းနှင့် ရေလှိုင်းတို့က မအောင့်နိုင်ဘဲ ဂါးလုံးကွဲ ရယ်ချသည်။

"ဟား . . ဟား . . ဟား . . ဟား . . "

"ရှင်တို့က ဘာရယ်တာလဲ"

"စက်ဝိုင်းပြောတာ သဘောကျလို့ပါ"

"သူက ဘာပြောလို့လဲ"

ရှုပါကျော့် မေးခွန်းခပ်တင်းတင်းကို

စက်ဝိုင်းက ကမန်းကန်း ပျာပျာသလဲနှင့်

"မဟုတ်ပါဘူးရှုပါ မောင်ရပြောတာက ဝတ်မှုံကို"

"ဒီနံမည် တမ်းတပြန်ပြီလား . . ။ ရှင်နော်"

"အာ . . လုံးဝမဟုတ်ဘူး . . နေလင်း ကြိုက်ရင် နေလင်းကြိုးစားလို့ ပြောနေတာပါ"



စက်ဝိုင်းအဖြေကို ရှုပါကျော်က ကျေနပ်သွားပြီး

"ဟုတ်သားပဲ ကိုနေလင်းရဲ့ ရှင်တို့နှစ်ယောက်က ရုပ်ချင်းလည်း ချပ်စွပ်တူနေတာ အမရာဝတ်မှုံက ရှင့်ကို လက်ခံဖို့ ခဲယဉ်းမှာမဟုတ်ပါဘူး ရှင်မြန်မြန်စေ့စပ်လိုက်မှ အားအေးမှာသိရဲ့လား"

မင်းထယ်နေလင်းက နှုတ်ဆိတ်လျက်

"ကဲ မောင် . . . လာလေ . . ရှင်ကရှုပ်နားမှာ မနေပဲနဲ့ ရှင့်သူငယ်ချင်းတွေနား ဘာလို့သွားကပ်နေတာလဲ . . . ဟွန်း"

ဟုစူပွပွ ရေရွတ်မြည်တမ်းလျှက် မိုးကုပ်စက်ဝိုင်း လက်ကို ဆွဲခေါ်သွားပါတော့သည်။

မင်းထယ်နေလင်းက ရေလှိုင်းကို ပုခုံးတွန့်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

နေလင်းက ညဖက်အိပ်မပျော်သေးသဖြင့် စီးကရက်ဘူးနှင့် မီးခြစ်ကိုယူကာ လသာဆောင်လေးဆီ ထွက်ခဲ့သည်။

အခန်းထဲက မွှေ့ယာပေါ်လှဲ့လျောင်းနေရတာ စိတ်တွေ မွန်းကျပ်ပြီး ညည်းငွေ့နေပြီ။

ခုတလော သူ့ဒီအိမ်ကို ညဥ့်နက်မှပဲ ပြန်လာသည်။

ဘွားတို့နှင့် ရင်မဆိုင်ချင်တာလဲ ပါပါသည်။

ဝတ်မှုံကလည်း သူ့အပေါ် အမြင်စောင်းကာ စိတ်နေပုံရသည်။

သူပြန်လာလျှင် ထွက်လည်းမကြို။ စကားလည်း မပြော။



တမင်းပင် တစ်ဝိုင်းတည်း အတူတူမစားပဲ သူမအခန်းထဲရှောင်ပုန်းနေတတ်သည်။

နေလင်းလည်း ဝတ်မှုံကို ချော့ချင်ပါသည်။

ပြေရာပြေကြောင်းဆိုရင်း အထင်မလွဲဖို့ တောင်းပန်ချင်သည်။

တစ်အိမ်တည်းနေပြီး မိုင်ပေါင်းများစွာဝေးကွာနေသလို ခံစားရတာမို့ သူနေလို့မကောင်း အဆင်မပြေ။

တစ်ချိန်လုံး စိတ်အနှောင့်အယှက်ဖြစ်နေသည်။

သူဘာဆက်လုပ်ပြီး ဘယ်လိုဆုံးဖြတ်ရမည်မှန်း မသိချေ။

ဝတ်မှုံအချစ်ကိုလည်း လှည့်ဖျားမယူလို။

သို့သော် သူမဥ္စသို့ စိတ်ကောက် ရှောင်ပုန်းနေတော့လည်း နေမထိထိုင်မသာ တမ်းတလွမ်းဆွတ်ရသည်။

သူမ မျက်နှာကလေးကို ကြည့်နေချင်သည်။ စကားသံချိုချိုလေးကို ကြားနေချင်သည်။ ချစ်စဖွယ်ဟန်ပန်လေးတွေကို ငေးမောကြည့်နူးချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွင့်မရလျှင်တောင် ဒီလိုတော့ ဝေးကွာမနေနိုင်။

ဝတ်မှုံရယ်။

ခင်ဗျားကို အရူးအမူးချစ်ပါတယ်။

ခင်ဗျားထင်ကာတွေ လုံးဝမှားနေတယ်။

သူပြင်းပြင်းပြပြသတိရ လွမ်းဆွတ်နေမိတုန်းမှာပင် မယုံနိုင်စွာ သူမကို လှမ်းမြင်လိုက်ရသည်။

မင်းထယ်နေလင်း ခြေလှမ်းပင်တုံ့သွားမိ၏။

သူမတစ်ယောက်ထဲ လသာဆောင်လေးမှာ အေးအေး လူလူအဝေးကို ငေးမောနေသည်။

မျက်နှာလေးကို မော့လျှက်သား။

ကောင်းကင်ပေါ်က ကြယ်ကလေးတွေကို ရေတွက် နေတာလား။

သူ့ခြေသံကိုပင် ကြားဟန်မတူပေ။

ချထားတဲ့ ကျွန်းသား ပက်လက်ကုလားထိုင်လေးမှာ ခြေကို ဆင်းလျှက်ခြေဖျား ချိတ်ထားဟန်လေးမှာ ရှုမငြီးချင် စဖွယ်။



ဥတ်ထားတာက ပိုးဂါဝန် အနက်ရောင်လွှာလွှာလေး နှင့်မို့ လှပသော ကိုယ်လုံးသွယ်သွယ်လေးမှာ အထင်းသား။

ညို့ငင်ဖမ်းစားနိုင်လွန်းသော သူမရဲ့ လွင့်မျောနေဟန် လေးမှာ မင်းထယ်နေလင်းကို ရင်သပ်ရှုမော စိတ်လှုပ်ရှားစေ သည်။

လရောင်အေးအေး၌ သူယောင်မယ်လေးတစ်ပါး စောင့်ကြိုနေသလိုပင်ထင်မိ၏။

သူ့ခြေလှမ်းတွေက အလိုလိုပင် ဝတ်မှုံအနားသို့ တိုးကပ်သွားမိသည်။

"ဝတ်မှုံ"

အမရာဝတ်မှုံက သူ့ထံဖျပ်ခနဲမော့ကြည့်၏။

ညဝတ်ဘောင်းဘီရှည် အင်္ကျီလက်ရှည်တို့နှင့် စက်ဝိုင်း ပုံသဏ္ဍာန်ကြည့်ရတာ သူလည်းအိပ်မပျော်လို့ အပြင်ထွက်လာ ဟန်တူပါသည်။

ဘာပဲဖြစ်ဖြစ် သူ့ကို ကြည့်မရ လှတဲ့ ဝတ်မှုံကပြန်ပြုံး မပြုံပဲ ခတ်တည်တည်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးအကြည့်တွေက တခတယနှင့် နူးညံ့ချိုရီ တောက်ပနေသည်။

ထိုအကြည့် ခပ်နွေးနွေးက သူမရင်ကို ပြင်ပြစွာ ကုန်ယင် လှိုက်ဖိုစေသည်။

မခေါ်ဘူးလို့တင်းထားတဲ့ စိတ်တွေက ချက်ချင်းလို အရည်ပျော်လျှက် သူ့ထံအလိုလို တွယ်ငြိနေမိသည်။

နောက်မှ သတိဝင်ကာ စေးကပ်ငြိတွယ်သွားမိတဲ့ အကြည့်ကို ဝတ်မှုံဖျပ်ခနဲ ရုပ်သိမ်းသည်။

ပြီးလျှင် လဲလျောင်းနေရာမှ ဖြုန်းခနဲထထိုင်လိုက်သည်။

"ဝတ်မှုံ ခဏလောက် စကားပြောရအောင်"

သူမ ရှောင်ပြေးဖို့ပြင်၏။

မင်းထယ်နေလင်း မတားဆီးနိုင်ခင် သူမက တံခါးဖက် လှစ်ခနဲ ပြေးသည်။

နေလင်းသည် မဆိုင်းမတွပင် နောက်ပါးမှ အပြေး ကပ်ပါလာသည်။



"ဝတ်မှုံ. . . ခဏလေး. . . ကျွန်တော်ပြောတာ နားထောင်"

တံခါးအကွယ် နံရံထောင့်လေးမှာ သူမကို ဖမ်းမိသွား၏။ ရုတ်တရက် လက်ကောက်ဝတ်ကို ဖြုန်းခနဲ လှမ်းဆွဲမိတာဖြစ်သဖြင့် အရှိန်မထိန်းနိုင်ပဲ သူမကိုယ်လုံးလေးက နေလင်း ရင်ခွင်ထဲ ပြိုယိုင်ကျသည်။

နူးညံ့အိထွေးသော အတွေ့နွေးနွေးမှာ နေလင်း ရင်တွေ အခုန်ကြမ်းသွားရကာ မရည်ရွယ်ပါပဲ သူမကို အလို အလျှောက် ခပ်တင်းတင်း ဖက်ထားလိုက်မိသည်။

ဝတ်မှုံလည်း အမှတ်မထင် ဘာဖြစ်သွားရမှန်းမသိ။ လူတကိုယ်လုံး ကတုန်ကယင်ဖြစ်သွားရသည်။

သူဝတ်မှုံကို ချစ်ရေးဆိုတဲ့အခါ လက်ကလေး လှမ်းဆွဲ ထားရုံလောက်ပဲ ထင်မိတာ။

အခုတော့ ဖြုန်းခနဲ ရင်ခွင်ထဲ ဆွဲသွင်းရုံမက လှုပ်မရ ရုန်းမရအောင် တအား ဖက်ထားသည်။

ပြီးတော့ အတင့်ရဲစွာ ဘာမပြောညာမပြောနမ်းရှိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

တယုတယ အနမ်းတွေအောက်မှာ မိန်းမိန်းမူးမူး အသက်ရှူမှားသွားရသည်။

တကိုယ်လုံး လှည့်ပတ်စီးဆင်းနေတဲ့ သွေးလည်ပတ်မှုတွေ ပူနွေးတုန်ခါသွားသလို ထင်မိ၏။

ဝတ်မှုံ အငိုက်မိနေမိလျှက် သူ့အနမ်းအရှိက်မှာ တကိုယ်လုံး ကြည်နူးတုန်ခိုက်လာသည်။

သူစိမ်းယောကျ်ားတစ်ဦးရဲ့ ဖြားယောင်းသော အတွေးအပိုက်အယုအယတို့က မယုံနိုင်အောင် ဆန်းကြယ်စွာ သူမအသည်းနှလုံးတွေကို အရည်ပျော်သွတ်နူးစေသည်။

ရှက်ရင်ဖိုစွာငြင်းဆန်သော်လည်း ဝတ်မှုံကိုယ်လေးက မင်းထယ်နေလင်း ရင်ခွင်ထဲ နစ်မြုပ်မတတ် တင်းကျပ်နေတာမို့ ရုန်း၍လည်းမရပေ။

"ကျွန်တော် မချစ်ဘူးထင်နေလား။ ခင်ဗျားကို သိပ်ချစ်လို မခံစားနိုင်တော့ဘူး။ ဝတ်မှုံကို ချစ်တယ်ဗျာ။ ယုံပါ ဝတ်မှုံရယ်။ သိပ်ချစ်လို့ပါ။"



သူက မချင့်မရဲ ရေရွတ်ရင်း အထပ်ထပ်အခါခါ မွှေးရှိုက်သည်။ စွဲစွဲမက်မက်နှင့် နှုတ်ခမ်းလေးကို ထိတွေ့သည်။

ဝတ်မှုံရင်မှာ ပေါက်ကွဲမလိုပင် ဆူညံဝုန်းဒိုင်းကျဲလျှက် ငြောင်းဆန်အောင် ရင်ခုန်တုန်လှုပ်နေမိသည်။

ချစ်တယ်ဆိုသော စကားလေးတစ်ခွန်းက သူမကို မိုးတိမ်ဆီ လွင့်မျောခေါ်ဆောင်သွားနိုင်သည်။

အချစ်က အရာအားလုံးကို သိမ်းပိုက်အနိုင်ယူသွားနိုင်ကြောင်း သူမကောင်းစွာ သိရလေပြီ။

x x x x x

www.burmeseclassic.com

www.burmeseclassic.com

မနက်ခင်း ကော်ဖီဝိုင်းမှာ မင်းထယ်နေလင်းက နှုတ်ဆိတ်နေသလို အမရာဝတ်မှုံကလည်း ဘယ်ကိုမှ မကြည့်ပဲ မျက်လွှာလေးစင်းစင်းချထားသည်။

မင်းထယ်သည် သူမကို စေ့စေ့ကြည့်ဖို့ အားနာပါ သလိုလို။

ဒါပေမယ့်လည်း ရှိုက်ဝံ့ရှက်နိုးဟန်ပန်လေးကို စိတ်ဝဲ မချင့်မရဲဖြစ်မိသည်။

ညတုန်းက သူမအိပ်ပျော်သလား မသိပေမယ့်။ မင်း ထယ်နေလင်းမှာ စိတ်လှုပ်ရှားပြီး အိပ်မပျော်။ ပျော့ပျောင်းနု



ညံ့သော ကိုယ်ငွေ့လေးနှင့် သင်းရနံ့ပျော့ပျော့လေးက သူ့ အာရုံထဲစွဲနေသည်။ ရင်ခွင်တစ်ခုလုံး လှိုက်ခနဲ့ပြီး ရှိန်းမြမြ ဖြစ်နေခဲ့သည်။

ချိုမြိန်သော အနမ်းလေးတွေကို မေ့မရ။

ဝတ်မှုံစိတ်ဆိုးမလားဟုလည်း စိုးရိမ်ပူပန်ခဲ့ရပါ သေးသည်။

သို့သော် သူမက မင်းထယ်ကို ယုံကြည်မှုတစ်ခု ပေးအပ် လိုက်သလိုထင်မိသည်။

ဝတ်မှုံ ခင်ဗျားလည်း ကျွန်တော့်ကို ချစ်တယ်နော်။

ကျွန်တော့်ဒီနေ့ အရမ်းလည်းပျော်နေတယ်။

"အစိုင်း. . . မုန့်ဟင်းခါး ထပ်ယူဦးလေ. . ."

"တော်ပြီ အဘွား"

အိမ်မှာ မုန့်ဟင်းခါးချက်ပေးတဲ့ မနက်မှာ တကယ် တမ်းသူသိပ်မစားနိုင်။

ကော်ဖီကို ကောက်မော့ပြီးနောက် စားပွဲမှထကာ ထုံးစံ အတိုင်းအဘွားကို နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားရဲ့ပါးကို ဖွဖွမွှေးရှိုက်သည်။

"ကားကို ဖြေးဖြေးမောင်းနော်"

ပြောနေကျ စကားအတိုင်း သတိပေးရပေမယ့် ခုတလော အဝိုင်းကားမောင်းတာ အရင်လို မကြမ်းတမ်း ညင်သာလာကြောင်း အဘွားနန်းသတိထားမိသည်။

ကားမောင်းမှ မဟုတ်ပါဘူး။

စကားပြောတဲ့ ဗိုလ်သံကျကျလေသံပါ ပြောင်းသွားတာ။

အမူအယာတွေလည်း ရိုကျိုးနှိမ့်ချလာသည်။

လူကြီးတွေအပေါ်လည်း ဂါရဝတရားနှင့် ပို၍နွေးထွေးနားလည်ပေးသည်။

အထူးခြားဆုံးမှာ ဝတ်မှုံအပေါ် ချစ်စနိုးကြည့်နေတတ်ခြင်းပါပဲ။

ပြုံးကြည့်နေတတ်ပုံမှာ စိတ်ရှည်သဘောကောင်းသော လူရွယ်လေး တစ်ယောက်အသွင်။

အဘွားနန်းမှာ စိတ်ချမ်းသာရပါသည်။



စေ့စပ်ဖို့ကိစ္စ နည်းနည်းနောက်ဆုတ်ရန် တောင်းဆိုတာကလွဲ၍ မြေးလေးအဝိုင်းမှာ အရာအားလုံး ကျေနပ်စရာကောင်းလာသည်။

သိတတ်နားလည်မှုလေးတွေကို မယုံနိုင် လောက်အောင် မြင်တွေ့ရသည်။

"ကျွန်တော် သွားပြီ"

နှုတ်ဆက်ထွက်ခွါသွားတဲ့ မြေးလုပ်သူ ကျောပြင်ကိုငေးကြည့်နေမိသည်။

ဘွားနန်း စိတ်ထဲမှာ ထူးခြားသော တစုံတရာကိုတွေးတောနေမိ၏။

ဝတ်မှုံသည် ဘာရယ်မဟုတ် အဘွားတို့ရှေ့ကြာကြာမနေလိုသဖြင့် မုန့်စားပြီးတာနှင့် သူမအခန်းဆီ ပြန်တက်ခဲ့သည်။

အခန်းထဲမှာ ငြိမ်ငြိမ်လေးနေကာ မိုးကုတ်စက်ဝိုင်းအကြောင်းကို တွေးနေချင်မိသည် မဟုတ်လား။

ကြီးမေက ဘွားနန်းနှင့် ဘွားသူဇာတို့အတွက် စပျစ်ရည်

www.burmeseclassic.com

www.burmeseclassic.com



မဲမဲချိုချိုလေးတွေကို လေးထောင့်ပန်းကန်လေးနှင့် ထည့်ပေး
သည်။

"အဝိုင်းကလေး မုန့်ဟင်းခါးကို အားပါးတရလည်း
မစားဘူး" ကြီးမေက သူ့လက်ရာကို များများအားမပေးသဖြင့်
အလိုမကျ။

"သူဘယ်တုန်းက မုန့်ဟင်းခါး ကြိုက်လို့တုန်း"

"မသိဘူးလေ ဘွားနန်းရယ်။ ခုတလော ဘွားနန်းပြော
က အကြိုက်တွေပြောင်းတာကိုး"

"အေး. . . အဲ့ဒါတော့ ဟုတ်တယ် မကြည်ရဲ့"

"အဝိုင်း ဘီယာ မသောက်တာ ရောက်ကတည်းက
ပဲနော်"

"အင်း"

ဘွားနန်းက မျက်မှောင်ကုပ်ကုပ်နှင့် ခေါင်းညိတ်သည်။

"ညဖက်လည်း ပုံမှန်အိမ်ပြန်တယ်။ စိတ်ဆိုးသွား
ဟိုတစ်ညကလွဲရင်ပေါ့လေ။ သီချင်းတွေလည်း အကျယ်ကြီး
မဖွင့်တော့ဘူး။ ကျွန်မကို ဈေးဆွဲခြင်းလည်း ကူဆွဲပေးတယ်



ပြီးတော့ ဒေါ်. . . ပြောရဦးမယ် မောင်ဝိုင်းအခန်းထဲ
ဝင်ရှင်းတော့ ဘာတွေ့လဲသိလား"

မကြည်က ပြုံးတုံ့တုံ့နှင့် စကားကို ခဏရပ်ပြီးမှ။

"ဝတ်မှုံလေ"

"ဘယ်လို"

"ဟိုဟာလေ. . . ဝတ်မှုံလေးရဲ့ ပုံတူပန်းချီကား"

"ပန်းချီကား"

ဘွားနန်းက သံတူရေရွတ်၏။

"ဟုတ်တယ် ဘွားနန်း. . . လက်ရာအရမ်းကောင်း
တာပဲ. . .။ အဝိုင်းဆွဲတယ်လို့တောင် မထင်ရဘူး။ တကယ့်
ပန်းချီဆရာပဲ။ ကျွန်မတောင် ကျွန်မပုံဆွဲပေးဖို့ပြောတော့ သူက
ခြစ်ပန်းချီလေး ကမန်းကတန်းခြစ်ပေးတယ်။ ဒီမှာကြည့်. . ."

မကြည်က ကြောင်အိမ်အံဆွဲထဲက သူ့ပန်းချီပုံစာရွက်
ကို ဝမ်းသာအားရ ထုတ်ပြပါသည်။

"အဝိုင်း ဘယ်အချိန်က ပန်းချီသင်လိုက်သလဲတောင်
မသိဘူး. . . ဒီကောင်လေးက သူစိတ်ပါရင်တော့ ဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေါ့ဘာပဲ. . ."

ဘွားနန်းသည် မှတ်ချက်တစ်စုံတရာ မပေး။

ဒီလိုလက်ရာ မြောက်ပန်းချီပညာဆိုတာ လွယ်လွယ်ကလေးနဲ့တတ်ဖို့ ဖြစ်နိုင်ပါ့မလား။

ဒီရက်အတောအတွင်း ဘွားနန်းလည်း လေ့လာ အကဲခတ်မိပါသည်။

သေချာစဉ်းစားမှ သေချာထူးဆန်းနေတာ။

ကိုယ့်မြေးဆိုတော့ အမှားမရှိတာလည်း ကိုယ်တိုင်အသိဆုံး. . .။

ဒါကဘယ်လို ဖြစ်ရတာပါလိမ့်။

ဘွားနန်းရင်တွေ တဆတ်ဆတ်ခုန်လာရသည်။

ဘယ်သူ့ကိုမှ ဘာမှ မပြောပဲ တယ်လီဖုန်းရှိရာသို့ အသာအယာ လျှောက်လာခဲ့သည်။

ဇဝေဇဝါ ဖြစ်နေတာတွေကို သေချာဆန်းစစ်ကြည့်ဖို့ဆုံးဖြတ်သည်။

x x x x x



"ဘာ့ အဘွားကိုယ်တိုင် ရုံးကိုလိုက်လာတယ်ဟုတ်လား။ မင်းတို့ ဒီတလောအတွင်း ငါရုံးမတက်ဘူး ဘာညာလျှောက်ပြောလိုက်သေးလား ကျွတ်. . . ပြဿနာပဲ. . ."

"ကျွန်တော်တို့ ဘာမှ မပြောဘူး အဘွားကကိုအေးကျော် အခန်းထဲတန်းဝင်သွားတာဗျ"

"အေး ဒါဆို ငါထွက်လာပြီ ခဏနေရောက်မယ် ဒါပဲ"

မိုးကုတ်စက်ဝိုင်းသည် အခုမှပင် ပျာယီးပျာယာနှင့် ရုံးယူနီဖောင်း အနောက်တိုင်းဝတ်စုံကို ဆွဲယူ ဝတ်ဆင်ကာ ကမန်းကတန်းရုံးသွားဖို့ ပြင်ဆင်ပါသည်။

"စက်ဝိုင်း အခြေအနေအကြောင်းရှိရင်လည်း ကြိုဖုန်းဆက်ဦး"

"အေးပါ"

"ဒီတိုက်ခန်း ဝယ်ထားတာ မင်းအဘွားသိလား"

ရေလှိုင်းမေးခွန်းကို စက်ဝိုင်းက ခေါင်းယမ်းပြီး

"မသိဘူး"

"တော်သေးတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"နေလင်းလာရင် ဘာပြောသားရမလဲ"

စက်ဝိုင်းပျာနေသဖြင့် ရှပ်ကျော်ကလည်း စက်ဝိုင်းနောက်က တကောက်ကောက်နှင့် လိုအပ်တာတွေယူပေးသည်။

"မောင်. . . ဖုန်းယူဦးလေ. . . ဒီမှာ ပိုက်ဆံအိတ်နဲ့ ကားသော့။ နော်က်. . . ဘာကျန်သေးလဲ"

"ဟို. . . ဖိုင်တွဲ"

တအောင့်လောက်နေလျှင် စက်ဝိုင်းကားထွက်သွားသံကြားရ၏။

ရေလှိုင်းမှာပါ ရောချ်မောနေကာ ခုမှသက်ပြင်းချပါသည်။

× × × × ×

"သေချာရဲ့လား သန္တာရယ်။ နင့်လူမှားနေတာလားလို့ပါ။"

"သြော်. . . မမှားပါဘူးဟယ်။ နင့်ရဲ့ မိုးကုပ်စက်ဝိုင်းမှ မိုးကုပ်စက်ဝိုင်းအစစ်ကြီးပါ။ ဟောဒီမှာ ငါ့ချက်စိနဲ့ တပ်အပ်မြင်ပါတယ် ဆိုမှပဲ"

သန္တာပေးတဲ့ သတင်းကို သူမ မယုံနိုင်။

ဖုန်းဆက်တော့ နောက်နေသလားပင် ထင်မိတာ။

သူပြောပုံက ရင်တုန်စရာ။

"စက်ဝိုင်းဟာ ညကြီးမိုးချုပ် ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ ခါးကိုဖက်ပြီး လှေကားတစ်ခုပေါ် တက်သွားသတဲ့လေ"

"မနေ့ည ဆယ်နာရီလောက်က ငါက ငါ့အစ်မ မနီလာအိမ်ရောက်နေတာ မနီလာနေတာ (. . . . . .)လမ်းထဲမှာလေ နင်သိတယ်မို့လား။ အဲ့ဒီလမ်းထဲက တိုက်ခန်းသစ်ပဲ။ လှေကားတောက်လျှောက် မှန်ထဲကနေ ငါကြည့်နေသေးတာ။ သူတို့နှစ်ယောက် တံခါးခေါက်ပြီး တိုက်ခန်းထဲ ဝင်သွားတာပဲ့။ ကောင်မလေးက ဆံပင်အဖြောင့် ချောတယ်။ ကိုယ်လုံးကလည်း မော်ဒယ်လ်ပဲ။ ဝတ်ထားတာလည်း သားနားတယ်။ အပြင်တစ်နေရာရာက ပြန်လာပုံပဲပဲ့။ သူတို့ကြည့်ရတာ လင်မယားလို့ပုံစံပဲ။ တရင်းတနှီးနဲ့ ငါ အမှန်အတိုင်း ပြောတာနော်။ နင်မငိုလိုက်နဲ့ဦး"

"သန္တာ ငါဘာလုပ်ရမလဲဟင်"

ဝတ်မှုံအသံလေးက စိတ်လှုပ်ရှား ငိုချင်သံ ပေါက်လာပါပြီ။

ညတုန်းက စက်ဝိုင်းအတော်မိုးချုပ်မှ ပြန်ရောက်တာ



သူမ သိသည်။ ကိုကောင်မလေးထံက ပြန်ခဲ့တာလား။

စက်ဝိုင်းက ဒီလိုလူစားမျိုးလား။

သူမရင်တွေတဒိန်းဒိန်း တုန်ခါလာရ၏။ ကြည်နူးရင်ဖိုရတဲ့ အတွေးလေး မဆုံးသေးခင် သန္တာ့ဆီက ဒီသတင်းကြားရတာမို့ နှလုံးသားမှာ ခံနိုင်ရည်မရှိ"

"ဝတ်မှုံ. . . စိတ်အေးအေးထား. . . ဒီကိစ္စကို သေချာအောင် စုံစမ်းရမယ်။ လက်ဆုပ်လက်ကိုင် ဖမ်းမိမှ ဖြစ်မယ်ပဲ့။ နင်ကျနြေမပျက်ထွက်လာခဲ့ ငါမနီလာအိမ်က စောင့်နေတယ်။ သူတို့ကို ချောင်းပြီး စောင့်ဖမ်းမှ ဖြစ်မယ်။"

"အင်း ငါလာခဲ့မယ်"

"ကြည့်ရတာ ကောင်မလေးက အဲ့ဒီအိမ်က ဖြစ်မယ်နဲ့တူတယ်။ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ရဲဖို့ အားမွေးထားနော် ဝတ်မှုံ"

"အင်းပါ သန္တာရယ်"

ဖုန်းပိတ်ရင်း ဝတ်မှုံပါးပေါ် မျက်ရည်တို့က အလိုလိုကျလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



စက်ဝိုင်း ရှင်ရက်စက်တယ်။

ရှင့်မှာ ချစ်သူရှိနေရင်လည်း ပွင့်ပွင့်လင်းလင်း ဖွင့်ပြောဖို့ကောင်းပါတယ်။

ကျွန်မရဲ့ အချစ်ကို လိမ်ညာမယူသင့်ပါဘူး။

စေ့စပ်ဖို့ အချိန်ဆွဲချင်တာ ဒါကြောင့်လား။

အခုတော့ သူမသိရပြီ။

အင်မတန် ပိရိပါးနပ်တဲ့ လှည့်စားတတ်တဲ့ယောကျ်ား တစ်ယောက်ကိုမှ သူမဖက်က စွဲစွဲလန်းလန်း ချစ်ခဲ့ပြီ။

အို . . ဘာပဲဖြစ်ဖြစ် သန္တာ ပြောသလိုပဲ သူ့ရဲ့လျှို့ဝှက်ချက်တို့ကို ပိုင်ပိုင်နိုင်နိုင် ဖော်ထုတ်မှရမည်။

x x x x x

သန္တာနှင့် အမရာဝတ်မှုံတို့ နှစ်ဦးသားသည် စက်ဝိုင်းတို့နေထိုင်ရာ တိုက်ခန်းလေးရှိတဲ့ လမ်းကလေးထဲ ကြိုတင်ရောက်နှင့်စောင့်နေကြသည်။

ကံကောင်းထောက်မစွာ ထိုလမ်းလေးထဲမှာ ပင်လယ်စာ စားသောက်ဆိုင်လေးတစ်ခု ရှိသဖြင့် ကွန်နြေရရ အသာထိုင်ပြီး စောင့်ကြည့်နေခွင့်ရသည်။

ဝတ်မှုံသည် ကိုယ့်ရဲ့နှလုံးခုန်သံ တဒုတ်ဒုတ်ကို ကိုယ်ပြန်ကြားနေမိ၏။

ရခိုင်မုန့်တီလေးပင် ကောင်းကောင်းမျိုမကျနိုင်ပေ။

စိတ်တွေ့စောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တကယ်ပဲ ကောင်မလေးနှင့် ယှဉ်တွဲတွေ့ရတော့မလား။

စက်ဝိုင်းရဲ့ ပရာဒိုကားဟာ လမ်းထဲကို တစ်ခေါက်ပြန်ဝင်လာပြီးမှ ထိုမိန်းကလေးနှင့်အတူ အပြင်ပြန်ထွက်သွားတာ သန္တာက မြင်ခဲ့ပြီးပြီ။

ဒီတော့ သူတို့ပြန်လာမည့် အချိန်ကို စောင့်ကြည့်နေရတာ လည်ပင်းရှည်လုပြီ ဖြစ်သည်။

"နင်သာ စိတ်ရှည်ရှည်ထား ဒီနေ့ မိကိုမိစေရမယ်"

သန္တာက တက်တက်ကြွကြွ အားပေးသည်။

သူမဖက်ကနေ မခံချိမခံသာလည်း ဖြစ်နေပုံရသည်။

တကယ်တော့ သန္တာတို့က အသွားသူဇာ သဘောတူတာလောက်ပဲ သိတာ။

သူမကိုယ်တိုင် စက်ဝိုင်းအပေါ် နှစ်နှစ်ကာကာ ချစ်မြတ်နိုး ပျော်ဝင်နေခဲ့ပြီဆိုတာ မရိပ်မိသေးပါ။

ဝတ်မှုံရဲ့ ခြေဖျားလက်ဖျားတို့ဟာ အလိုလိုအေးစက်ထုံကျဉ်နေသည်။ စိတ်တွေဘာကြောင့် ဒီလောက် လှုပ်ရှားနေရသလဲမသိပါဘူး။



တအောင့်မျှ ထပ်စောင့်ပြီးလျှင်။

"ဟဲ့. . . ဟဲ့. . . စက်ဝိုင်းကား စက်ဝိုင်းကား ဝင်လာပြီနော်၊ မပြောမရှိနဲ့ နင်ပေါ်တင်ရင်ဆိုင်မှာလား ကြည့်ရုံပဲလှမ်းကြည့်မှာလား"

ဝတ်မှုံလှမ်းကြည့်လျှင် အမှန်တကယ်ပင် မိုးကုတ်စက်ဝိုင်းက ပရာဒိုကိုမောင်းပြီး သူ့နံဘေးမှာ မိန်းကလေးငယ်ငယ်ချောချောလေးတစ်ယောက် လိုက်ပါလာတာ မြင်ရသည်။

အခုတော့ မျက်ဝါးထင်ထင်တွေ့ရပြီ။

ဝတ်မှုံသည် ဒေါသဖြစ်ဖြစ်နှင့် ခါးကလေးထောက်ကာ ရပ်ကြည့်နေမိသည်။

သူတို့က မလှမ်းမကမ်းလေးက ဝတ်မှုံကိုပင် မတွေ့ကြ။

သူတို့ဘာသာမိုးမမြင် လေမမြင်ပျော်ရွှင် ကြည်နူးလာပုံပင်။

ဝယ်လာဟန်တူတဲ့ စားသောက်စရာအထုပ်အပိုးတို့ကို

www.burmeseclassic.com

www.burmeseclassic.com



စက်ဝိုင်းက ကောင်မလေးကိုပင် ပေးမသယ်ဘဲ သူ့ဟာသူပင် မနိုင်မနင်းသယ်သည်။

ဒီတော့ ကောင်မလေးက ဘာတွေရယ်မော သဘောကျ တွန်းထိုးသလဲမသိ။

ခိုးခိုးခစ်ခစ် ရယ်သံနှင့်အတူ စက်ဝိုင်းရဲ့ဘောင်ဘီ ခါးပတ်ထဲ လက်ချောင်းလေးထိုးထည့်၍ ဆွဲထားသည်။

အင်္ကျီကို ဘောင်းဘီထဲ ထည့်ဝတ်ကာ ခါးပတ်ပတ်ထားတဲ့ စက်ဝိုင်းသဏ္ဍာန်ကလည်း ကြည်နူးရွှင်ပြနေတာ အသိသာကြီးပင်။

ယောက်ျားတစ်ယောက်ရဲ့ခါးကို အတင်းဆွဲကာ ချွဲနွဲ့ကာလိုက်သွားပုံလေး ကြည့်ရတာ တကယ်ပဲ ချစ်သူအဆင့်ပင်ကမှ ကရဲ့လားတွေးချင်စရာ။

သန္တာပြောတာ လုံးဝမမှား။

တရင်းတနှီး လက်ပွန်းတတီးရှိလှပုံက မျက်စိပင်နောက်စရာ ကောင်းလှသည်။

ဝတ်မှုံသည် ထိုမြင်ကွင်းကို မှင်သက်ကာ တအံ့တဩ



ငိုက်ကြည့်နေမိသည်။

ဘာမှလည်း မလှုပ်ရှားမိ။

ရင်ထဲမှာတော့ ပေါက်ကွဲတော့မလို နာကျင်ပြင်းပြပြီး အသက်ရှူ မြန်ဆန်လာသည်။

ကြည့်စမ်းပါဦး သင်းက. . . သင်းက. . .

ဟင်. . . ရှင်တော့လား. . .

တွေ့ကြသေးတာပေါ့ ဦးမိုးကုပ်စက်ဝိုင်းရယ်။

ဒီလိုတပတ်ရိုက် အကောက်ကြံလို့ ရစတမ်းလား။

"ဟဲ့. . . ဝတ်မှုံ. . . ဘယ်လဲ"

"ငါ သွားရှင်းမယ်"

"ဟောတော့. . . ဘုရားရေ. . ."

ငိုသံပါနှင့် ဗလုံးဗထွေးပြောကာ ဟိုနှစ်ယောက် တက်သွားတဲ့ လှေကားရင်းဆီ တဟုန်ထိုးလိုက်သွားတဲ့ အမရာ ဝတ်မှုံကို သန္တာက ချက်ချင်းမတားဆီးနိုင်ပဲ ကြောင်နန ရပ်ကြည့်နေမိ၏။

ရှေ့မှစုံတွဲက လျှင်မြန်စွာ ပြေးတက်သွားကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုံလည်း ဘာမှမစဉ်းစားပဲ သူတို့ခြေသံ နားစွင့်ရင်း
ကားသို့ မောဟိုက်ပင်ပန်းစွာ တက်လာသည်။

ကိုယ့်ဘာသာကိုယ် မထိန်းလိုက်နိုင်မှာ မျက်ရည်တို့
ဝတ်မှုံပါးပြင်ပေါ်စီးကျလျက် အံကိုကင်းတင်း ကြိတ်ထ
မိသည်။

"ပြန်လာကြပြီလား"

မရှေ့ချိုးပြီး မင်းထယ်မနေလင်းက ဆံပင်တွေ ရေသ
လက်စနှင့် စက်ဝိုင်းတို့ကို တံခါးဖွင့်ပေး လိုက်တာဖြစ်သည်။

"ရေလှိုင်းရော ဘယ်မလဲ။ ရေလှိုင်းကို ထမင်းပွဲပြင်
ခွာ။ ဗိုက်ဆာပြီ"

ပါလာတဲ့ အထုပ်အပိုးတွေချဖို့ စက်ဝိုင်းနှင့်ရှုပါ
ထမင်းစားပွဲရှိရာ နောက်ဖက်ထဲဝင်သွားသည်။

"ဒေါက်. . . ဒေါက်. . ."

ထိုစဉ်မှာပင် တံခါးခေါက်သံ ခပ်ကြမ်းကြမ်းက ထပ
ပေါ်ထွက်လာပါသည်။

မင်းထယ်နေလင်းက ကွာတားဘောင်းဘီ စွပ်ကျ



လက်ပြတ်နှင့် ဆံပင်တွေ ရေသုတ်နေရာက တံခါးကို ထပ်ဖွင့်
ရပြန်သည်။

"ဟာ. . . "

မျက်ရည်လည်ရွဲနှင့် ဒေါသတကြီး လှမ်းဝင်လာတဲ့
အမရာဝတ်မှုံကို ပြုန်းခနဲရင်ဆိုင်ရလျှင် မနေလင်း ခေါင်းနပန်း
ကြီးသွားရသည်။

ဝတ်မှုံက ဘာမပြောညာမပြောနှင့် သူရင်ဘတ်ကို
တဘုန်းဘုန်းထုရိုက်ပြီး ဝိုန်းဒိုင်းကြဲပစ်လိုက်၏။

"ဝတ်မှုံ"

နေလင်းမှာ မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ဘာကစ၍
ဖြေရှင်းရမှန်းမသိ။

"ရှင်. . . ရှင်. . . လူယုတ်မာ. . . မိုက်ရိုင်း စော်ကား
တဲ့လူ သစ္စာမရှိတဲ့လူ. . . ။ ရှင့်ကို ဝတ်မှုံမုန်းတယ်။ အရှမ်း
မုန်းတယ်သိလား. . . "

"ဟာ. . . ဟာ. . . မဟုတ်ဘူးဝတ်မှုံ ခဏလေး
ခဏလေး ဒေါသ မကြီးပါနဲ့ ကျွန်တော်ရှင်းပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမရှင်းပြနဲ့ နားမထောင်ချင်ဘူး ကျွန်မကိုယ်ကို မြင်တာ ရှင်ဘာညာချင်သေးလဲ ရှင်ကတိတ်တိတ်ပုန်း မိန်း ယူထားပြီး သူတော်ကောင်းယောင်ဆောင် နေတာပေါ့ ဟုတ်လား လူလိမ်၊ လူညာ အောက်တန်းကျတဲ့လူ အဆ အတန်း မရှိတဲ့လူ ဒါကိုများ ကျွန်မကို ချစ်တယ်တဲ့ လာ. . . လာ. . . ချည်သေး။ ကဲ အဲ့ဒါ ချစ်ဦး. . . ချစ်ဦး. . ."

"အာ. . . ဝတ်မှုံရယ်. . . ဖြေးဖြေး ပြောပါကွာ. . ."

နေလင်းက သူမလက်တွေဆုပ်ထားပေမယ့်မရ။

ဝတ်မှုံက ငိုလည်းငို နှုတ်ကလည်း တရစပ် စကားနာတိုး။ လက်ကလည်း မကျေမချမ်းထုရိုက်ကုတ် စသဖြင့် ပြောင်းဆန်နေပြီး နေလင်းရဲ့တောင်းပန် တိုးလျှိုး ဝုန်းဒိုင်းကြဲနေတဲ့ အသံတွေကြားမှာ ပျောက်နေရပါသည်။ ဆူညံသံတို့ကို တိုးမဖောက်နိုင်။

နေလင်းသည် ဝတ်မှုံကို ကုလားထိုင်ဆီ ဖွတ်ဆွဲ လာရ၏။

ပြီးလျှင် သူမပခုံးလေးကို အတင်းအကျပ် ဖိကိုင်



အက်တီမှာ ကိုင်စေသည်။

ဝတ်မှုံက သူ့အကျီရင်ဘတ်ကို ဆွဲထားရာမှ မလွှတ် ပေ။ အင်မတန် ဒေါသကြီးတဲ့ မိန်းကလေး။

အခြေအနေ မဟုန်မှန်းသိတာကြောင့် စက်ပိုင်းနှင့် ရှုပါက ဧည့်ခန်းသို့ ပြေးထွက်လာကြပါသည်။

သူဝင်မရှင်းလို့မရတော့ဘူး ဆိုတာ စက်ပိုင်းသိသည်။

"ဝတ်မှုံ. . . ဝတ်မှုံ. . . နေပါဦး ငါကဒီမှာပါ ငါက စက်ပိုင်းပါဟာ. . "

ကောင်မလေးကို လက်ဆွဲခေါ်လျှက် နောက်ပ စက်ပိုင်းတစ်ယောက် သူမမျက်စိရှေ့မှောက် ဖြုန်းစားပြီး ရောက်လာလျှင် ဝတ်မှုံ အငိုရပ်ကာ အံ့ဩမှင်သက်တိတ်ဆိတ် ကာ ငြိမ်ကျသွားရပါသည်။

ဘုရားရေ။

တကယ်ပဲ စက်ပိုင်းနှစ်ယောက်။

တရုပ်တည်း၊ တစ်ပုံစံတည်း၊ မျက်နှာချင်းကလည်း ခွဲမရအောင် ချွတ်စွပ်တူနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဖက်လှည့်ကြည့် . . ။ ညာဖက် လှည့်ကြည့်နှင့် ဝတ်မှုံ မယုံနိုင် . . . ။ မျက်ရည်တွေကို ကပျာကယာ မွတ်သုတ်မိသည်။

"ရှင် . . . ရှင်တို့က အမှာ . . . အမှာတွေလား"

သူမအသံက တုန်ခတ်တိုးပျော့သွားရ၏။

မျက်လုံးဝိုင်းလေးကလည်း အဖြေရှာသလိုတအံ့တသြ စက်ဝိုင်းနှင့် ရှုပါက ဆက်တိုက်မှာဝင်ထိုင်လိုက်ကြသည်။

အခုတော့ လေးယောက်အတူ မျက်နှာချင်းဆိုင် ဆုံတွေ့မိကြလေပြီ။

ဝတ်မှုံသည် ခွပ်ကျယ်နှင့် အိပ်နေရင်းကွာတား ဘောင်းဘီနှင့် သူမထုရိုက်မိတဲ့ စက်ဝိုင်းဖက်ကို လှည့်ကြည့်မိလျှင် သူမအပေါ် နွေးထွေးကြင်နာ သဘောကောင်းစွာနစ်ဝင် ချစ်မြတ်နိုးသူ ဖြစ်ကြောင်း ခွဲခြားသိမြင်သွားရပါပြီ။

စေ့စပ်လက်စွပ် အပ်နှံထားတဲ့ စိန်ရွှေရတနာဆိုင်ကို အတူသွားကြတုန်းက သူ့ကို မျက်မှန်နှင့် ကောင်လေးတစ်ယောက်က



"ဟော့ကောင် နေလင်း"ဟု နှုတ်ဆက်လိုက်တဲ့အခါ သူမျက်နှာပျက်ပြီး အိုးတို့အမ်းတမ်းနှင့် ကျွန်တော့်နံမည် စက်ဝိုင်းပါဟု မလုံမလဲ ပြန်ဖြေလိုက်တာကို သူမ ခုမှဇေ့စေ့ ပြန်တွေးကြည့်မိသည်။

သူက "နေလင်း လား . . ."

အခုတလော "နေလင်း"ဆိုတဲ့ အမည်နာမဟာ သူမကို တော်တော် မျက်လှည့်ပြနိုင်သည်ပဲ။

"ဖြူ . . . စိတ်မဆိုးပါနဲ့ ကျွန်တော် စက်ဝိုင်းမဟုတ်တဲ့ အတွက် စေ့စပ်ဖို့ အခြေအနေအရ နောက်ဆုတ်ရတာပါ။ ဒါပေမယ့် ဖြူကို အမှုရာဝတ်မှုံကို ကျွန်တော်အရမ်း ချစ်ပါတယ်ဗျာ။ ညာတာ မဟုတ်ပါဘူး"

နေလင်းသည် မရှက်စတမ်းကြိုတင်ဖွင့်ဟ ကြေညာလိုက်ပါသည်။

"ရှင် . . . ရှင်က . . . ကိုနေလင်း"

"ဟုတ်ပါတယ် . . . နေလင်းပါ . . . ဖုန်းမှားဆက်မိရင်း ခင်သွားတဲ့ မန္တလေးသား မင်းထယ်နေလင်းက ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ပါဝဲ"

"ရှင်နဲ့ စက်ဝိုင်းက အမြွှာညီအစ်ကိုတွေလား"

ဝတ်မှုံက သိချင်တာကို မေးလိုက်သည်။

"မဟုတ်ပါဘူး"

ထိုအဖြေကြောင့် ပိုအံ့သြမိသည်။

"ကဲ. . . ဒါဆိုရင် ရှင်းစမ်းပါဦး စက်ဝိုင်းက ဘာကြောင့် လူစားထိုးပြီး သူ့ကို ကျွန်မတို့အိမ်ကို လွှတ်ရတာလဲ။ ရှင့်ကိုယ်ရှင် ရုပ်ရှင်ရိုက်နေတယ်ထင်လို့လား. . .။ သူကရော ဘယ်သူလဲ. . .။ ရှင်နဲ့ ဘယ်လိုပတ်သက်လဲ. . .။"

ဝတ်မှုံခပ်တင်းတင်း မေးခွန်းထုတ်လျှင် စက်ဝိုင်းခေါင်းကို ခပ်ဖွဖွကုတ်မိကာ ဖြေရကျပ်သွားရသည်။

"နေလင်းကို မေးတာလား နေလင်းကသူငယ်ချင်းပါ"

"သူကရော"

ဝတ်မှုံက စက်ဝိုင်းနား ထိုင်နေတဲ့ရှုပါကျော်ကို မေးဆတ်ပြလိုက်၏။

စက်ဝိုင်းက အားတုန့်အားနာဖြင့်



"ငါ့ချစ်သူပါ"

"ချစ်သူ"

ဝတ်မှုံက နှုတ်ခမ်းလေးမဲ့လျှက် သံယောင်လိုက်ရေရွတ်သည်။

"အို. . . မောင်ကလည်း အမှန်အတိုင်း ပြောပြမှ ကောင်းမှာပေါ့။ ရှုပါတို့ လက်ထပ်ထားတာ အသိပေးလိုက်ပါ။ ခဏာညီမလေး လက်ထပ်စာချုပ်ပါ ယူပြမယ်နော်"

ရှုပါကျော်သည် မိုးကုတ်စက်ဝိုင်းနှင့် သက်ဆိုင်သူ အမှန်အကန်ဖြစ်ကြောင်း မဏ္ဍုပ်တိုင်တက်ကာ အခန်းထဲက စာချုပ်ပါ သွားယူသည်။

စက်ဝိုင်းက အပြစ်ရှိသူပီပီ မျက်နှာငယ်နှင့် ခေါင်းငုံ့ထားသည်။

ဝတ်မှုံသည် ချက်ချင်းလက်ငင်း သူမတွေ့ကြုံသိမြင်ရတဲ့ အရာတွေဟာ အံ့သြစရာတွေ ချည်းပဲမို့ စိတ်လှုပ်ရှားစွာ မှင်သက်နေမိသည်။

အံ့သွားသဘောတူတဲ့ မိုးကုပ်စက်ဝိုင်းဆိုတဲ့ သူဟာ

www.burmeseclassic.com

www.burmeseclassic.com



တိဘ်တခိတ် မိန်းမပင် ယူထားနှင့်ပြီ။

ဒါကို လိမ်ညာဖုံးကွယ်ဝှက်ပြီး သူမနင့်သာ ခစ္စစပ် လက်ထပ်ဖို့ ကြိုးစားလျှင် မတွေးရဲစရာပေါ့။

"ဝတ်မှုံ စက်ဂိုင်းက တမင်တကာ ဒီလိုဖန်တီးတာတော့ မဟုတ်ပါဘူး. . .။ ရှုပါကျော်နဲ့ မတော်တဆ. . ."

နေလင်းအသံခပ်တိုးတိုးနှင့် ဘေးကဝင်ရှင်းပြလျှင်

"စက်ဝိုင်း ကိုယ်တိုင်ပြောပါစေ ရှင်ဝင်မပါနဲ့"

"ဟုတ်ပါတယ် ငါ့အဖြစ်ပါ နင့်မကျေနပ်ရင် ကြိုက် သလို အဖြစ်ပေးပါဝတ်မှုံ လောလောဆယ် ငါလည်းဘာမှ မကြံဘတ်တာနဲ့ အဘွားနန်းစိတ်ချမ်းသာအောင် နေလင်းကို ခဏ လွှတ်လိုက်တာပါ"

"ရှင်က ဘာကြောင့် ပေါ်မလာရတာလဲ"

စက်ဝိုင်း မဖြေမီ

"ရှုပါက မလွှတ်တာပါ ဝတ်မှုံ ကိုယ့်ခင်ပွန်း ယောကျ်ားကို ဘယ်လိုနည်းနဲ့မှ စိတ်ချလက်ချ အိမ်ပြန်ခွင့် မပေးနိုင်တာ ဝတ်မှုံလည်း နားလည်မှာပါ။ ဒါဟာ ဝတ်မှုံအတွက်လည်း ပိုပြီး



သိက္ခာရှိနိုင်ပါတယ်"

ရှုပါကျော်က ဝတ်မှုံမေးခွန်းကို ဖြေလည်းဖြေ လက်ထပ် စာချုပ်ကိုလည်း ခပ်အေးအေးပဲ ဖွင့်ပြလိုက်ပါသည်။

စက်ဂိုင်းကလည်း ကောင်းဂန်ကိုကျိုးကာ သူ့အပြစ်ကို ဝန်ခံသည်။ အခြေအနေ အကြောင်းရင်းခံတွေကို ပွင့်ပွင့် လင်းလင်း ဖွင့်ပြောပြသည်။

ရေလှိုင်းကလည်း အအေးဖန်ခွက်တို့ လင်ဗန်းနှင့် သယ်လာကာ ညှော်ဝတ်မြုရင်း သူလည်း ဝင်ရောက်ရှင်းပြသည်။

နေလင်းမှာ အပြစ်မရှိကြောင်း။ သူတို့ဝိုင်းဝန်း တိုက်တွန်းမိကြောင်း။ နေလင်းရဲ့ "ဖြူ" ဖြစ်နေတဲ့ အတွက် လည်း အံ့ဩဝမ်းသာမိကြောင်း နေလင်းအပေါ် ခွင့်လွှတ် ပေးစေ လိုကြောင်း။

အဘွားကို အသိမပေးရဲတဲ့ အတွက်သာ ခေတ္တခဏ လူစားထိုးဖို့ အကူအညီ တောင်းခံခြင်းဖြစ်ကြောင်း။ နေလင်း ကလည်း ဘာရည်ရွယ်ချက်မှမပါကြောင်း။ ဘာအခွင့်အရေးမှ ယူဖို့မဟုတ်ကြောင်း။ ကူညီပေးရုံ သက်သက်သာဖြစ်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



တွေ့စက အမြွှာညီအစ်ကို ဖြစ်မလား တင်ကြောင်း။ ခင်မင်မှုနှင့် သံယောဇဉ်ကြောင့်သာ စက်ဝိုင်း ဟန်ဆောင် ပေးရကြောင်း။ သူ့အနေနှင့် လိမ်ညာလှည့်ဖျား ဟန်မဆောင်လို ကြောင်း။ ဝတ်မှုံအပေါ် သဘောရိုးနှင့် စိတ်ပင်စား မြတ်နိုးစွဲမက်နေကြောင်း စသဖြင့် လေးယောက်သား ရင်ထဲရှိတာတွေ ပွင့်ပွင့်လင်းလင်းနှင့် အချီအချ ဆွေးနွေးဖြစ် ပြောဖြစ်တဲ့အခါ ဝတ်မှုံလည်း ဇာတ်ရည်လည်သွားရပါသည်။

"နင့်ကို တစ်ခုတောင်းဆိုချင်တယ် ဝတ်မှုံ ငါရှုပါကို လက်ထပ်ယူထားတယ်တော့ အဘွားကို အသိမပေးပါနဲ့ဦး ငါ့မှာ ချစ်သူရှိနေလို့ ဒီကိစ္စတွေ မဖြစ်နိုင်တော့ဘူးဆိုတာ လောက်ပဲ အသိပေးပါ။ နောက်မှ နင့်အနေနဲ့ စက်ဝိုင်းနဲ့ အမြွှာလိုတူတဲ့ နေလင်းကို နင်တွေ့ထားပြီဆိုတာ တဖြေးဖြေးပြောပြရင် ဖြစ်လာနိုင်မယ်ထင်ပါတယ်။"

"အဲ့ဒါက ဘာလို့ ပြောရမှာလဲ . . .။ မပြောပါဘူး"

ဝတ်မှုံက ရှက်ရက်နှင့် ခေါင်းယမ်းသည်။

"ဝတ်မှုံ . . . ဒီပြဿနာတွေထဲမှာ ကျွန်တော်တို့



နှစ်ယောက်ရဲ့ အချစ်တွေကို မစတေးပရစေနဲ့၊ ကျွန်တော့် ခင်ဗျားကို 'ဖြူ' အနေနဲ့ သိရကတည်းက စိတ်ဝင်စားခဲ့တာပါ"

"အို . . . အရေးထဲမှာ ရှင်ဘာတွေ လာပြောနေတာလဲ ကိုနေလင်းရဲ့"

သူမမျက်နှာနီနီလေးနှင့် ပိတ်ဟောက်လျှင် အားလုံး ရယ်လိုက်မိကြသည်။

သူတို့ အုပ်စုလေးမှာ တင်းမာနေသော အခြေအနေတွေ တစထက်တစ လျော့ပါးလာကာ ပြေလည်ငြိမ်းချမ်းမှုတွေ ပိုမိုရလာခဲ့ပါသည်။

ဝတ်မှုံသည် နေလင်းဘက် မသိမသာ မျက်စောင်းလေး လှည့်ရွယ်မိတာ အကြိမ်ကြိမ်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

ဧည့်ခန်းလေးရဲ့ ဆက်တိုတဝိုင်းစာမှာ လူစုံတက်စုံ အားလုံး ရှိနေကြသည်။

အဘွားနန်း၊ အဘွားသူဇာ ကြီးမေဒေါ်ကြည်၊ မိုးကုတ် စက်ဝိုင်း၊ မင်းထယ်နေလင်း၊ အမရာဝတ်မှုပြီးတော့ ဟိုဖက် စောင့်ခွန်းလေးမှာ ရှုပါခဲ့ကျ၁။

မိသားစု စကားဝိုင်းထဲ မိုးကုပ်စက်ဝိုင်းရဲ့ ဇနီးလောင်း လျာအဖြစ် ရှုပါ ပါတက်ရောက်ရပေမယ့် မျက်နှာလေးတော့ ခပ်ပူပူ။



ပေါင့်အဘွားနှင့် မိသားစုကို တကယ်တမ်းဆုံတွေ့ ရတော့ ရှုပါကြောက်လည်း ကြောက်နေမိသည်။

အဘွားနန်းက ပထမတော့ အဝိုင်းကို အတော်ဆူပူ ဖြစ်တင်အည်။

ဒီလိုတွေ လုပ်ရမလားဟု။

သို့သော် မင်းထယ်နေလင်းကို အတွေ့မှာတော့ ဒါလည်း သူ့မြေးပဲဟု ထင်သည်။

"မင်းတို့ အမြွာညီအစ်ကို မဟုတ်ပဲတော့ ဘယ်နည်းနဲ့ မှ ဒီလောက် ချွတ်စွပ်မတူနိုင်ဘူး။ လင်းထွင့်ဆီလည်း E-mail ပို့တယ် သေချာမေးကြည့်တယ်"

"ဒက်ဒီက ဘာတဲ့လဲအဘွား မာမီအမြွာပူးမွေးတာလို့ ပြောလား"

မိုးကုပ် စက်ဝိုင်းက သိချင်ဇောနှင့် ကောက်ကာငင် ကာချက်ချင်းထမေးသည်။

အဘွားက ခေါင်းယမ်းသည်။

"ဒါဆို ကျွန်တော်တို့ နှစ်ယောက်ဘာမှ မဆော်ဘူး

www.burmeseclassic.com

www.burmeseclassic.com



လား"

"မြေးကိုမွေးတာ မြေးအမေ ဝေဝေလွင်မဟုတ်ဘူးတဲ့"

"ဗျာ"

"ငါ့ကို အခုမှ အမှန်အတိုင်း ဖွင့်ပြောတယ်လေ။ လင်းထွန်းတင် ဘယ်လောက်ဆိုးတဲ့သားလဲ ဆိုတာကြည့်။ ဝေဝေလွင်က နဂိုကတည်းက နှလုံးရောဂါသည်မို့လို့ ကလေး မယူပါနဲ့တားတာ မရဘူး ရအောင်ကိုယ်ဝန် ဆောင်တယ်။ ပြီးတော့ ဗိုက်ခုနစ်လနဲ့ မန္တလေးကို ခေါ်သွားတယ်။ ဟိုမှာယူ မွေးတယ်။ ငါတို့လိုက်လာမှာ စိုးလို့ ကလေးမွေးတာ ချက်ချင်း အကြောင်းမကြားဘူး။ ငါတို့မှာ စိတ်ပူလိုက်ရတာ လင်းထွန်းက သူ့အကြံနဲ့သူလေ။ မန္တလေးမှာ သူ့မိန်းမနောက်တစ်ယောက် ရှိသေးတာကိုး။ တီးဝိုင်းနဲ့ သီချင်းတွေဘာတွေ လိုက်ဆိုတဲ့ မိန်းမ ခေတ်ဆန်ဆန်ဆိုရှယ် ကျကျပဲတဲ့။ နံမည်က လှိုင်စန္ဒာတဲ့ အဲ့ဒါ မြေးအမေပဲတဲ့ အဝိုင်းရဲ့ ဝေဝေလွင်က မွေးတဲ့ကလေးကတော့ ပေါင်မပြည့် လမစေ့နဲ့ အသက်ပါမလာဘူးတဲ့လေ"

"ဘုရား ဘုရား ဖြစ်မှဖြစ်ရလေ အမေနန်း"



ကြီးမေလည်း အခုမှ တအံ့တဩ။

စက်ဝိုင်းမှာတော့ စကားပင်ပြန်မပြောနိုင်။

ဒီအသက်အရွယ် ဒီအချိန်ရောက်မှပဲ သူ့အမေရင်းက ဆုံးသွားတဲ့ မာမီမဟုတ်ပဲ တစ်ခြား အမျိုးသမီးတစ်ယောက် ဆိုတာ သိရတဲ့အဖြစ်။

"အဲ့ဒါနဲ့ လှိုင်စန္ဒာရဲ့ ကလေးကို ဝေဝေလွင်မွေးတဲ့ သားလေးဆိုပြီး ရန်ကုန်ကို ခေါ်လာခဲ့တာ။ ငါတို့မှာတော့ ဝေဝေလွင့်သားပဲ မှတ်ကြတာပေါ့။ မြေးကတော့ မြေးအရင်းပါ။ ဝေဝေလွင်လည်း နှုတ်လုံလိုက်တာအေ။ သေတဲ့အထိ တစ်ခွန်းမှ ဟမသွားဘူး။ အံ့ရော။

"အဲ့ဒီ ဒေါ်လှိုင်စန္ဒာဆိုတာကရော အမေနန်း အခု ဘယ်မှာတဲ့လဲ"

စက်ဝိုင်းလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားရပါသည်။ ထိုမေးခွန်းပဲ သူမေးချင်တာ။

"ဒေါ်လှိုင်စန္ဒာဆိုတာ ကျွန်တော့် အမေအရင်းပါ အဘွား အမေမရှိတော့ပါဘူး။ စက်ဝိုင်းရဲ့ အမေဟုတ်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကတော့ ကျွန်တော် မပြောတတ်ဘူး။ အမေကလည်း အဆိုတော်ပဲ"

မင်းထယ်နေလင်း စကားကြောင့် ပိုပြီး မျက်လုံးဝိုင်း သွားကြ၏။

"ဟဲ့. . . ဒါဖြင့် ဟုတ်နေပြီပေါ့။ မင်းအမေက သာ အမွှာမွေးတာပဲ ဖြစ်မှာပေါ့။ သူတစ်ယောက်ယူထားပြီး ကျန်ပ ကလေးတစ်ယောက် သူ့အဖေလင်းထွင့်ကို ပေးလိုက်တာပဲ နေမှာ သေချာပါတယ်"

အဘွားသူဇာရဲ့ ချက်ကျလက်ကျ မှတ်ချက်စကားပင် မဆုံးသေး ဖုန်းမြည်သံက ထွက်ပေါ်လာသည်။

စက်ဝိုင်းက ဧည့်ခန်းကဖုန်းကို သူနှင့်အနီးဆုံး ဖြစ်နေ၍ ကောက်ကိုင် နားထောင်လိုက်ပါသည်။

ဆက်တဲ့သူက ရေလှိုင်း။

"နေလင်းအဖေ လေးဇော်ရောက်နေတယ်။ သူ့မှာ အရေးတကြီး ပြောစရာတွေရှိလို့ မင်းအိမ်လာခဲ့မယ်တဲ့ စက်ဝိုင်း ငါလေးဇော်ကို အခုပဲ လိုက်ပို့ပေးမလို့။ မင်းအဘွားရော အိမ်မှာ



ရှိတယ်မဟုတ်လား။ ကြည့်ရတာ သတင်းထူးပါတယ်ကွ"

"ဟုတ်လား. . . အေး ကောင်းတယ် ဒါမှရှင်းရှင်းလင်းလင်း သိရမှာ နေလင်း အဖေကို ခေါ်ခဲ့ပေးကွာ. . .။ ကျေးဇူးပဲ. . .။"

x x x x x

www.burmeseclassic.com

www.burmeseclassic.com



မင်းထယ်နေလင်း၏ လက်ရှိဖခင်ဖြစ်သူ ပန်းချီဆ
ဦးဇော်မင်းထိုက် ကြွရောက်လာသော အခါမှာတော့ သူ
အားလုံးသိချင်နေကြတဲ့ ဇာတ်ကြောင်းတွေကို အထော
အသားနှင့်တကွ သိခွင့်ရသွားကြပါသည်။

မွေးစာရင်းတစ်ခု ထုတ်ပြတဲ့အထဲမှာ သားကလေ
နှစ်ဦး အမြွှာမွေးဖွားကြောင်း ဖော်ပြချက် အခိုင်အမာတွေ့
သည်။

မိုးကုပ်စက်ဝိုင်းနှင့် မင်းထယ်နေလင်းတို့ဟာ ညီအစ်
တော်စပ်ကြပါသည်။

စက်ဝိုင်းက အကြီး နေလင်းကအငယ်။

ဒါကိုဘယ်လိုသိရသလဲဆိုတော့ စစ်ကိုင်းတောင်
အငြိမ်းအပိုင် တရားအားထုတ်နေတဲ့ ဒေါ်လှိုင်စန္ဒာရဲ့အ
အဘွားအိမ်စိုးဟာ လှိုင်စန္ဒာကို သားဖွားပေးခဲ့တဲ့ သားဖွ
ဆရာမ မပြုံးနှင့်အတူ သိမ်ဇရပ်အလှူတစ်ခု ရေစက်ချ
အတွက် မန္တလေးကို ရောက်လာခိုက်မှာ အကြောင်းစုံသိခဲ့ရခြ
ဖြစ်သည်။



သားဖွားဆရာမ ဒေါ်ပြုံးက အားလုံး ပြန်ပြောပြခဲ့ခြင်း
ဖြစ်သည်။

သူတို့ရဲ့ ဘဝအစက သိပ်မချောမွေ့ခဲ့ပါ။

ဦးလင်းထွဋ်တင်သည် သူ့ဇနီးသည် ဝေဝေလွင်ဗိုက်
ထဲက ကလေးမှာ အဖတ်တင်ဖို့ မျှော်လင့်ချက်မရှိဘူးဆိုတာ
ကြိုတင်သိနေခဲ့သည်။

ဆရာဝန်တွေက သန္ဓေသားရဲ့ နှလုံးဟာ မူမမှန်
ကြောင်း သူ့ကို ပွင့်ပွင့်လင်းလင်း ပြောခဲ့ပြီးသားပင်။

ထို့ကြောင့် ဦးလင်းထွဋ်တင်က ဝေဝေကို ရန်ကုန်မှာ
ကလေးမမွေးစေပဲ မန္တလေးကို ခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်
သည်။

သူ့မှာ အကြံအစည်တစ်ခုရှိသည်။

မန္တလေးက သူ့ရဲ့တိတ်တိတ်ပုန်းဇနီး လှိုင်းစန္ဒာဟာ
ကိုယ်ဝန်နေ့စေ့လစေ့ဖြစ်နေခဲ့ပြီ။

ဒီဖက်က ဇနီးဝေဝေကလည်း သားသမီး အရူးအမူး
လိုချင်သည်။ နှလုံးရောဂါ ခံစားနေရတဲ့ကြားကပင် သက်စွန့်

www.burmeseclassic.com

www.burmeseclassic.com



ဆံဖျား ကလေးယူဖို့ ဆုံးဖြတ်ခဲ့တာ မဟုတ်လား။

ဒီတော့ ချစ်ရသနားရတဲ့ ဇနီးသယ်ဝေဝေကိုလည်း စိတ် မကောင်းမဖြစ်စေချင်။

အိမ်အပြန်မှာ အနှီးထုပ်နှင့် ကလေးလေးတစ်ယောက် ပိုက်ပြီးတော့သာ ပြန်စေချင်မိသည်။

ဒီဖက်က လှိုင်စန္ဒာကိုတော့ သူက သိပ်သဘော မတွေ့။ ပေါ့ရှပ်ရှပ်နှင့် မိခင်ပီသမှာမဟုတ်ဘူးဟု ထင်သည်။

လှိုင်စန္ဒာဟာ ပိုက်တကားကားနှင့်ပင် အိမ်ကပ်လှသူ မဟုတ်ပေ။

ဦးလင်းထွန်းတင်ကလည်း အပျော်အပါးရှာရင်းက မတော်တဆ ငြိစွန်းခဲ့တာမို့ ကလေးကို ခေါ်ယူဖို့ နဂိုကပင် စဉ်းစားဆုံးဖြတ်ပြီးသား။

သူ့ကလေး သူ့သွေးသားတို လှိုင်စန္ဒာလို မိန်းမဆီမှာ ဘယ်နည်းနှင့်မှ မထားနိုင်။ မပေးနိုင်။ သူပဲခေါ်ယူစောင့်ရှောက် ချင်သည်။

ဝေဝေသာ မွေးဖွားခဲ့တယ်ဆိုရင် ဘွားအေကလည်း



ချစ်လိုက်မယ့်ဖြစ်ခြင်း။

တစ်ချက်ခုတ်။ နှစ်ချက်ပြတ်။

လှိုင်စန္ဒာနှင့်လည်း နောက်ပိုင်းထပ်မံပတ်သက် နေစရာမလို လင်းထွန်းရဲ့ သဘောထားကို သိရချိန်မှာ လှိုင်းရင်နာ ဝမ်းနည်းမဆုံးခံစားရသည်။

သူဟာ လှိုင်းကလေးကို ရက်ရက်စက်စက်နှင့် မိခင် ထံမှ ခေါ်ယူသွားမည့်သူ။ နို့ချိုပင် ကောင်းကောင်းမတိုက်ကျွေး ရပဲ ရင်ကဖြစ်သော ရင်သွေးကို အဝေးကြီးခေါ်သွားမတဲ့လေ။

ဘယ်လို မိခင်က ရင်ကွဲပက်လက်မကြေကွဲပဲ နေမည် နည်း သူ့ဖက်ကသာ သူစဉ်းစားတဲ့ တကိုယ်ကောင်းဆန်ဆန် ယောကျ်ား။

ကလေးရရင်တော့ သူအသိအမှတ်ပြုကောင်းရဲ့ဟု လှိုင်းမျှော်လင့်ခဲ့ဖူးသည်။ အခုတော့ မျှော်လင့်ချက်ကလေး ရေစုန်မျောရောပေါ့။

လင်းထွန်း ဇနီးရဲ့ကလေးကလည်း အဖတ်မတင်။

သို့သော် ကံကကောင်းချင်တော့ ဘုရားတန်ခိုးကော

www.burmeseclassic.com

www.burmeseclassic.com



နှင့် လှိုင်မျှော်လင့်ပဲ သားအမွှာလေးနှစ်ဦး ဖွားမြင်ခဲ့ပါသည်။

နှစ်ဦးစလုံး ဖြူဖြူဖွေးဖွေး ဖွံ့ဖွံ့ထွားထွားကြီးတွေ။

သားနှစ်ယောက်လုံး ကိုယ်အလေးချိန် ခြောက်ပေါင်ကျော်သည်။ ကျန်းမာသန်စွမ်းသည်။

တကယ့်ကို ဘုရားပေးတဲ့ဆုလဒ်ပင်။

မျက်နှာလေးဆင်တူ နှစ်ခုကိုကြည့်ပြီး လှိုင်းမျက်တောင်ပင်မခတ်နိုင်အောင် ကြည်နူးဝမ်းသာမိသည်။

ဘယ်သူ့ကို ရွေးချယ်ပြီး ကိုယ့်ဆီချန်ထားရမလဲပင် ဆုံးဖြတ်၍မရ။

မပြုံးကို အမွှာမွေးကြောင်း ဘယ်သူ့ကိုမှ မပြောပါရန် ကတိတောင်းမိသည်။

လှိုင်မီးဖွားတဲ့အချိန် အမေလည်း အနားမှာမရှိ။

မနက်ဖန်မှ တရားစခန်းက ပြန်ရောက်မှာမို့ အဆင်ပြေသည်။

အမေ့ကိုလည်း ဒီကြောင်းအသိပေးလို့မဖြစ်။

သားတစ်ယောက်သာ မွေးတယ်လို့ အမေသိပစေ။



ခွင့်လွှတ်ပါအမေ။

လှိုင်းရဲ့ အပြစ်ကြောင့် သားကလေးတွေ တစ်ယောက်တစ်နေရာစီ ဝေးကွာကြမှာပါ။

လှိုင်းသည် သားအငယ်လေးကို အမေ့ထံအသာခိုးဝှက်ထားခဲ့ပြီး နို့မှုန့်ဗူးနှင့်သာ ထားလိုက်ရသည်။

လင်းထွဋ်တင်ကတော့ လှိုင်းစန္ဒာကို ရင်းနှီးလုပ်ကိုင်စားသောက်ဖို့ ငွေအမြောက်အမြား ပေးအပ်ကာ သူ၏ ရင်သွေးလေးတစ်ဦးကို ဝမ်းသာအားရ ခေါ်ဆောင်သွားခဲ့ပါသည်။

နောက်နောင် ဘယ်သောအခါမှ လာမတွေ့ရန် မနှောင့်ယှက်ရန်လည်း ကတိတောင်းသည်။

"သားကလေး"ကို ငွေနှင့်ပေါက် အနိုင်ပိုင်း ရယူသွားခဲ့သည်။

ထိုကလေးနီတျာရဲလေးကို မြင်လျှင် ကလေးမွေးထားတာမကြာသေးပဲ အနားမှာ ကလေးလည်းမရှိပဲ သားမြတ်တွေနို့ရည်နှင့်တင်းကာ မျက်ရည်ကျ ဝမ်းနည်းလိုက်နင့်နေသေး ဝေဝေလွင်က ထခုန်မတက် ဝမ်းမြောက်ပျော်ရွှင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးကို ကျွန်မတို့ မွေးစားမယ်။ ကျွန်မမွေးတဲ့ သားအရင်းပဲဖြစ်ရမယ်။ ရှင့်ကို မေးခွန်းတစ်ခုပဲ မေးမယ် မှန်မှန်ဖြေ။ ဒါရှင့်သွေးသား အရင်းအချာလား"

လင်းထွန်းတင်က ချက်ချင်းမဖြေ

"ဖြေပါကိုထွန်းရဲ့ ကျွန်မဘာမှ အပြစ်မတင်ပါဘူး။ ရှင်ဒီမှာ မိန်းကလေးတစ်ယောက်နဲ့ ငြိရှုပ်နေတာ ကျွန်မသိပြီးသားပဲပဲ။ ရှင့်သွေးသားဆိုရင် ကျွန်မတို့အတွက် ပိုကောင်းသေးတယ်။ ကျွန်မက ရှင့်ကလေးပဲ မြစ်စေချင်တာ။ အားလုံးကိုလည်း ရှင်နဲ့ ကျွန်မရဲ့ ကလေးအဖြစ်ပဲ အသိပေးမှာ ဒါကို ကျွန်မဘယ်တော့မှ ဘယ်သူ့ကိုမှ ဖွင့်ပြောမှာ မဟုတ်ဘူး။ စိတ်သာချ။ ရှင့်ကို ကျေးဇူးတင်လိုက်တာ ကိုထွန်းရယ် သိလား"

သူ့ကို ဝမ်းသာအားရ ချက်ချင်း ထိုင်ကန်တော့သဖြင့် လင်းထွန်းတင်သည် ကျေနပ်စွာ သူ့သားအရင်းဖြစ်ကြောင်း ပြောပြလိုက်သည်။

ဝေဝေလွင်က ထိုကလေးကို ကိုယ်တိုင် မမွေးရတာ တစ်ခုပါပဲ။ မိခင်နို့လည်း သားလေးကို တိုက်ခွင့်ရသည်။



ကလေးက တိုက်ဆိုင်စွာ ကံကောင်းခဲ့တာလား မဆိုနိုင်။

"တစ်ခုတော့တောင်းဆိုပါရစေ ကိုထွန်းရယ် ရှင်အဲ့ဒီ မိန်းကလေးနဲ့ ထပ်ပြီးမပတ်သက်ပါနဲ့ ငွေဘယ်လောက်ပဲ ပေးရပေးရ တစ်ခါတည်း ဇာတ်လမ်းဖြတ်ခဲ့ပါနော်။ ကျွန်မကို့ မိသားစု ဘဝလေးထိခိုက် ယိမ်းယိုင်မှာစိုးလို့ ကျွန်မတားမြစ်ရတာပါ။ ရှင်လည်း ဒါကို နားလည်မှာပါ ကိုထွန်းရယ်။"

ဝေဝေလွင်က ထိုတစ်ခုကိုသာ အလေးအနက်ထား အရေးဆိုခဲ့ပါသည်။

လင်းထွန်းတင် အနေနှင့်ကလည်း လိုင်းစန္ဒာကို ဖြတ်နိုင်ပါသည်။ တစ်ခါမှလည်း သူ့ဘဝထဲထိ ဆွဲခေါ်သွားဖို့ မစဉ်းစားခဲ့ဖူးပါ။ စိတ်ခါတ်ပြတ်သားတာကိုပဲ ကြိတ်ချီးမွမ်းမိသည်။

ဒီလိုနှင့် ရန်ကုန်ကို ပြန်လာတဲ့အခါမှာ ဦးလင်းထွန်းတင်နှင့် ဒေါ်ဝေဝေလွင်ထံမှာ သားချောလေး မိုးကုတ်စက်ဝိုင်းကို ပိုက်ပိုက်ထွေးထွေးနှင့် မျက်နှာပွင့်စွာ မင်္ဂလာရှိစွာ ပျော်ရွှင်ကြည်နူးဝမ်းမြောက်စွာ ပြန်လာနိုင်ခဲ့ကြပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

ဒီဖက်က လှိုင်တို့အနေနှင့်ကျတော့ ဖြေသိမ့်စရာ သားငယ်လေးကျန်နေခဲ့၍ အတန်အသင့် အားတင်းနိုင်ခဲ့သည်။

ဒီသားကလေးရှိနေတယ် ဆိုတာတနည်းနည်းနှင့် သူ့အဖေသိမှာစိုးရိမ်ပြီး လှိုင်းစန္ဒာတို့မိသားစုမှာလည်း အိမ်တွေ ပြောင်းကာ ခြေရာဖျောက်ခဲ့ကြသည်။

လင်းထွဋ်တင်သာသိလျှင် ဘာမှ ငဲ့ကွက်စဉ်းစားမှာ မဟုတ်ဘဲ ဒီကလေးကိုပါ သူမထံက ဖွတ်ဆွဲခေါ်သွားမှာ လှိုင်း ကောင်းစွာသိသည်။

ဒါကြောင့်လည်း တသက်လုံး သိုသိပ်စွာပဲ နေထိုင်ခဲ့သည်။



သားကလေးနှစ်လသုံးလ အရွယ်မှာပင် ဒုတိယအိမ်ထောင်ဖက်ကို လှိုင်းတွေ့ရှိခဲ့သည်။

ပန်းချီဆရာလေး ဇော်မင်းထိုက်သည် အနုပညာသမား ပီပီ အချစ်နှင့်ပဲ ဘဝကိုခံစားတည်ဆောက်ခဲ့သည်။ ကလေး အမေလေးကိုပဲ ချစ်မြတ်နိုးစွာ လက်ထပ်ခဲ့၏။

မင်းထယ်နေလင်းလေးကိုလည်း သားအရင်းတမျှ ချစ်ခင်ကြင်နာသည်။ သူ့သားကို အဖေရင်းထက်ပင် ပိုသည်းသည်းလှုပ် အလိုလိုက်သည်။

နေလင်းလေး ကြီးပြင်းလာတော့လည်း ဖွင့်မပြော. နေလင်းက သူ့အဖေအရင်းလို့သာ တစ်သက်လုံး ထင်မှတ်နေခဲ့တာ ဖြစ်သည်။

အခုအချိန်ကျမှပဲ ဒီဖက်မှာ အမြွှာအစ်ကိုသာမက ဖခင်အရင်းနှင့် အဘွားအရင်းတို့ ရှိနေသေးတာ နေလင်း သိရလေသည်။

မိုးကုပ်စက်ဝိုင်း ဖက်မှာကျတော့လည်း သူ့မိဘတွေက ဩစတြေးလျတို့ စင်ကာပူတို့မှာပင် ဆယ်နှစ်နီးပါးသွားရောက်

www.burmeseclassic.com

www.burmeseclassic.com



နေကိုင်ခဲ့သော ဒီဇက်က ဆွေမျိုးတွေနှင့်ပင် အလှမ်းကွာခဲ့ရတာ မဟုတ်လား။

မိုးကုပ်စက်ဝိုင်း လူပျိုပေါက် အရွယ်လောက်ရှိမှ ရန်ကုန်မှာ ပြန့်အခြေချဖြစ်တာ။ ဒါတောင် သူ့ဖခင်က ဒီကို တစ်နှစ်တစ်ကြိမ်လောက်သာ ပြန်တာ။ မိုးကုပ်စက်ဝိုင်းရဲ့ မာမီက နိုင်ငံရပ်ခြားမှာပင် ဆုံးပါးခဲ့တာဖြစ်သည်။

အခုတော့ဘယ်လိုပဲဖြစ်ဖြစ် သူ့မှာ ညီအရင်း တစ်ယောက် ရှိနေတဲ့အတွက် ပြောမပြတတ်အောင်ပင် အံ့သြဝမ်းသာ စိတ်ချမ်းသာမိသည်။

နေလင်းလည်း သူ့လိုပဲစိတ်လှုပ်ရှားနေသည်။

ဘာမှမပြောနိုင်ပဲ သူတို့ညီအစ်ကိုနှစ်ယောက် ကျစ်ကျစ်ပါအောင် ဖက်ထားလျှက် ကိုယ်စီမျက်ရည်ကျမိကြသည်။

တစ်အိမ်သားလုံးလည်း စိတ်လှုပ်ရှား ပျော်ရွှင်မိကြသည်။ ထိုအကြောင်းတွေ ပြောလို့မဝနိုင်။

ပြီးလျှင် အပေါ်ထပ်က ကွန်ပျူတာရှေ့ပြေးကာ အွန်



လိုင်းမှတစ်ဆင့် စင်ကာပူက ဖခင်ဖြစ်သူထံ ဆက်သွယ်ကြသည်။

အင်တာနက်ကနေ Web ကင်မရာဖြင့် ဖခင်ဖြစ်သူရဲ့ ပုံရိပ်ကို နေလင်းမြင်ခွင့်ရသည်။

သူ့ဘဝဟာ အိပ်မက်မက်နေသလိုပင်။

ဦးလင်းထွဋ်တင်သည်လည်း သူ၏ အမြွှာသားငယ်လေးကို အခုမှ မြင်တွေ့ခွင့် စကားပြောခွင့်ရသဖြင့် မယုံနိုင်အောင်စိတ်ထဲ နင့်နင့်ကြီးခံစားရသည်။

တစ်သက်လုံး ဝေးကွာနေတဲ့သား။

ဒါတွေဟာ သူ့မိုက်ပစ်တွေကြောင့်ပင်။

မင်းထယ်နေလင်းဟာ သူ့သားဆိုပေမယ့် သူတောင်းပန်ရပါဦးမည်။

"ဒက်ဒီ သိပ်ပျော်တယ်ကွာ။ ဒက်ဒီအရမ်းခံစားရတယ်။ မြန်မာပြည်ကို အမြန်ဆုံးပြန်လာခဲ့မယ်။

"သားကို့ကြိုနေမယ် ဒက်ဒီ"

ထိုနေ့က မင်းထယ်နေလင်းကို အဘွားနန်းစ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ခွင့် မပေးတော့ပဲ မြေးနှစ်ယောက်လုံးကို ဖက်ထား သည်။

ဒီအရွယ်ကြီးရောက်မှ မြင်တွေ့ခွင့်ရတဲ့ မြေးအငယ် ကောင်းကို ပိုသည်းသည်းလှုပ်နေသည်။

ဘွားသူဇာကလည်း ဘွားနန်းမြေးပဲမို့ နေလင်းနှင့် ဝတ်မှုံတို့ကို သဘောတူလိုက်သည်။

နေလင်းသည် ထိုနေ့က ဘဝမှာ ပီတိအဖြစ်ရဆုံးပါပဲ။

သူကိုယ်တိုင် ရေးဆွဲထားတဲ့ ဝတ်မှုံရဲ့ ပုံဘူပန်းချီကား ချပ်ကိုလည်း မိသားစုအားလုံးရှေ့မှာ လက်ဆောင်ပေးရင်း လက်ထပ်ခွင့်ပါ တောင်းခဲ့လေသည်။

× × × × ×

တစ်ခုသော ညချမ်းကလေးမှာ ခြံထဲက မြက်ခင်းပြင် ပေါ်၌ စည်ကားလှပသော မင်္ဂလာပွဲလေးတစ်ခုကို ဆင်ယင် ကျင်းပ ဆင်နွှဲခဲ့ကြလေသည်။

မင်္ဂလာစင်မြင့်လေးကို မိုးပျံပူပေါင်းတွေနှင့် အမိုး အပြည့်လုပ်ကာ ပန်းကုံးကြီးတစ်လက်လက်တို့နှင့် ရှုမငြီးစဖွယ် ယှက်သိုင်း အလှဆင်ထားသည်မှာ မြင်သူတကာ ငေးမောရ သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဆုလေးနှယ်

(ရန်ကုန်တက္ကသိုလ်)

သတို့သား နေရာမှန်



www.burmeseclassic.com